ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်၊ သောကြာနေ့၊ (22-1-2016) (၈၄၅၃)

## အေးစေ မြစေ မေတ္တာရေ

- နှစ်ရှာတစ်ရှာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး။
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး။
- အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး။
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး။
- မေတ္တာရနံ့၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နှယ်မဆုံး။
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး။
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှုံ့မမုန်း။
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း။
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်

# ဗုဒ္ဓကျမ်းစာများထားရှိမည့် အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ဗုဒ္ဓစာကြည့်တိုက် နေပြည်တော်တွင် တည်ဆောက်မည်

**နေပြည်တော် ဇန်နဝါရီ ၂၁**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် သတ္တဌာန သာသနာ့နယ်မြေ၌ တည်ဆောက်မည့် အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ဗုဒ္ဓစာကြည့်တိုက် ရတနာပန္နက်တော်တင်၊ တွင်းတော်ဝန်း မဟာမင်္ဂလာအခမ်းအနားနှင့် အလှူတော်ငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် အဆိုပါသာသနာ့နယ်မြေ၌ ကျင်းပရာ နေပြည်တော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တပညာသာမိအမှူးပြုသော ဆရာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အခမ်းအနားတွင် ဧည့်ပရိသတ်များက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဒွိပိဋကဓရ မဟာဝိသုဒ္ဓါရုံ(ပါဠိတက္ကသိုလ်) ရွှေကျင်တိုက်သစ် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တသိရီကဍ္ဍနာဘိဝံသထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ပရိတ်တရားတော်ရွတ်ပွားမှုကို နာယူကြကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်တွင်းပြည်ပ ကုမ္ပဏီများနှင့် စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ဗုဒ္ဓစာကြည့်တိုက်အတွက် အလှူငွေများကို ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန်၊ ညီနိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်နှင့် ပြည်ထောင်စုဝန်ကြီးများက လက်ခံကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❁



နေပြည်တော် ပုပ္ပသီရိမြို့နယ် သတ္တဌာန သာသနာ့နယ်မြေ၌တည်ဆောက်မည့် အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ဗုဒ္ဓစာကြည့်တိုက်ပုံစံငယ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

# ရန်ကုန် - မန္တလေးအမြန်လမ်းပေါ်တွင် တစ်ဖက်တစ်လမ်းမှ ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိသည့် အကျိုးပြု ပရဟိတလူမှုအဖွဲ့အစည်းများ

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးထက် တောင်ငူမြို့အထွက်တွင် အိမ်စီးမော်တော်ယာဉ်ငယ်တစ်စီး မောင်းနှင်လာစဉ် မမျှော်လင့်ဘဲ တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ကားသွားကားလာရှင်းနေသည်မို့ ဒဏ်ရာများနှင့်လူငယ်မှာ ကူကယ်ရာမဲ့ ဒုက္ခရောက်နေရှာသည်။ ထိုစဉ်အခိုက်မှာပင် အရေးပေါ်မီးတန်းများ ဆင်မြန်းထားသည့် ဆလွန်းကားတစ်စီးထိုးဆိုက်လာပြီး ဒဏ်ရာရလူငယ်ကို သယ်ဆောင်ကာ တောင်ငူပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကူညီပေးခဲ့၍ အမြန်လမ်းပေါ်တွင် အသက်တစ်ချောင်း ဖိတ်စဉ်ကွယ်ပျောက်ရမည့်ဘေးမှ ကင်းဝေးသွားခဲ့ရသည်။

အရေးပေါ်မီးတန်းများကို ဆင်မြန်းထားသည့် အရေးပေါ်ဆလွန်းကားက "သက်တော်စောင့်" ပရဟိတအဖွဲ့ပိုင်ကားဖြစ်သည်။

ထိုအဖွဲ့က အမြန်လမ်းပေါ်ရှိ ယာဉ်မတော်တဆဖြစ်မှုများသာမက ခရီးသွားများ၏မော်တော်ယာဉ်များ ဘီးပေါက်ရာတွင်လည်း သွားရောက်ကူညီသည်။ ယာဉ်အန္တရာယ်မဖြစ်စေရေးအတွက် အမြန်လမ်းမပေါ်ရှိ ခွေးသေများကို မရှုံ့မရှာ သွားရောက်ဖယ်ရှားပေးသည်။

သက်တော်စောင့်အဖွဲ့ဟုဆိုသော်လည်း အမှန်စင်စစ် သက်တော်စောင့်က တစ်ဦးတည်းသာဖြစ်ပြီး မိသားစုများက ၎င်း၏ပရဟိတလုပ်ငန်းကို ဝိုင်းဝန်းပံ့ပိုးကူညီပေးကြခြင်းဖြစ်သည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

ခေတ်မီ၊ လှပ၊ စတိုင်ကျတဲ့ SMART စမတ် ရိုလာ ခြင်ဇကာ ကို တပ်ဆင်ပါ။



✔ ခြင်ဇကာကို မလိုအပ်ချိန်တွင် ဘောင်ထဲသို့ လိပ်သိမ်းထားနိုင်၍ မြင်ကွင်းရှင်းသည်။
✔ သံချေးတက်ခြင်း၊ ဆွေးမြေ့ခြင်း မရှိသော ဖိုင်ဘာဂလတ်(စ်) ခြင်ဇကာသား

ရန်ကုန် - 01 450 962
09 431 44178
09 79222 8860

မန္တလေး - 09 250 638 611
09 798 797 917

ပြတင်း/တံခါး ဆိုဒ်မျိုးစုံတွင် တပ်ဆင်ပေးနိုင်သည်။

အလူမီနီယမ်နှင့် U-PVC တပ်ဆင်ရေးလုပ်ငန်းရှင်များ လက်ကားဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ကားမှန် မှန်စပေါ့ နှင့် အက်ကြောင်းရှည် များကို အပိုင်၊ အပီ ဆေးထိုးပေးတဲ့ မှန်ဒေါက်တာ

| ရန်ကုန် | မန္တလေး |
|---|---|
| 09 4211 51119 | 09 250 638 611 |
| 09 4500 54449 | 09 798 797 917 |

နဂါးနီ ဘရိတ်ဓါးဆူးကြိုးတပ်ဆင် ဖြန့်ချိရေး

| အမျိုးအစား | အခွေလွတ် (၁၂-ကလစ်) | တပ်ဆင်ပြီးဈေး |
|---|---|---|
| ဂါဗာနိုက် | ၆၀၀၀ ကျပ် | ၁၀၀၀၀ ကျပ် |
| ဝတီး | ၁၀၀၀၀ ကျပ် | ၁၅၀၀၀ ကျပ် |

တပ်ဆင်ပြီးဈေး = တိုင်၊ တန်း၊ ပစ္စည်းစုံ။ တပ်ဆင်ခနှင့် သယ်ယူစရိတ်အားလုံး ပါဝင်ပြီးဖြစ်သည်။

အမျိုးအစားအလိုက် ဈေးနှုန်းမှန်ဖြင့် စနစ်တကျ တပ်ဆင်ပေးသည်။

Ph : 01 541 018, 09 79 656 9001, 09 79 656 9002

## ပြည်တွင်းရေးရာ

**ဗုဒ္ဓကျမ်းစာများမှ**

ဆက်လက်၍ ကမ္ဘာ့ဗုဒ္ဓစာကြည့်တိုက် ရတနာပန္နက်တော်တင်နှင့် တွင်းတော်ဝန်း မဟာမင်္ဂလာအခမ်းအနားကိုကျင်းပရာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဦးခင်မောင်စိုး၊ ဦးဇေယျာအောင်၊ ဦးဝင်းမြင့်၊ နေပြည်တော်ကောင်စီဝင် ဦးသန်းဌေး၊ ဦးသက်နိုင်ဝင်းနှင့် ဦးခင်ရီတို့က ရတနာပန္နက်တော်ဌာန အသီးသီးတွင် ပန္နက်တော်များ စိုက်ထူတွင်းတော်ဝန်းကြပြီး ပရိတ်နံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များ ဦးဆောင်၍ အောင်ဂါထာတော်များကို ရွတ်ဆိုပူဇော်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုတည်ဆောက်မည့် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓစာကြည့်တိုက်သည် အလျားနှင့် အနံ ၂၉၆ ပေ ၃ လက်မစီဖြင့် နှစ်ထပ်အဆောက်အအုံဖြစ်ပြီး အပြင်ဘက်မှကြည့်လျှင် ခုနစ်ထပ်ရှိသည့် ပုံသဏ္ဌာန်ဖြစ်အောင် ဖန်တီးထားသည်။ ယင်းအဆောက်အအုံကို မြန်မာဟိုက်လန်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး စာကြည့်တိုက်ဆောင်၊ ဓာတ်တော်များထားမည့်အဆောင်နှင့် စီမံခန့်ခွဲမှုများပြုလုပ်မည့် ရုံးခန်းများပါဝင်မည်ဖြစ်သည်။

လက်ရှိအချိန်တွင် ဗုဒ္ဓဘာသာနှင့်ပတ်သက်၍ သုတေသနပြုလေ့လာလိုပါက တစ်ကမ္ဘာလုံးရှိ ပညာရှင်များက ဘာသာပေါင်းစုံနှင့်ရေးသားထားသော ဗုဒ္ဓကျမ်းဂန်များရှိရာ အောက်စဖို့ဒ်တက္ကသိုလ် စာကြည့်တိုက်သို့ သွားရောက်လေ့လာနေကြရသည်။

"အောက်စဖို့ဒ်တက္ကသိုလ်ကို သွားရောက်လေ့လာနေကြရတဲ့ အနေအထားကနေ ဗုဒ္ဓဘာသာနဲ့ပတ်သက်ရင် မြန်မာနိုင်ငံကိုလာပြီးတော့ လေ့လာရမယ့် အခြေအနေမျိုးဖြစ်အောင် ဆောင်ရွက်ခြင်းဖြစ်တယ်။ ဒီစာကြည့်တိုက်ကြီး အောင်မြင်ရင် မြန်မာနိုင်ငံ၊ မြန်မာဗုဒ္ဓဘာသာနဲ့ စာကြည့်တိုက်တည်ရှိရာ နေပြည်တော်ကြီးဟာ တကယ်အရေးပါတဲ့ နေရာဖြစ်လာမှာမလွဲပါဘူး"ဟု ဗုဒ္ဓစာကြည့်တိုက် တည်ဆောက်ရေးအတွက် ဦးဆောင်နေသည့် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓတက္ကသိုလ်များအသင်း၏ အတွင်းရေးမှူးချုပ် အောက်စဖို့ဒ်တက္ကသိုလ်၏ ကထိကပါမောက္ခ ဒေါက်တာ ဘဒ္ဒန္တဓမ္မသာမိက မိန့်ကြားသည်။



ကမ္ဘာ့ဗုဒ္ဓစာကြည့်တိုက်ဆောက်လုပ်ရန် ရတနာပန္နက်တော် စိုက်ထူစဉ်။ (သတင်းစဉ်)

အဆိုပါစာကြည့်တိုက်တည်ဆောက်ရန် ငွေကျပ်သိန်းပေါင်း နှစ်သောင်းငါးထောင်ကုန်ကျနိုင်ကြောင်း ခန့်မှန်းထားပြီး လက်ရှိတွင် အလှူငွေကျပ် သိန်းပေါင်း နှစ်သောင်းတစ်ထောင်ကျော် ရရှိနေပြီဖြစ်သည်။

"ဗုဒ္ဓဘာသာကျမ်းစာတွေအားလုံးကို ဒီမှာထားဖို့ ရွေးချယ်ရတာကတော့ မြန်မာနိုင်ငံမှာဆို လုံခြုံတယ်။ စေတနာသဒ္ဓါတရားထက်သန်တဲ့ အလှူရှင်တွေလည်း များတယ်။ အဲဒါကြောင့် ဒီနေရာကို ရွေးချယ်ရတာဖြစ်တယ်။ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓတက္ကသိုလ်တွေရဲ့ အတွင်းရေးမှူးချုပ်ဖြစ်တဲ့အတွက် ကမ္ဘာတစ်ဝန်းက အဆက်အသွယ်နဲ့ ဒီစာကြည့်တိုက်ကို ဗုဒ္ဓဘာသာကျမ်းစာတွေရောက်အောင် ဆောင်ရွက်သွားမှာဖြစ်သလို နိုင်ငံတကာဗုဒ္ဓဘာသာ စာကြည့်တိုက် ပညာရှင်တွေလည်း ဒီမှာလာပြီးပူးပေါင်းဆောင်ရွက်နိုင်အောင် စီစဉ်ပေးဖို့ရှိပါတယ်"ဟု ဆရာတော်က ဆက်လက်မိန့်ကြားသည်။

ထို့ပြင် ဆရာတော်က "အောက်စဖို့ဒ်တက္ကသိုလ် စာကြည့်တိုက်မှာ ဗုဒ္ဓဘာသာနဲ့ ပတ်သက်ရင် မြန်မာဘာသာနဲ့ရေးထားတဲ့ ဗုဒ္ဓဘာသာစာအုပ်တွေတင်မကဘူး တရုတ်၊ သီရိလင်္ကာ၊ ထိုင်း၊ တိဘက်၊ ကိုရီးယား၊ ဂျပန်စတဲ့ဘာသာတွေအပြင် တခြားဘာသာနဲ့ရေးထားတဲ့ စာအုပ်တွေ အကုန်ရှိတာတွေ့ရတယ်။ တစ်ကမ္ဘာလုံးက ပညာရှင်တွေ သူတို့ဆီကိုလာပြီးလေ့လာရတယ်။ အဲဒါကြောင့် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာ စာကြည့်တိုက် ဆောက်ချင်ခဲ့တယ်။ အဲဒီစာကြည့်တိုက်မှာ မြန်မာပြည်မှာရှိတဲ့ ဗုဒ္ဓကျမ်းဂန်ပေစာတွေအပြင် ဘာသာစကားပေါင်းစုံနဲ့ ရေးထားတဲ့ ဗုဒ္ဓကျမ်းစာမှန်သမျှကို ထားဖို့ရည်ရွယ်တယ်"ဟု မိန့်သည်။

အဆိုပါစာကြည့်တိုက်ပြီးစီးသွားပါက ဗုဒ္ဓဥယျာဉ်ကို ဆက်လက်တည်ဆောက်သွားရန်ရှိပြီး ၎င်းဥယျာဉ်နှင့် စပ်လျဉ်း၍ ဆရာတော်က "မြတ်စွာဘုရားနဲ့ပတ်သက်တဲ့ သစ်ပင် ၁၂၀၀ ကျော်ရှိပါတယ်။ စာကြည့်တိုက် တည်ထောင်ပြီးပြီဆိုရင် ဒီဝန်းကျင်မှာ အဲဒီသစ်ပင် ၁၂၀၀ ကျော်နဲ့ ဗုဒ္ဓဥယျာဉ် ဖန်တီးဖို့ရှိပါတယ်။ ဒီဥယျာဉ်ထဲမှာ မြတ်စွာဘုရားနဲ့ပတ်သက်တဲ့ သစ်ပင်တွေကိုကြည့်ရင်းနဲ့ သစ်ပင်နားမှာရေးထားတဲ့ ပိဋကတ်သုံးပုံထဲက အကျဉ်းချုပ်တရားတွေကို တွေ့ရမှာဖြစ်ပါတယ်။ အဲဒီဥယျာဉ်ကို တစ်ပတ်ပတ်လိုက်တာနဲ့ ပိဋကတ်သုံးပုံအနှစ်ချုပ်ကို ရသွားမှာဖြစ်ပါတယ်"ဟု မိန့်ကြားသည်။

**(သတင်းစဉ်)**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမူန် အလှူငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

## သစ်သီးဝလံအခြေခံစားသောက်ကုန်လုပ်ငန်း သင်တန်းဖွင့်

**ဆားလင်းကြီး ဇန်နဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် ရွာသာကျေးရွာ၌ စစ်ကိုင်းတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ကြီးမှူးကျင်းပသော သစ်သီးဝလံ အခြေခံစားသောက်ကုန်လုပ်ငန်းနှင့် လူသုံးကုန်ထုတ်လုပ်မှုလုပ်ငန်းသင်တန်းကို ဇန်နဝါရီ ၁၈ ရက်က ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြင့်နိုင်က အမှာစကားပြောကြားရာတွင် ဒေသခံပြည်သူလူထုများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာစေရေးနှင့် အသေးစားအိမ်တွင်းမှုလုပ်ငန်းများ တိုးတက်လာစေရေးအတွက် ယခုကဲ့သို့ သင်တန်းများ ဖွင့်လှစ်ရခြင်း ဖြစ်ကြောင်းနှင့် သင်တန်းမှ ပို့ချပေးသော ပညာရပ်များဖြင့် မိမိတို့၏ ဒေသအကျိုး တိုးတက် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ဒုတိယညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်မှ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သင်တန်းသားများ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၁၈ ရက်မှ ၂၅ ရက်အထိ ဖြစ်ကြောင်း သိရသည်။

**အောင်သီဟ(ဆားလင်းကြီး)**

## ၂၀၁၃ ခုနှစ် စာပေဗိမာန်စာမူဆုရ စာအုပ်သစ်များ ဖြန့်ချိရောင်းချပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၀**

၂၀၁၃ ခုနှစ် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဆုရရှိခဲ့သော စာမူများကို စာအုပ်အဖြစ် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ထုတ်ဝေဖြန့်ချိရောင်းချပေးလျက်ရှိသည်။

အဆိုပါစာအုပ်များမှာ သုတပဒေသာ(ဝိဇ္ဇာပညာရပ်) ပထမဆုရ ယဉ်ယဉ်မွန်(ရွှေဟောင်းသုတေသန)၏ **"ဘုရင့်နောင်မင်းတရားကြီးနှင့် ကမ္ဘောဇသာဒီလက်ရာမွန်"** (ရောင်းဈေး ၆၀၀ ကျပ်)၊ ကဗျာပေါင်းချုပ် ဒုတိယဆုရ မောင်ကြည်နွယ်(ပင်လယ်ဘူး)၏ **"မူးမြစ်အင်းကော လယ်တော်ယာရိပ်ကဗျာများ"** (ရောင်းဈေး ၁၀၀၀ ကျပ်)၊ ကဗျာပေါင်းချုပ် တတိယဆုရ မင်းသွေးနွယ်(ဇီးကုန်း)၏ **"အလှရပ်ဝန်း အောင်မြေကွန်းကဗျာစု"** (ရောင်းဈေး ကျပ် ၈၀၀) တို့ဖြစ်သည်။

အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၆၇-၄၁၄၆၈၁၊ (၈၆) လမ်း၊ (၂၁) လမ်းနှင့် (၂၂) လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၂-၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် (၅၂၉-၅၃၁)ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ တို့သို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**



## ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား IBA ဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၀**

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား The International Bar Association (IBA)၏ ဥက္ကဋ္ဌ Mr. David W Rivkin နှင့်အဖွဲ့သည် ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းတွင် အဆိုပါရုံး၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဥပဒေပညာရှင်များနှင့် ရှေ့နေရှေ့ရပ်များက ဥပဒေပညာ တိုးတက်ရေးနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံပွဲမတိုင်မီ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ မဟာဗျူဟာစီမံကိန်း ငါးနှစ်အစီအစဉ်ကို ၂၀၁၅ ခုနှစ် မေ ၂၉ ရက်တွင် စီမံကိန်း စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး နောင်လာမည့် လေးနှစ်အတွက် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအတွက် ဒုတိယအကြိမ် စီမံကိန်းအစီအစဉ်များ ဆွေးနွေးပွဲကို မြေညီထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ယင်းဆွေးနွေးပွဲသို့ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ပအဖွဲ့အစည်းများဖြစ်သည့် UNDP, IBA, JICA, ICJ, OHCHR,ADB, ALLEN& OVERY, WORLD BANK, USAID နှင့် UNICEF စသည့် အဖွဲ့များမှ ဥပဒေပညာရှင်များ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နီပေါ၌ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှု ဖြေရှင်းမည့်ဆွေးနွေးပွဲ မအောင်မြင်




**ခတ္တမန္ဒူ ဇန်နဝါရီ ၂၁**

ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် ပတ်သက်၍ ဖြစ်ပေါ်နေသည့် အငြင်းပွားမှုကို ဖြေရှင်းနိုင်ရန် ရည်ရွယ်လျက် နီပေါအစိုးရအဖွဲ့နှင့် တိုင်းရင်းသားလူနည်းစု အုပ်စုများအကြား ဆွေးနွေးပွဲမှာ အောင်မြင်မှုမရသဖြင့် ဆန္ဒပြမှုများ အဆုံးသတ်ရန် မျှော်လင့်ချက် မှေးမှိန်ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

နီပေါနိုင်ငံ တာရေးဒေသ၌ ဩဂုတ်လ နောက်ပိုင်းက အစိုးရဆန့်ကျင်ရေး ဆန္ဒပြမှုများကြောင့် လူပေါင်း ၅၀ ကျော် သေဆုံးခဲ့ရပြီဖြစ်သည်။ တာရေးဒေသသည် နီပေါနိုင်ငံတောင်ပိုင်းရှိ အိန္ဒိယနိုင်ငံနှင့် ထိစပ်နေသော ကျဉ်းမြောင်းသည့် လွင်ပြင်ဒေသတစ်ခု ဖြစ်သည်။

ကုန်းတွင်းပိတ် နီပေါနိုင်ငံသည် အိန္ဒိယနိုင်ငံမှ စက်သုံးဆီ တင်ပို့မှုအပေါ် မှီခိုအားထားနေရပြီး နယ်စပ်ဒေသ၌ ကာလရှည်ဆန္ဒပြနေမှုများကြောင့် ကုန်တင်ကားကြီးများ နယ်စပ်ဖြတ်ကျော်ရန် အခက်အခဲ ဖြစ်ပေါ်နေရပြီး နီပေါနိုင်ငံ၌ စက်သုံးဆီ ရှားပါးပြတ်လပ်မှုပြဿနာ ဆိုးရွားစွာ ကြုံတွေ့ရသည်။

တာရေးဒေသ၌ နေထိုင်ကြသော မာဒက်စီ တိုင်းရင်းသားမျိုးနွယ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ကန့်ကွက်ခဲ့ကြရာမှ ဆန္ဒပြလျက်ရှိကြသည်။ နီပေါနိုင်ငံ၌ ရာစုနှစ်ပေါင်းများစွာကြာ ကာလရှည်ကြာခဲ့သော ဘုရင်စနစ်ကို ဖျက်သိမ်းခဲ့ပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ပြဋ္ဌာန်းခဲ့သည်။

ပါလီမန်နှင့် အစိုးရအဖွဲ့အစည်းတို့၌ မာဒက်စီ တိုင်းရင်းသားတို့ ကိုယ်စားပြု ပါဝင်နိုင်မှု အလွန်နည်းပါးသည်ဟုဆိုကာ ၎င်းတို့က ဆန္ဒပြလျက်ရှိကြသည်။

**ရိုက်တာ။**

❖

# အိန္ဒိယနိုင်ငံ၏ အကြီးမားဆုံးလေယာဉ်တင်သင်္ဘော သီရိလင်္ကာနိုင်ငံသို့ ဆိုက်ရောက်



**ကိုလံဘို ဇန်နဝါရီ ၂၁**

အိန္ဒိယနိုင်ငံ၏ အကြီးမားဆုံးလေယာဉ်တင်သင်္ဘော INS Vikramaditya သည် သုံးရက်ကြာ ခရီးစဉ်တစ်ခုအဖြစ် ဇန်နဝါရီ ၂၁ ရက်က သီရိလင်္ကာနိုင်ငံ ကိုလံဘိုဆိပ်ကမ်းတွင် ဆိုက်ကပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါလေယာဉ်တင်သင်္ဘောနှင့်အတူ ဖျက်သင်္ဘောတစ်စင်းဖြစ်သော INSMysore က အတူလိုက်ပါလာသည်။ လေယာဉ်တင်သင်္ဘော INS Vikramaditya ကိုလံဘိုသို့ သွားရောက်လည်ပတ်မှုမှာ လွန်ခဲ့သောနှစ်နှစ်က အိန္ဒိယနိုင်ငံသို့ရောက်ရှိလာပြီးနောက် ပထမဆုံးသောပင်လယ်ရပ်ခြားဆိပ်ကမ်းဆိုက်ကပ်မှုဖြစ်ပြီး နှစ်နိုင်ငံကြား နီးကပ်သော ပင်လယ်ရေကြောင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် အပြန်အလှန်ယုံကြည်မှုကို ပြသခြင်းဖြစ်ကြောင်း ကိုလံဘိုရှိ အိန္ဒိယမဟာမင်းကြီးရုံးက ထုတ်ပြန်ချက်တစ်ခု၌ ပြောကြားသည်။

လေယာဉ်တင်သင်္ဘော INS Vikramaditya မှာ အိန္ဒိယရေတပ်က အသုံးပြုနေသည့် အကြီးမားဆုံးနှင့်အသစ်လွင်ဆုံး လေယာဉ်တင်သင်္ဘောနှစ်စင်းအနက်တစ်စင်းဖြစ်ပြီး ပြီးပြည့်စုံသောလက်နက်များနှင့် အာရုံခံကိရိယာများ တပ်ဆင်ထားသည်။ ကိုလံဘို၌ရှိနေစဉ်အတွင်း နှစ်နိုင်ငံရေတပ်များကြား ဆက်ဆံရေးနှင့် အပြန်အလှန်နားလည်မှုကိုရည်ရွယ်ကာ အားကစားပြိုင်ပွဲများနှင့် လူမှုဆက်ဆံရေးမြှင့်တင်သည့်အစီအစဉ်များကျင်းပရန်လည်း စီစဉ်ထားသည်။ ကိုလံဘိုမှ ထွက်ခွာလာစဉ် အဆိုပါလေယာဉ်တင်သင်္ဘောသည် သီရိလင်္ကာရေတပ်နှင့်အတူ ဖြတ်သန်းသွားလာရေးလေ့ကျင့်မှုတစ်ရပ်တွင် ပါဝင်မည်ဖြစ်သည်။

**ဆင်ဟွာ။**

# ပါကစ္စတန်တက္ကသိုလ်စီးနင်းတိုက်ခိုက်မှု သေဆုံးသူများအတွက် ဆုတောင်းပွဲကျင်းပ

**အစ္စလာမ္မာဘတ် ဇန်နဝါရီ ၂၁**

ဇန်နဝါရီ ၂၁ ရက်က ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခိုင်ဘာပထန်ကာဝါပြည်နယ် ချာဆက်ဒါမြို့ရှိ ဘာချာခန်းတက္ကသိုလ်ကို ပါကစ္စတန်တာလီဘန် စစ်သွေးကြွများစီးနင်းတိုက်ခိုက်မှုကြောင့် သေဆုံးသူများအတွက် ကျောင်းသားများအပါအဝင် ပြည်သူများက ဝမ်းနည်းပူဆွေးသည့်အနေဖြင့် အစ္စလာမ္မာဘတ်မြို့တွင် ယနေ့ ဆုတောင်းပွဲပြုလုပ်ခဲ့ကြောင်း ဒေသန္တရသတင်းများအရသိရသည်။

အဆိုပါ ဆုတောင်းပွဲအခမ်းအနားသို့ ကျောင်းသား ၃၀၀ ကျော် တက်ရောက်ဆုတောင်းခဲ့ကြသည်။

အသက်ဆုံးရှုံးသွားသော ကျောင်းသားများ၏မိခင်များအတွက် ထပ်တူထပ်မျှ ဝမ်းနည်းကြောင်း အခမ်းအနားတက်ရောက်သူ ၁၈ နှစ် အရွယ်ကျောင်းသူတစ်ဦးက ဆိုသည်။

အဆိုပါတက္ကသိုလ် စီးနင်းတိုက်ခိုက်ခံရမှုနှင့်ပတ်သက်ပြီး သေဆုံးသွားသော ကျောင်းသားများ အပါအဝင် ကျောင်းဝန်ထမ်းများအတွက် ဝမ်းနည်းကြေကွဲရပါကြောင်း ငြိမ်းချမ်းရေး နိုဘယ်ဆုရှင် မာလာလာယူဆွတ်ဇိုင်းက ယင်း၏ အွန်လိုင်းစာမျက်နှာတွင် ရေးသားထားသည်။ အကြမ်းဖက်လုပ်ရပ်များကို အစဉ်အမြဲဆန့်ကျင်ရန်နှင့် အသက်၊စည်းစိမ်ကို ကာကွယ်ရန်နှင့် ပညာသင်ကြားရေးအတွက် သွေးစည်းညီညွတ်ကြရန် ပြည်သူများကိုလည်း တိုက်တွန်းပြောကြားထားကြောင်း သိရသည်။

၂၀၁၂ ခုနှစ်တွင် မာလာလာသည် နိုင်ငံအတွင်း အမျိုးသမီးများပညာသင်ကြားမှုအတွက် တက်ကြွလှုပ်ရှားခဲ့သဖြင့် ပါကစ္စတန် တာလီဘန်များ၏ လုပ်ကြံသတ်ဖြတ်မှုကိုခံခဲ့ရပြီး နောက်ပိုင်းတွင် ဆေးကုသမှုခံယူပြီးနောက် ပြန်လည်အသက်ရှင်ခဲ့ သူဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**



# အနောက်ဘက်ကမ်းရှိ နယ်မြေတစ်ခုကို အစ္စရေးသိမ်းယူရန်စီစဉ်မှု ဘန်ကီမွန်းစိုးရိမ်

**ကုလသမဂ္ဂ ဇန်နဝါရီ ၂၁**

အသိမ်းပိုက်ခံ အနောက်ဘက်ကမ်းဒေသရှိ နယ်မြေတစ်ခုကို အစ္စရေးအစိုးရက သိမ်းယူရန်စီစဉ်ထားသည်ဆိုသော သတင်းနှင့်ပတ်သက်၍ မိမိအလွန်အမင်းစိုးရိမ်ပူပန်မိကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ဇန်နဝါရီ ၂၀ ရက်တွင် ပြောကြားလိုက်သည်။

ပါလက်စတိုင်းတို့ နေထိုင်ရာ မြို့ကြီးတစ်မြို့ဖြစ်သော ဂျယ်ရီကိုမြို့တောင်ဘက်ရှိ စိုက်ပျိုးရေးလုပ်ကိုင်နိုင်သော နယ်မြေတစ်ခုကို အစ္စရေးအစိုးရက သိမ်းယူရန် စီစဉ်ထားသည်ဟု သတင်းများပေါ်ထွက်ခဲ့သည်။

လွန်ခဲ့သည့် နှစ်အနည်းငယ်က ရဟူဒီအခြေစိုက်နေထိုင်သူများက ရယူခဲ့သောနယ်မြေအတွင်း တစ်စိတ်တစ်ဒေသပါဝင်သည့် နယ်မြေကို အစ္စရေးက နိုင်ငံပိုင်မြေအဖြစ်လာမည့် ရက်သတ္တပတ်များအတွင်း သိမ်းယူမည်ဟု သတင်းပေါ်ထွက်ခဲ့သည်။

သိမ်းယူမည့်နယ်မြေမှာ ဂျော်ဒန်တောင်ကြားဒေသ၌ တည်ရှိပြီး အကျယ်အဝန်း ၁၅၄ ဟက်တာ(ဧက ၃၈၀) ရှိသည်။

၂၀၁၄ ခုနှစ် ဩဂုတ်လနောက်ပိုင်း အနောက်ဘက်ကမ်းဒေသ၌ အစ္စရေးက အကြီးကျယ်ဆုံးမြေသိမ်းမှုဖြစ်စဉ်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

**ဆင်ဟွာ။**

❋

# ကလေးသူငယ်မှောင်ခိုသယ်ဆောင်သည့်ဂိုဏ်း တရုတ်ရဲတပ်ဖွဲ့ ဖြိုခွင်းနိုင်

**ပေကျင်း ဇန်နဝါရီ ၂၁**

တရုတ်နိုင်ငံ၌ ကလေးသူငယ်များအား မှောင်ခိုသယ်ဆောင်ကာ ရောင်းချသည့် ဂိုဏ်းတစ်ဂိုဏ်းကို ရဲတပ်ဖွဲ့က ဖြိုခွင်းလိုက်ကြောင်း နိုင်ငံပိုင် ဆင်ဟွာ သတင်းဌာနက ဇန်နဝါရီ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ကလေးသူငယ်များအား မှောင်ခိုသယ်ဆောင်ရောင်းချနေသည့်ဂိုဏ်းဝင်များအဖြစ် မသင်္ကာရသူ ၇၈ ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ပြီး ကလေးသူငယ် ၁၅ ဦးကို ကယ်တင်ပေးနိုင်ခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

တရုတ်နိုင်ငံအနောက်တောင်ပိုင်းဝေးလံသီခေါင်သောဒေသမှ ကလေးသူငယ်များကို ယင်းဒေသမှ ကီလိုမီတာ ၂၀၀၀ (၁၂၄၅ မိုင်) ကွာဝေးသော ပင်လယ်ကမ်းရိုးတန်းဒေသရှိ မြို့ကြီးများသို့ သယ်ဆောင်ကာ ရောင်းချနေသည့်ဂိုဏ်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဆီချွမ်ပြည်နယ် လျန်ရှန်းတောင်ပေါ်မြို့ငယ်နှင့် ရှန်တုန်ပြည်နယ် လင်ယီမြို့ကြီးအကြား မကြာခဏ ခေါက်တုံ့လူးလာ ခရီးသွားလေ့ရှိသူ ဇနီးမောင်နှံနှစ်ဦးကို မသင်္ကာသဖြင့် စုံစမ်းဖော်ထုတ်ရာမှ ကလေးမှောင်ခိုသယ်ဆောင်သောဂိုဏ်းကို ဖော်ထုတ်နိုင်ခြင်းဖြစ်သည်။

**ဆင်ဟွာ။**

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဒုတိယအကြိမ်လွှတ်တော်ပုံမှန်အစည်းအဝေးများသို့ တက်ရောက်မည့် လွှတ်တော်ကိုယ်စားလှယ်များအတွက် တည်းခိုရေးနှင့် နေရာချထားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်



**နေပြည်တော် ဇန်နဝါရီ ၂၁**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဧည့်ရိပ်သာ(၂)၌ ကျင်းပသည့် ဒုတိယအကြိမ်လွှတ်တော်ပုံမှန်အစည်းအဝေးများသို့ တက်ရောက်မည့် လွှတ်တော်ကိုယ်စားလှယ်များအတွက် တည်းခိုရေးနှင့် နေရာချထားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ရှေးဦးစွာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဧည့်ရိပ်သာတာဝန်ခံက ဒုတိယအကြိမ်လွှတ်တော်ပုံမှန်အစည်းအဝေးများသို့ တက်ရောက်မည့် လွှတ်တော်ကိုယ်စားလှယ်များအတွက် တည်းခိုရေးနှင့် နေရာချထားရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စီမံဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဒုတိယအကြိမ်လွှတ်တော်အစည်းအဝေးများ ခေါ်ယူကျင်းပခြင်းနှင့် လုပ်ဆောင်ရမည့် လုပ်ငန်းအစီအစဉ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် တည်ဆဲဥပဒေ၊ နည်းဥပဒေများအရ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ဒုတိယအကြိမ်လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာမည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များအတွက် တည်းခိုနေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ သွားလာရေး၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် စီစဉ်ဆောင်ရွက်ပေးကြသည့် တာဝန်ရှိသူများကို ကျေးဇူးတင်ရှိကြောင်းပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုလွှတ်တော်နာယက က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် ဌာနဆိုင်ရာများမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကသည် တည်းခိုဆောင်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှုအား လိုက်လံကြည့်ရှုသည်။

**(သတင်းစဉ်)**

## (၂၀၁၅-၂၀၁၆) ပညာသင်နှစ်တွင် စာမေးပွဲဖြေဆိုမည့်ကျောင်းသား ကျောင်းသူများအတွက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကျောင်းသုံးစာရေးကိရိယာများထောက်ပံ့လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၂၁**

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းသည် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် နေပြည်တော်အတွင်းရှိ ဒက္ခိဏသီရိခရိုင်မှ ကျောင်း ၁၃ ကျောင်းနှင့် ဥတ္တရသီရိခရိုင်မှ ၁၀ ကျောင်း စုစုပေါင်း ၂၃ ကျောင်းတွင် စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ အသုံးပြုရန် စုစုပေါင်းငွေကျပ် ၂၁၃၃၈၄၀ တန်ဖိုးရှိ ကျောင်းသုံးစာရေးကိရိယာများကို ဇန်နဝါရီ ၂၁ ရက်တွင် သက်ဆိုင်ရာခရိုင်အလိုက် ကျောင်းများသို့ သွားရောက်လှူဒါန်းခဲ့သည်။

ထိုသို့လှူဒါန်းစဉ် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက ဒေါ်ထွေးထွေးညွန့်နှင့် ဥက္ကဋ္ဌ ဒေါ်သဇင်နွယ်တို့က သက်ဆိုင်ရာခရိုင်အလိုက် ကျောင်းများတွင် လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး သက်ဆိုင်ရာကျောင်းအုပ် ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူများက လက်ခံရယူကာ ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားကြသည်။

အဆိုပါ ပညာရေးလှူပ်ရှားမှုအခမ်းအနားကို မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ နာယက၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာမြို့နယ်များရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ပညာရေးမှူးနှင့် သက်ဆိုင်ရာကျောင်းများမှ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများ၊ ရပ်မိရပ်ဖများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**




## မြန်မာနိုင်ငံအမျိုးသမီးများနှင့်ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းရုံး အဆောက်အအုံဆောက်လုပ်လှူဒါန်းခြင်း သဘောတူညီမှုလက်မှတ်ရေးထိုးပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၁**

မြန်မာနိုင်ငံအမျိုးသမီးများနှင့်ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း(MWCDF)အတွက် အသင်းရုံးအဆောက်အအုံဆောက်လုပ်လှူဒါန်းခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၁ရက် နံနက် ၁၀ နာရီက ယင်းအသင်းရုံးချုပ်တွင်ကျင်းပရာ MWCDFဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့များ၊ Myanmar First Financial Group Co.,Ltd.မှ ဥက္ကဋ္ဌ Mr.Duan Zengliနှင့် ဇနီး၊ ဧည့်သည်တော်များနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် MWCDF အသင်းဥက္ကဋ္ဌနှင့် MFFG Co.,Ltd. ဥက္ကဋ္ဌတို့က အသီးသီးအမှာစကားပြောကြားကြပြီး သဘောတူစာချုပ်လက်မှတ်ရေးထိုးကြရာ MWCDF အသင်း ဒုတိယဥက္ကဋ္ဌက MFFG Co.,Ltd.မှ MWCDFအသင်းရုံးဆောက်လုပ်လှူဒါန်းခြင်းအပေါ် ကျေးဇူးတင်ကြောင်းပြောကြားခဲ့သည်။

**(သတင်းစဉ်)**

## မြေကွက်များချထားပေးမည်ဆိုသည့်သတင်းမှားကြောင့် ပင်စင်စားသက်ကြီးဝါကြီးများ ပင်ပန်းနွမ်းနယ်ခဲ့ရမှုအပေါ် စိတ်မကောင်းဖြစ်မိကြောင်း တိုင်းဒေသကြီးဝန်ကြီး ဦးကျော်စိုးပြောကြား

သတင်း - ခင်မောင်ထွေး၊ ဓာတ်ပုံ - ဇော်မင်းလတ်



တိုင်းဒေသကြီးဝန်ကြီး ဦးကျော်စိုး။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပြည်သူဗဟိုပြုစီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ အများပြည်သူများသိရှိလိုပါက တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း တိုင်းဒေသကြီး သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးကျော်စိုးက မြန်မာ့သတင်းစဉ်သို့ ယနေ့ပြောကြားလိုက်သည်။**

ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက အငြိမ်းစားဝန်ထမ်းများအား ရန်ကုန်တိုင်းဒေသကြီးအတွင်း မြေကွက်များ ချထားပေးမည်ဟူသည့် ကောလာဟလ သတင်းမှားကြောင့် ရန်ကုန်စာတိုက်ကြီးနှင့် မြို့နယ်စာတိုက်များ၌ သက်ကြီးရွယ်အို အငြိမ်းစားဝန်ထမ်းအများစုမှာ မြေကွက်လျှောက်လွှာများ စုပြုံလျှောက်ထားခဲ့ကြမှုအပေါ် ဝန်ကြီးက ရည်ညွှန်း၍ ပြောကြားခြင်းဖြစ်သည်။

ယခုကိစ္စနှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီး အစိုးရအနေဖြင့် မြေကွက် လျှောက်လွှာများကို လျှောက်လွှာပုံစံ သတ်မှတ်ပေးခြင်းမရှိဘဲ ပြင်ပ၌သာ ရောင်းချနေသည်ကို တွေ့ရကြောင်း၊ သို့အတွက် ပင်စင်စား သက်ကြီးဝါကြီးများ ပင်ပန်းနွမ်းနယ်မှုဖြစ်ခဲ့ရသည်ကိုစိတ်မကောင်းဖြစ်မိကြောင်းလည်း ဝန်ကြီးက ဆိုသည်။

“ကျွန်တော်တို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ငါးနှစ်တာကာလ တာဝန်ယူစဉ်အတွင်းမှာ တိုင်းဒေသကြီးအတွင်းရှိပြည်သူတွေရဲ့ လိုအပ်ချက်အဝဝကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ စီးပွားရေးမြို့တော် ရန်ကုန်မြို့ရဲ့ တည်ငြိမ်အေးချမ်းရေးကို ထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့တဲ့အတွက်လည်း ပီတိဖြစ်ရပါတယ်”ဟု တိုင်းဒေသကြီးဝန်ကြီး ဦးကျော်စိုးက တစ်ဆက်တည်းပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ စီမံခန့်ခွဲမှုဖြင့် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ ဗိုလ်ဗထူးအိမ်ရာ၊ ဗိုလ်မင်းရောင် အိမ်ရာနှင့် လှိုင်သာယာမြို့နယ်ရှိ ရွှေလင်ပန်းအိမ်ရာများတွင် အလွှာအသီးသီးမှ ဒေသခံပြည်သူများအား မဲစနစ်ဖြင့် ချထားပေးမှုများရှိခဲ့သည်။

ထိုစဉ်က အငြိမ်းစားဝန်ထမ်းများအပါအဝင် ပြည်သူတို့၏ လျှောက်လွှာပေါင်း ခြောက်သောင်းကျော်လက်ခံရရှိခဲ့ပြီး အချို့မှာ လူတစ်ဦးလျှင် လျှောက်လွှာ ၁၀ စောင်အထိ လျှောက်တင်ခဲ့ကြပြီး အချို့မှာ မဲပေါက်သော်လည်း လာရောက်ဆက်သွယ်မှု မရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(နေပြည်တော်)မှ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲရန် လွှဲပြောင်းပေးထားသော တိုက်ခန်းနှင့် မြေကွက်အချို့ကို ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်ထမ်းအဖြစ် လတ်တလော တာဝန်ထမ်းဆောင်လျက်ရှိပြီး အငြိမ်းစားယူခါနီး နေရေးအခက်အခဲရှိသူများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှမြေကွက်နှင့် တိုက်ခန်းမရရှိခဲ့ဖူးသူများကိုသာ မြေကွက် သို့မဟုတ် တိုက်ခန်း ဝယ်ယူခွင့်လျှောက်ထားလာပါက စိစစ်ဆောင်ရွက်ပေးခဲ့ကြောင်းလည်း သိရသည်။

လက်ရှိကာလတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ရန်ကုန်မြို့ရှိ ကိုယ်ပိုင်အိမ်ရာမရှိသူ မိသားစုများအတွက် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဒဂုံမြို့သစ်(တောင်ပိုင်း) အမှတ်(၂)လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်တွင် မဟာဗန္ဓုလအငှားအိမ်ရာစီမံကိန်းကို ယခုနှစ် ဘတ်ဂျက်အမီ တည်ဆောက်လျက်ရှိသည်။

အဆိုပါ အငှားအိမ်ရာစီမံကိန်းမှာ ရေ၊ မီး အစုံအလင်ဖြင့် ယူနစ် ၁၂၀၀ ပါဝင်ပြီး ငှားရမ်းခွင့်ရသူများထံမှ စပေါ်ငွေမယူဘဲ သတ်မှတ်ယူနစ်ထက်ပို၍ လျှောက်ထားပါက မဲစနစ်ဖြင့် စိစစ်ဆောင်ရွက်သွားမည်ဖြစ်သည်။

အလားတူ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မြနန္ဒာလမ်းနှင့် ရွှေလီလမ်းထောင့်ရှိ အစိုးရမြေ ၁၈၃ ဒသမ ၅၀၅ ဧကတွင် ယူနစ် ၃၀၀၀ ပါဝင်သည့် တန်ဖိုးနည်းအိမ်ရာများ ထပ်မံတည်ဆောက်ရန် ကုမ္ပဏီများကို တင်ဒါ စိစစ်ရွေးချယ်ဆောင်ရွက်နေသကဲ့သို့ တိုက်ခန်းယူနစ် ၁၀၀၀၀ ပါဝင်သည့် ရန်ကုန်မြို့သစ်စီမံကိန်းကိုလည်း တင်ဒါတင်သွင်းသည့် ကုမ္ပဏီများကို စိစစ်ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ သိရသည်။

❐❐

# လပြာသိုစွမ်းရည်ပြပွဲနှင့် သူရဲကောင်းရွေးပွဲ

ဝိသဇ္ဇက(ပဲခူး)

ပြာသိုလသည် မြန်မာလဆယ့်နှစ်လတို့တွင် ဒသမမြောက်လဖြစ်၏။

ပြာသိုလကို ပုဂံခေတ်ကျောက်စာတို့၌ ပသေဝ်၊ ဗဒသို၊ ပဒသိုဝ်ဟူ၍ရေးသားခဲ့ကြ၏။ ဤ၌ "ပ" သဒ္ဒါသည် တောက်လောင်ထွန်းညှိခြင်းအနက်ကို ဟော၍ "လ" သဒ္ဒါသည် ချိုပ်၊ ဖယောင်းအနက်ကိုဟော၏။ ဤနေရာတွင် "ပ"နှင့်ယှဉ်တွဲနေသည့် "လ" သဒ္ဒါမှာဖယောင်းကိုသာ ဟောနိုင်၏။ ထို့ကြောင့် ပျားဖယောင်းစု၍ အများဆုံးရသောလဟု အဓိပ္ပာယ်ရ၏။

ရှေးအခါက တောနေတောင်သား မြန်မာများသည် ထိုရာသီတွင် ပျားဖယောင်းကို မီးထွန်းရန် တစ်တောလုံး အနှံ့ရှာဖွေသိုလှောင်၏။ ယင်းကိုအစွဲပြု၍ "ပြာသိုလ" ခေါ်ဆိုကြသည်ဟူရာ၏။

ဤလတွင် ရက်ပေါင်း ၃၀ ရှိ၏။ နာရီအားဖြင့် နေ့ ၂၄ နာရီ ညဉ့် ၃၆ နာရီရှိ၏။ နေ့တာတို၏။ ညတာရှည်၏။ လပြာသိုကို ရာသီအလိုက် မကာရဟုခေါ်ဆို၏။ ဖုဿနက္ခတ်နှင့် စန်းယှဉ်ပြိုင်ပြည့်ကာ ဥတ္တရသာဠ်နက္ခတ်နှင့်နေမင်းတို့ ယှဉ်၏။ ပုစ္ဆန်တာရာထွန်းပ၏။ ရာသီရုပ်မှာ သမင်နှင့်ငါးရုပ်၊ တစ်နည်း ရေထမ်းသမား၊ တစ်နည်း မကန်းရုပ်ဖြစ်၏။

**ပြာသိုလအဓိပ္ပာယ်**

မြန်မာတို့၏ ဆယ့်နှစ်လရာသီတွင် ပြာသိုလမှာ ပျားဖယောင်းစုဆောင်း၍ အရဆုံးသောလဖြစ်၏။ ရှေးပဝေသဏီကာလမှစပြီး တောတောင်တို့တွင် နေထိုင်ကြသောသူတို့သည် ဤလအခါတွင် ပျားဖယောင်းများကို စုဆောင်းလေ့ရှိ၏ဟုဆိုသည်။

ပုဂံခေတ်တွင် မျက်မှောက်ခေတ်ကဲ့သို့ မီးထွန်းရန် ပစ္စည်းကိရိယာများ မပေါများ၊ မလွယ်ကူ။ မီးထွန်းရေးကိစ္စများတွင် ပျားဖယောင်းများကိုသာ အဓိကမှီခိုအားထားခဲ့ဟန်ရှိ၏။ ပျားဖယောင်းရှာဖွေရရှိရေးသည် ထိုခေတ်က ပြုလုပ်ခဲ့ကြသော အကောင်းဆုံးသောလုပ်ရပ်ဖြစ်၍ လ၏အမည်ကို "ပြာသိုလ"ဟု သမုတ်ခဲ့ဟန်ရှိကြောင်းယူဆရ၏။

လေ့သင်းအတွင်းဝန်၏ ဝေါဟာရလီနတ္ထဒီပနီကျမ်းတွင် ပြာသိုလအကြောင်းကို ဖွင့်ဆိုထားသည်မှာ မကာရရာသီတွင် ဖုဿနက္ခတ်နှင့်ယှဉ်သောလပြည့်ကို ပေါသျှီဟုခေါ်၏။ ရာဇမတ္တကျမ်းတွင် "ပေါသီပြာသိုလ" ဟု အနက်ဆို၏။ ထို"ပေါသီ"ကို သက္ကတအလိုအရနှင့် "ပြောသီ"ဖြစ်၍ ကာလရှည်ကြာသောအခါ ယင်း "ပြောသီ"မှ မြန်မာဘာသာ "ပြာသို" ဖြစ်လာသည်ဟု ဖွင့်ဆိုထား၏။ ဖုဿနက္ခတ်နှင့်ယှဉ်ပြီး လပြည့်သောလဟု အဓိပ္ပာယ်ရ၏။ တချို့ပညာရှင်များက "ပရသီတလ" ဟူသော ပါဠိပုဒ်မှ မြန်မာဘာသာ "ပြာသို"သို့ပြောင်းလဲလာသည်ဟု တစ်နည်းကြံဆပုံကို လေ့သင်းအတွင်းဝန်က ဆက်လက်ဖော်ပြ၏။ ပရသီတဆိုသည်မှာ ပိုလွန်အေးချမ်းသောလဟု ဆို၏။ ဤနည်းသည် ကျမ်းဂန်၌ တိုက်ရိုက်မလာသော်လည်း ယုတ္တိရှိလှ၏ဟု ဆိုထားသည်။

**ပြာသိုလစာဆိုတော်များအမြင်**

ဆယ့်နှစ်လရာသီဘွဲ့အမျိုးမျိုးကို ရှေးကစာဆိုတော်ကြီးများသည် မိမိတို့ကဗျာဉာဏ်ကွန့်မြူးလေတိုင်း စာပန်းချီအမျိုးမျိုးခြယ်သခဲ့ကြသည်။ ပြာသိုလနှင့်ပတ်သက်၍ ဖွဲ့ဆိုခဲ့သော ဆယ့်နှစ်လရာသီဘွဲ့တချို့ကို ကောက်နုတ်တင်ပြရလေသော်-

ဦးအောင်ကြီး၏ လူးတားတွင် "ခြေလျင်ခြေချင်း၊ မြင်းလည်းမြင်းလျောက်၊ ထိုးမြောက်လှံလေး၊ ခုန်ထွေးသံရှင် စိုင်းနှင့်ကြွားကြွား၊ ဓားသွားနုတ်ငင်၊ သဘင်မြင်းခင်း"ဟု လည်းကောင်း၊ ဖိုးသူတော်ဦးမင်း၏ သဖြန့်တွင် "ရွှေသော်တာစန္ဒီနှင့်၊ ဖုဿျှတွဲလမ်းဆုံ၊ တိမ်လွှာမှာ ရောင်ဝါကျင်းလို့၊ နှစ်မင်းတူပြိုင်၊ မြန်းကြွခိုက်ကြုံ၊ ဘရဂုဏ်မြိုင်စုံမြနန်း၊ နုစိမ်းစိုစိုနှင့်ပန်းခွာညို ငုံတံထူးတယ်၊ ဖူးပွင့်ချက်ဆန်း"ဟု လည်းကောင်း၊ ဦးဖြေ၏လေးချိုးတွင် "ခွာညိုငယ် နွယ်ပန်း၊ နှင်းတက်လန်းမှာ၊ မြပန်းသဇင်၊ ဂမုန်းအင်လည်း၊ ဥကင်မှာဝယ်၊ ဆက်ရောက်လှယ်နှင့်၊ နန်းမယ်လေးသူ၊ ဆောင်ရိပ်ဖြူက၊ နတ်မူမတန်၊ ဆင်ကုံးပန်လျက်"၊ မဟာအတုလမင်းကြီး၏ လွမ်းချင်းတွင် "ကြယ်ညီဖုဿျှ၊ မကာရမို့ ရွှေဥဝကင်၊ နန်းရင်ပြင်မှာ၊ လှံရင်းမြင်းခင်း၊ သဘင်ကျင်းလို့၊ ရာမင်းထွက်စံ၊ ဗိုလ်ညီလာခံသောအခါ၊" ဆရာကြီး ဦးပြုံးချို၏လေးဆစ်သဖြန့်တွင် "ပုဏ္ဏမာ၊ ဖုဿျှငယ် ယုန်စန္ဒာနဲ့၊ မှုန်ပြာပြာ ဝဠာတွင်းမှာလ၊ ငွေပုစ္ဆန်တာရာလင်းတယ်၊ နှင်းမြူပိတ်ဖုံး"ဟူ၍ ရှေးကစာဆိုများက အမျိုးမျိုးရေးသားသီကုံးဖွဲ့ဆိုခဲ့ကြ၏။

**မြင်းခင်းသဘင်ပွဲတော်**

ရှေးမြန်မာမင်းများသည် ငွေနှင်းစိုစို လပြာသိုတွင် မြင်းခင်းသဘင်ပွဲတော်ကို ရာသီပွဲတော်အဖြစ် ကျင်းပခဲ့သည်။ ထိုပွဲတော်သည် အခြားသော ရာသီပွဲတော်များကဲ့သို့ ရက်ပိုင်းမျှကျင်းပသည့်ပွဲတော်မျိုးမဟုတ်။ ပြာသိုလတစ်လလုံး ကျင်းပသောပွဲများဖြစ်၏။

မြင်းခင်းသဘင်ပွဲဟုသာ အမည်တပ်ထားသည်။ ကျင်းပသောပွဲများမှာ မြင်းခင်းတစ်ခုတည်းသာမဟုတ်။ ဆင်ခမ်း၊ မြင်းခမ်း၊ လေးခမ်း၊ ဓားခုတ်၊ လှံထိုး၊ စက်ထိုး၊ ဗလီခတ်၊ သေနတ်ပစ်နှင့်သိုင်းအမျိုးမျိုးတို့ကို တစ်ပွဲပြီး တစ်ပွဲ ကျင်းပသွားခြင်းဖြစ်၏။

မြင်းခင်းသဘင်ပွဲသည် သူရသတ္တိနှင့်လက်ရုံးရည်ဘက်တွင် ထူးချွန်သူတို့၏ အရည်အချင်းပြပွဲကြီးဖြစ်သည်။ တစ်နည်းဆိုသော် သူရဲကောင်းရွေးပွဲကြီးဖြစ်သည်။ နန်းတော်၊အိမ်တော်မှစပြီး မင်း၊ မှူးမတ်၊ သူဌေးသူကြွယ်တို့ မိမိတို့သမီးငယ်များအား သူရသတ္တိရှိပြီး လက်ရုံးရည်ထူးချွန်သောသူများနှင့် မှန်းထားလေ့ရှိကြသည်။ ထို့ကြောင့် ဤပွဲတော်ကို အထူးပင်စိတ်ဝင်စားကြသည်။

ပုဂံခေတ်တွင် မျက်မှောက်ခေတ်ကဲ့သို့ မီးထွန်းရန် ပစ္စည်းကိရိယာများ မပေါများ၊ မလွယ်ကူ။ မီးထွန်းရေးကိစ္စများတွင် ပျားဖယောင်းများကိုသာ အဓိကမှီခိုအားထားခဲ့ဟန်ရှိ၏။ ပျားဖယောင်းရှာဖွေရရှိရေးသည် ထိုခေတ်က ပြုလုပ်ခဲ့ကြသော အကောင်းဆုံးသောလုပ်ရပ်ဖြစ်၍ လ၏အမည်ကို "ပြာသိုလ"ဟု သမုတ်ခဲ့ . . . . .

ပွဲတော်သည် သမီးရှင်များ၏ သမက်လောင်းရှာပွဲ၊ မင်းသမီး၊ သူဌေးသမီး၊ မှူးမတ်သမီးတို့၏ ကြင်ဖက်တော်ရွေးပွဲဟုလည်း တစ်နည်းခေါ်ဆိုနိုင်သည်။ ပွဲသဘင်အခမ်းအနားတွင် သူမတူအောင် အရည်အချင်းပြနိုင်လျှင် သမီးရှင်များက မျက်စိကျပြီး မကြာမီ မိဘနားပေါက်၍ အိမ်ထောင်ဖက်ရသွားတတ်သည်။ မင်းသမီးလေးများ၏ ပန်းပစ်ပေးမှုကို ခံကြရသည်။ ဘုရင်နှင့်မိဖုရားကိုယ်တိုင် လက်တော်ဖြင့် ဆုတော်လာဘ်တော်များ ချီးမြှင့်ခြင်းကိုလည်း ခံယူကြရ၏။

ပြာသိုလမြင်းခင်းသဘင်သည် သက္ကရာဇ် ၆၇၄ ခုနှစ်



ခန့် ပင်းယတစ်စီးရှင် သီဟသူလက်ထက်က စတင်ပေါ်ပေါက်လာခဲ့သည်ဟု ဆို၏။ ဘိုးတော်ဘုရားလက်ထက်က ပညာရှိကမူ မြင်းခင်းသဘင်ပွဲသည် ဒုတိယအင်းဝခေတ်အစ ညောင်ရမ်းမင်းလက်ထက်တွင် ပေါ်ပေါက်လာသည်ဟု ယူဆကြ၏။

မြန်မာဘုရင်များသည် မြင်းခင်းသဘင်ပွဲတော်ကို ရွှေနန်းတော်ကြီးမြောက်ဘက်တွင် ပြုလုပ်လေ့ရှိ၏။ ရတနာပုံမြို့တည် နန်းတည် မင်းတုန်းမင်းတရားကြီးလက်ထက်တွင် မြင်းခင်းသဘင်ကို လွှတ်တော်ရှေ့ရှိ လေဟာပြင်ကွက်လပ်၌ ပြုလုပ်ခြင်းဖြစ်၏။

ထိုလေဟာပြင်ကွက်လပ်သည် အလျားတစ်မိုင်၊ အနံတစ်ဖာလုံခန့်ရှိ၏။ ထိုကွင်းထဲတွင် စက်ကွင်းလှံထိုးသောနေရာ၊ မြင်းရေး ၃၇ ချင်း စီးသောနေရာ၊ မြင်းအရည်အသွေးတိုးတက်ဖို့ ဓားခုတ်လှံထိုးသောနေရာ၊ ဗလီကစားသောနေရာစသည်ဖြင့် သူ့နေရာနှင့်သူရှိ၏။ မြင်းရေးအပြီးတွင် လေးသည်တော်များ လေးပစ်စွမ်းရည်ပြပွဲများ၊ သိုင်း၊ ဗန်တို/ရှည်စသော ကာကွယ်မှုများ၊ ဆင်စစ်သည်တော်များ၏ စွမ်းရည်ပြပွဲများ၊ သေနတ်စစ်သည်တော်များ၏ စွမ်းရည်ပြပွဲများ စသည်ဖြင့် ထိုကွင်းထဲတွင် တစ်လလုံးလုံး ပွဲဆက်မပြတ်ကျင်းပသွား၏။

ပြိုင်ပွဲများပြီးသောအခါတိုင်း ထူးချွန်သူများသည် ကွင်းကိုပတ်ပြီး မင်း၊မိဖုရားရှေ့တော်သို့ မြင်းစီးလျက် ဟန်အလှနှင့်ဝင်ကြရ၏။ ထိုအခါ မိဖုရားကြီးက ရွှေကျင်ခတ်ပဝါများကို ပစ်ပေးတော်မူ၏။ မင်းသမီးများက မိမိတို့၏ ခေါင်းမှ သဇင်ပန်းများကိုဖြုတ်၍ ပစ်ပေးကြသည်။ ထိုပန်းများကို လက်ဖြင့်ခံယူ၍ နား၌ပန်ဆင်၏။ ရွှေကျင်ခတ်ပဝါကို ရင်မှာစည်းပြီး ရှေ့တော်သို့တစ်ပတ်ပတ်၍ လာရသည်။ ထိုအခါ ပွဲခင်းရှိ ပရိသတ်က အုန်းအုန်းကျွက်ကျွက်လက်ခုပ်လက်ဝါးများတီးပြီး ထောမနာပြုကြသည်။ မိဖုရားပေးသော ရွှေကျင်ခတ်ပဝါကို သုံးကြိမ်တိုင်တိုင်ရသောသူသည် ထိုပွဲ၌ ထူးချွန်သူဖြစ်၏။

**စက်ကွင်းလှံထိုးပွဲ**

စက်ကွင်းလှံထိုးပြိုင်ပွဲဝင်ရောက်သူများသည် မြင်းနှင့်စိုင်း၍ စက်ခွက်ကို ထိုးစိုက်ရသည်။ မြင်းကိုစိုင်းနှင်သည်ဟုဆိုသော်လည်း ဒုန်းမစိုင်းရ၊ ကွင်းတစ်ပတ်နှင်သည်ဟုဆိုသော်လည်း ကွင်းတစ်ပတ်လေးဖက်လှလှအသားကျအောင်စီးပြီးမှ စက်ခုံနှင့်အနီးဆုံး ၁၅ တောင်၊ အဝေးဆုံး အတောင် ၆၀ အကွာမှ လှံဖြင့်ပစ်ထိုးရသည်။

ရှေးဦးစွာ ၂၅ တောင်မြင့်သော စက်ကွင်းခွက်ကို ထိုးရသည်။ ထိုးတိုင်းစက်ကွင်းကို ထိသည်မဟုတ်။ မထိသော် အပြစ်မယူ။ သို့သော် ဆယ်ကြိမ်ထိုး၍မှ တစ်ချက်မျှ မစွဲလျှင် အရှုက်ရကြသည်။ ကွင်း၏တစ်ဖက်တွင် မြင်းတော်ခံက စောင့်နေသည်။ မြင်းတော်ခံသည် ပြေး၍ မြင်းကိုဇက်သပ်ပေးရသည်။ လှံတော်ဖမ်းက လှံတစ်ချောင်းပြီးတစ်ချောင်း ဝင်ဆက်ရသည်။ စက်ကွင်းထိုးလှံများမှာ အရိုးအရှည် ငါးထောင်ခန့်သာရှိသည်။ အဖျားတွင် ပန်းဖွားများတပ်ဆင်ထားသည်။

လှံကိုလွှတ်တင်လိုက်သောအခါ ထိုးတက်သွားပုံမှာ ကြည့်၍အလွန်ကျက်သရေရှိသည်။ စက်ခွက်ကို လှံစွဲနေသည့်အခါတွင် ပရိသတ်၏ဩဘာပေးသံများမှာ ဆူညံသွားတော့သည်။ စွဲနေသောလှံကို ထိပ်မှကျနေသောကြိုးဖြင့် ရိုက်ချရ၏။

မြင်းနှင့်စိုင်းပြီး စက်ကွင်းကို လှံဖြင့်ထိုးရခြင်းမှာ လွယ်ကူသည့် အလုပ်မဟုတ်ပါ။ အရည်အချင်း အတော်အတန် ပြည့်စုံသူသည် ၂၅ တောင်အမြင့်ကို ထိုးစိုက်နိုင်သည်။ သို့သော် အတောင် ၄၀ အမြင့်ကို ထိုးစိုက်ရာတွင် အခက်အခဲရှိသည်။ အမြင့်အတောင် ၆၀ စက်ကွင်းကို တော်ရုံတန်ရုံသူရဲကောင်းများ အနားမျှပင် မကပ်နိုင်ကြပါ။

**ဆင်ခင်းသဘင်ပွဲတော်**

နန်းတော်တွင် တိုက်ဆင်များနှင့် စီးတော်ဆင်များဟူ၍ ခွဲခြားထား၏။ တိုက်ဆင်များကို ယတြာရဆင်ဟုခေါ်၏။ ယတြာဆင်ရွေးပုံမှာ ဆင်အကောင်တစ်ရာခန့်ကို တောစပ်သို့ခေါ်သွား၍ လွှတ်ထားပြီး ထို့နောက်တွင် ဆင်များ မမြင်နိုင်သော ခြုံကွယ်များမှ ဗိုင်းသံ၊ ကာသံ၊ သံပုသံနှင့် သေနတ်မီးဖောက်သံများကို ထိတ်လန့်အောင် အမှတ်တမဲ့ပြုလုပ်ကြရသည်။ ဗိုင်းသည် အသံဟိန်းအောင် မြည်ရန် အရေးကြီးသည်။ ထိုအသံများပြု၍ မလန့်သော ဆင်များကို ရွေးထုတ်ကြရသည်။

ထို့နောက် ဆင်များကို တောတွင်းသို့ ခေါ်ဆောင်သွား၍ တောစပ်မှထွက်လာသော တကယ့်ကျားနှင့် တွေ့ဟန်ပြုကြ၏။ ကျားရုပ်ကို တူအောင်လုပ်၍ ရုတ်တရက်ရင်ဆိုင်တွေ့ကာ မပြေးဘဲ ခုခံရန်မူနေသည့် ဆင်ကို ယတြာရဆင်အဖြစ် ရွေးကြ၏။

ထို့ပြင် တောတွင်းတစ်နေရာတွင် လူအများက ညာသံပေးကာ အနားကပ်လှံဖြင့်ထိုးကြ၏။ ကျည်ဆံသေးများထည့်၍ သေနတ်ဖြင့်ပစ်ကြသည်။ မပြေးဘဲ ကြံ့ကြံ့ခံနေလျှင် ယတြာရဆင်ဖြစ်သည်။ ထိုအချိန်အခါမျိုးတွင် မုန်ယိုပြီး လိုက်ထိုးလျှင် သာ၍ကောင်းသည်။ တစ်ခါတစ်ရံတွင် တစ်ကောင်နှင့်တစ်ကောင်မမှတ်မိလေအောင် ဟင်္သာပြဒါးများသုတ်ပေးသည်။ ထိုအခါ တစ်ကောင်နှင့်တစ်ကောင်ရန်သူမှတ်၍ အစွယ်ယှက်ထိုးကြ၏။ ဤသို့ဆင်ချင်းတိုက်၍ အနိုင်ရသော ဆင်မျိုးကို ဘွဲ့အမည်ပေး၍ စစ်ပွဲအတွက်အသုံးပြု၏။

**အမျိုးသားကာကွယ်ရေးတွင်**

မြင်းခင်းသဘင်သည် ရှေးအခါက မင်းအဆက်ဆက် ကျင်းပပြုလုပ်လာခဲ့သည်။ စနေမင်း၊ တနင်္ဂနွေမင်း၊ ဟံသာဝတီမင်းအထိပါ မင်းသုံးဆက်တိုင်တိုင် အမှုထမ်းခဲ့သော အင်ရုံဝန်ကြီးက အင်းဝခေတ်မြင်းခင်းသဘင် အခမ်းအနားများ လောကဗျူဟာကျမ်းတွင် မှတ်တမ်းတင်ထားခဲ့၏။

မြန်မာဘုရင်များသည် မြင်းခင်းသဘင်နှင့် ဆင်ခင်းသဘင် စက်ကွင်းလှံထိုးအလေးပစ်စသည့် ပွဲတော်ကို အပျော်အပါးသက်သက် ကျင်းပပြုလုပ်ခဲ့ကြသည် မဟုတ်ပါ။ တိုင်းပြည်စည်ပင်ဝပြောရန်နှင့် တိုင်းပြည်ကာကွယ်ရေးအတွက် လူစွမ်းကောင်းများပေါ်ထွန်းလာစေရန် စသည်တို့ကိုရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်သည်ဟု ယူဆတန်ရာသည်။

မည်သို့ဆိုစေကာမူ ဤပွဲတော်ကြောင့် ကျန်းမာကြံ့ခိုင်သူ၊ မြင်းရေး၊ ဆင်ရေး ကျွမ်းကျင်သူနှင့် ဓားခုတ်လှံထိုးအမျိုးမျိုးတို့ကို ထူးချွန်စွာ ကျွမ်းကျင်သူ လူရည်မွန်သူရဲကောင်းများ အမြောက်အမြားပေါ်ထွက်ခဲ့၏။ အထူးသဖြင့် ပြာသိုလတွင် ကျင်းပသော ထိုပွဲတော်တို့သည် အမျိုးသားကာကွယ်ရေးအတွက် များစွာအကျိုးရှိ၏။ ။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ပြည်သူများအတွက် ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းစဉ်များသည် ပြည်သူများပါဝင်ဆောင်ရွက်မှသာ အမှန်တကယ် အောင်မြင်မည်



ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၅ ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဇန်နဝါရီ ၂၁**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၅ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ(၁၂)နာရီခွဲတွင် ကျင်းပရာ **ကျေးရွာနှင့် မြို့များတိုးချဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**ကို မှတ်တမ်းတင်ခြင်း၊ အစီရင်ခံစာတစ်ခု ဖတ်ကြားခြင်းနှင့် **ဒုတိယကာလတို(၅)နှစ် စီမံကိန်း**နှင့်စပ်လျဉ်း၍ ဆွေးနွေးမှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတရုံးမှ ပေးပို့သည့် **မွန်ပြည်နယ်အတွင်း ကျေးရွာ (၅)ရွာ တိုးချဲ့ဖွဲ့စည်းခြင်း၊ ရပ်ကွက် ၁ ရပ်ကွက်နှင့် ကျေးရွာ ၁၂ ရွာ နယ်နိမိတ် ဧရိယာပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ရခိုင်ပြည်နယ် မောင်တောခရိုင် မောင်တောမြို့နယ်တွင် ရပ်ကွက် ၅ ရပ်ကွက်ပါဝင်သော ခမောင်းဆိပ်မြို့နှင့် ရပ်ကွက် ၈ ရပ်ကွက်ပါဝင်သော မြင်းလွှတ်မြို့များ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း**ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ပြည်ထောင်စု လွှတ်တော်နာယက သူရဦးရွှေမန်းက ကြေညာသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သော **၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့် စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ**အပေါ် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ(၂/၂၀၁၆)ကို ပူးပေါင်းကော်မတီဝင် စစ်ကိုင်းတိုင်းဒေသကြီး ကသာမဲဆန္ဒနယ်မှ ဦးမိုးဇော်ဟိန်းက ဖတ်ကြားတင်ပြရာ ပြည်ထောင်စု လွှတ်တော်နာယက က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သည့် **ဒုတိယကာလတို (၅)နှစ်စီမံကိန်း (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ) မူကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦးက ပါဝင်ဆွေးနွေးကြပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။

**မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင်**က မြန်မာနိုင်ငံ မိုးတွင်းကာလ၌ ဧရာဝတီမြစ်ရေကြီးချိန်တွင် ရေတံခါးတည်ဆောက်ပြီး ရေမြောင်းတူး၍ ရေသိုလှောင်ထိန်းသိမ်းထားနိုင်ပါက လယ်ယာများသို့ ရေပေးဝေနိုင်မည်ဖြစ်ပါကြောင်း၊ ရေမြောင်းဘေး ပတ်ဝန်းကျင်တွင်လည်း ရေအစိုဓာတ်ရရှိမှုမြင့်တက်လာပြီး ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာမည်ဖြစ်ပါကြောင်း၊ အနီးပတ်ဝန်းကျင် ကျေးရွာများမှ လူများ၊ တိရစ္ဆာန်များအတွက် သောက်သုံးရေကိုလည်း ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတစ်ဝန်း မြေလွတ် မြေရိုင်း မြေလပ်များကို စက်ယန္တရားကြီးများ အသုံးပြု၍ လယ်ယာမြေတိုးချဲ့ စိုက်ပျိုးခြင်း (သို့မဟုတ်) သစ်တောသစ်ပင်များ တိုးချဲ့စိုက်ပျိုးခြင်း ပြုသင့်ပါကြောင်း အကြံပြု ဆွေးနွေးသည်။

**ဧရာဝတီတိုင်းဒေသကြီး မအူပင်မဲဆန္ဒနယ်မှဦးစိန်ဝင်း**က မြန်မာနိုင်ငံ အောက်ပိုင်း ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန် ကောနေသော မြောင်းများတူးဖော်ခြင်းနှင့် စိုက်ပျိုးရေးကို အခြေခံပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် မြေနှင့်ရေကို အကျိုးရှိရှိ အသုံးချရေးလုပ်ငန်းများကို ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ကျေးလက်လူထုဗဟိုပြု ဖွံ့ဖြိုးမှုမူဝါဒနှင့် လယ်ယာကဏ္ဍ ရင်းနှီးမြှုပ်နှံမှုတို့ကို ဦးစားပေး ဆောင်ရွက်သင့်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သဘာဝအန္တရာယ် ကြိုတင်ကာကွယ်စီမံမှုများကိုလည်း ဆောင်ရွက်ရန်လိုအပ်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်များနှင့်စပ်လျဉ်း၍ **ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်**က ဒုတိယ ၅ နှစ်စီမံကိန်း၏ ဖွံ့ဖြိုးရေးမူဝါဒအနေဖြင့် ပြည်သူဗဟိုပြုအဖြစ် ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပြည်သူများ ပါဝင်ဆောင်ရွက်နိုင်သည့် စီမံကိန်းများဖြစ်ရန် ရေးဆွဲသွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူများအနေဖြင့် စီမံကိန်းရေးဆွဲမှုများကို အကျွမ်းဝင်လာစေရန်နှင့် ၎င်းတို့၏ လိုအပ်ချက်များကို တင်ပြထည့်သွင်းရေးဆွဲနိုင်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စီမံကိန်းများ၏ အောင်မြင်မှုမှာ ပြည်သူများ ပါဝင်ဆောင်ရွက်ခြင်းသည် အဓိကသော့ချက်ဖြစ်၍ အရေးကြီးပါကြောင်း၊ ပြည်သူများအတွက် ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းစဉ်များသည် ပြည်သူများ ပါဝင်ဆောင်ရွက်မှသာလျှင် အမှန်တကယ် အောင်မြင်မည်ဖြစ်ပါကြောင်း။

ဒုတိယ ငါးနှစ်စီမံကိန်း၏ အဓိကရည်ရွယ်ချက်သည် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခြေခံကောင်းများ ပိုမိုဖြစ်ပေါ်စေခြင်းမှတစ်ဆင့် စက်မှုဖွံ့ဖြိုးမှုဆီသို့ဖြစ်ပါကြောင်း၊ စက်မှုဖွံ့ဖြိုးမှုဆီသို့ ဦးတည်သော်လည်း လယ်ယာထုတ်ကုန်များကို တန်ဖိုးမြှင့်တင်ထုတ်လုပ်နိုင်ရန်၊ စက်မှုကဏ္ဍအတွက် လိုအပ်သော ကုန်ကြမ်းသွင်းအားစုများ ဖြစ်ပေါ်စေရန်၊ ပြည်တွင်းစားသုံးမှု ဖူလုံစေရေးနှင့် ဝယ်လိုအားရှိသည့် ပို့ကုန်ဈေးကွက်အတွက် ပိုမိုစီးပွားဖြစ်စေသည့် စိုက်ပျိုးရေးထုတ်ကုန်နှင့် သီးနှံများထုတ်လုပ်ပေးရန်၊ လယ်ယာကဏ္ဍကို ခေတ်မီစက်မှုလယ်ယာသို့ ကူးပြောင်းရန်နှင့် စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်နိုင်စွမ်းတိုးတက်ရန်တို့ကို ပူးတွဲဆောင်ရွက်ရန်ဖြစ်ပါကြောင်း။

မြန်မာ့လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး အရည်အသွေးမြင့် ထုတ်ကုန်နှင့် အဆင့်မြင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်များဆီသို့ ဦးတည်နိုင်ရန်အတွက် စိုက်ပျိုးမြေချဲ့ထွင်ခြင်း၊ လုပ်သားနှင့် မြေယာကုန်ထုတ် စွမ်းအားမြှင့်တင်ပေးခြင်း၊ ထုတ်လုပ်မှုစွမ်းအား တိုးမြှင့်ပေးခြင်းတို့ကို ဆောင်ရွက်ပြီး ဒုတိယကာလတို ၅ နှစ် စီမံကိန်းအတွင်း စက်မှုလယ်ယာဖော်ထုတ်မှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် ရည်မှန်းထားရှိပါကြောင်း။ ထိုမှတစ်ဆင့် လယ်ယာကဏ္ဍ ထုတ်ကုန်များကို စက်မှုကဏ္ဍနှင့် ချိတ်ဆက်၍ လယ်ယာမှသည် စက်မှုဆီသို့အသွင်ပြောင်းနိုင်ရေးကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သည့် **ဒုတိယကာလတို(၅)နှစ်စီမံကိန်း (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အထိ) မူကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ပြည်ထောင်စု လွှတ်တော်နာယက က ကြေညာသည်။ ပထမအကြိမ် ပြည်ထောင်စု လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၆ ရက်မြောက်နေ့ကို ဇန်နဝါရီ ၂၂ ရက်တွင် ဆက်လက်ကျင်းပရန်လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဒေါက်တာ ဒေါ်ခင်နိုင်ဦး | ပါမောက္ခချုပ်<br>ရန်ကုန်စီးပွားရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ခ) ဒေါက်တာကျော်ကျော်ခေါင် | ပါမောက္ခချုပ်<br>ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဂ) ဒေါက်တာဒေါ်စီစီလှဘူး | ပါမောက္ခချုပ်<br>မြိတ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဃ) ဒေါက်တာစောပြုံးနိုင် | ပါမောက္ခချုပ်<br>စစ်ကိုင်းပညာရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (င) ဒေါက်တာသန်းဝင်း | ပါမောက္ခချုပ်<br>ကလေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (စ) ဒေါက်တာအောင်ဝင်းကြည် | ပါမောက္ခချုပ်<br>လှိုင်ကော်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဆ) ဒေါက်တာကြည်ရှင် | ပါမောက္ခချုပ်<br>ဗန်းမော်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဇ) ဒေါက်တာဇော်မြင့် | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာစာနှင့် ဘာသာစကား<br>ပညာရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဈ) ဦးထွန်းသန်း | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဖူလုံရေးအဖွဲ့<br>အလုပ်သမား၊ အလုပ်အကိုင်နှင့်<br>လူမှုဖူလုံရေးဝန်ကြီးဌာန |
| (ည) ဒေါ်အေးအေးကြည်သက် | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားစီရင်ရေး<br>ကြီးကြပ်မှုရုံး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဒေါက်တာစိုးနိုင်အား ယင်းလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# လိုင်စင်သက်တမ်းတိုးလုပ်ငန်းများ ဆောင်ရွက်ပေးမည်

**နေပြည်တော် ဇန်နဝါရီ ၂၁**

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင် ပြင်ဆင်နိုင်ရန်အတွက် အသိပေး နှိုးဆော်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | ကချင်ပြည်နယ် | တနိုင်း၊ ဖားကန့် |
| ၂။ | ကရင်ပြည်နယ် | သံတောင်၊ ကျိုက်ဒုံ |
| ၃။ | စစ်ကိုင်းတိုင်းဒေသကြီး | ခန္တီး၊ မြင်းမူ၊ ဝက်လက်၊ ကလေးဝ၊ မော်လိုက်၊ ဖောင်းပြင်၊ ဟုမ္မလင်း |
| ၄။ | ပဲခူးတိုင်းဒေသကြီး | အုတ်ဖို |
| ၅။ | မကွေးတိုင်းဒေသကြီး | ဆော၊ ကန်ပက်လက်၊ နတ်မောက်၊ ငဖဲ၊ အောင်လံ |
| ၆။ | မန္တလေးတိုင်းဒေသကြီး | စဉ့်ကူး၊ မြစ်သား |
| ၇။ | မွန်ပြည်နယ် | သံဖြူဇရပ်၊ ဘီးလင်း |
| ၈။ | ရခိုင်ပြည်နယ် | သံတွဲ၊ တောင်ကုတ်၊ ဂွ |
| ၉။ | ရန်ကုန်တိုင်းဒေသကြီး | လှည်းကူး |
| ၁၀။ | ရှမ်းပြည်နယ် | ရွာငံ၊ ဟိုပုန်း၊ ကွန်ဟိန်း၊ တာလေ၊ နမ့်ခမ်း |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | မြောင်းမြ၊ ဝါးခယ်မ၊ ဒေးဒရဲ၊ ညောင်တုန်း၊ လေးမျက်နှာ |

# ပြည်တွင်းရေးရာ

## ❖ ရန်ကုန်-မန္တလေးမှ

"ငယ်စဉ်ကတည်းက သူများတွေ အခက်အခဲဖြစ်ရင် ဝါသနာအရ ကူညီလေ့ရှိတယ်။ ကူညီလိုက်ရရင် စိတ်ထဲ ကျေနပ်သွားတာပဲသိတယ်။ အခုမှ ဒါဟာ ပရဟိတအလုပ် ဆိုတာကို သိလာတယ်"ဟု အမြန်လမ်း၏ တစ်ကိုယ်တော် သက်တော်စောင့်ဖြစ်သူ အသား ခပ်ညိုညို အသက်(၅၅) နှစ်အရွယ်ရှိ ဦးဝင်းအောင်က ဆိုသည်။

ပရဟိတလုပ်ငန်းကို ငယ်စဉ်ကတည်းက စိတ်ဝင်စားသူ ဦးဝင်းအောင်သည် ငယ်စဉ်ကအပျော်တမ်းလက်ဝှေ့ အားကစားသမားတစ်ဦးဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ နယ်စပ်ဒေသတွင် ဟိုတယ်လုပ်ငန်း အပါအဝင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းဖြင့် ရပ်တည်လျက်ရှိသည်။ စီးပွားရေးလုပ်ငန်းရှင်ဖြစ်သော်လည်း သူငယ်စဉ်က ဝါသနာပါရာ ပရဟိတလုပ်ငန်းကိုတော့ လက်မလွှတ်ပါ။

တစ်ဖက် ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသည့် မြန်မာလုပ်သားများ နေရပ်ပြန်လိုပါက ကော့သောင်း၊ မောတောင်၊ မြိတ်၊ ရှမ်းပြည်နယ်၊ တာချီလိတ် စသည့် နယ်စပ်မြို့များမှတစ်ဆင့် အခမဲ့ဆောင်ရွက်ကူညီပေးခဲ့သည်။ အနှစ်(၂၀)ကျော်ကြာ ဆောင်ရွက်ပေးခဲ့၍ ၎င်းကို ယင်းဒေသများတွင် နယ်စပ်လုပ်ငန်းရှင် ဝင်းအောင်(ခ) ပတ္တလားဟု လူသိများကြ၏။

ရန်ကုန်-မန္တလေး အမြန်လမ်းမ ပေါ်ပေါက်လာသည့်အခါတွင်မူ ယာဉ်မတော်တဆမှုများနှင့်အတူ အသက်အန္တရာယ်ဆုံးရှုံးမှုများဖြစ်ပေါ်သည်ကို ကြားသိရသောကြောင့် ရန်ကုန်သို့ ၂၀၁၃ ခုနှစ်တွင် သူရောက်ရှိလာသည်။ တစ်ဆက်တည်းမှာပင် အမြန်လမ်း မိုင်တိုင်အမှတ် (၁၆၇) တွင် မြေကွက် ငါးကွက် ဝယ်ယူခဲ့ကာ ခရီးသည်များနှင့် ယာဉ်မောင်းများ ခေတ္တနားနေရန်နှင့် ကျန်းမာရေး အပေ့ါအပါးဆောင်ရွက်ရန် အိမ်သာအလုံး ၂၀ ပါ အဆောက်အအုံ ၁၀ လုံး၊ အဆောက်အအုံကြီးနှစ်လုံးကို ဆောက်လုပ်လှူဒါန်းထားခဲ့သည်။ အမြန်လမ်းထက်က ပရဟိတ သက်တော်စောင့်အလုပ်ကို သူ ပါဝင်လုပ်ဆောင်ခဲ့သည်။

ယာဉ်မတော်တဆမှု ဖြစ်ပွားတတ်သည့် နေရာများတွင် အကူအညီပေးနိုင်ရန်အတွက် နေပြည်တော် အမြန်လမ်းပေါ်တွင် မိုင်တိုင်(၁၆၇)၊ လေးဖာလုံအတွင်း သက်တော် စောင့်အဖွဲ့ (HIGHWAY BODYGUARD) အခြေစိုက်ရုံးထားရှိကာ ပရဟိတလုပ်ငန်းကို ၂၀၁၄ ခုနှစ်တွင် စတင်လုပ်ဆောင်ခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်လိုင်စင်ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလက ရရှိခဲ့သည်။ အဆိုပါအနီးတစ်ဝိုက် မိုင်(၁၀၀)ပတ်လည်အတွင်း အကြောင်းကြောင်းကြောင့် အကူအညီရယူလိုသည့် ခရီးသည်နှင့် ယာဉ်မောင်းများအတွက် ဆေးကုသမှု၊ ခေတ္တနားခိုရန် အခြားဝန်ဆောင်မှုများကို ၂၄ နာရီပတ်လုံး ကိုယ်ပိုင်ကားနှစ်စီးဖြင့် အခမဲ့ဝန်ဆောင်မှုပေးလျက်ရှိသည်။

"သက်တော်စောင့်နာမည်နဲ့ကိုက်ညီအောင်၊ အမြန်လမ်းက ခရီးသွားတွေ လုံခြုံမှုရှိအောင် ဆောင်ရွက်နေပါတယ်။ ကိုယ်ကျိုးစီးပွားအတွက် လုပ်တာမဟုတ်ပါဘူး။ အများကို ကူညီချင်တဲ့ စိတ်နဲ့ လုပ်ပေးတာပါ။ ၂၄ နာရီအတွင်း အမြန်လမ်းပေါ်မှာ အကြောင်းကြောင်းကြောင့် အကူအညီလိုအပ်လို့ ဆက်သွယ်လာတဲ့ ဖုန်းခေါ်ဆိုမှုတွေကို လက်ခံတယ်။ အမြန်လမ်းပေါ်မှာ ကားစက်ချွတ်ယွင်းတာ၊ ကားဘီးပေါက်တာ၊ ယာဉ်မတော်တဆဖြစ်တာတွေကို ကိုယ်တိုင်လည်း လက်လှမ်းမီသမျှ ဆောင်ရွက်ပေးတယ်။




**အရေးပေါ်လူနာအား နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံကြီးသို့ "သက်တော်စောင့်"ပရဟိတအဖွဲ့က အခမဲ့ကူညီပို့ဆောင်ပေးစဉ်။**




**အမြန်လမ်းမကြီးပေါ်ရှိ ယာဉ်မတော်တဆဖြစ်မှုအား "သက်တော်စောင့်"ပရဟိတအဖွဲ့က သွားရောက်ကူညီခဲ့စဉ်။**

ဝပ်ရှော့ဆရာလည်းခေါ်ပေးတယ်။ ကွန်တော် သိသလောက်လည်း ပြောပြပေးတယ်။ လိုအပ်ရင် ရဲစခန်းနဲ့ သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆက်သွယ်ပြီး ကူညီပေးတယ်" ဟု သက်တော်စောင့်လူမှုကယ်ဆယ်ရေးကူညီဆောင်ရွက်သူ ဦးဝင်းအောင်က ဆိုသည်။

"အမြန်လမ်းမှာ လူအသေအပျောက်တော်တော်များရှိတာကို သိတာကြောင့် အခုလိုရောက်ရှိပြီး ပရဟိတလုပ်ဖို့ ရည်ရွယ်ခဲ့တယ်။ ဒီအလုပ်ကို လုပ်စဉ်က လိုင်စင်ရှိရမယ်ဆိုတာ မသိပါဘူး။ ၂၀၁၅ ခုနှစ်က ပြည်ထဲရေးဝန်ကြီးဌာနက လိုင်စင်ထုတ်ပေးခဲ့ပါတယ်။ ကူညီမှုတွေကို မှတ်တမ်းတွေထားတယ်။ ဒီလို ကူညီမှုတွေလုပ်ရင်း မတော်တဆအဖြစ်များတဲ့အကြောင်းရင်းကို သိလာတာက လမ်းခရီးမှာ တည်းခိုနားနေဖို့ နေရာမရှိတဲ့အတွက် လုံခြုံမှုမရတဲ့အခါ မအိပ်တော့ဘဲ ခရီးဆက်ရင်း ယာဉ်မောင်းက သတိတစ်ချက်လွတ် အိပ်ငိုက်တာကြောင့် ယာဉ်မတော်တဆဖြစ်ကြတယ်။ မိတ္ထီလာနဲ့ နေပြည်တော်ကြားတစ်ချက်၊ ဘုရားကြီးနဲ့ (၁၀၅)မိုင်ကြားတစ်ချက် အဖြစ်များတယ်" ဟု ၎င်း၏အမြင်ကို ပြောသည်။

သို့သော် ဦးဝင်းအောင်နှင့် အလှူရှင်များဆောက်လုပ်လှူဒါန်းထားသော (၁၆၇)မိုင်ရှိ အခမဲ့နားနေဆောင်များကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်းက သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းအရ ဖျက်သိမ်းခံခဲ့ရသည်ဟုဆိုသည်။

"အခုလို အဆောက်အအုံတွေ ဖျက်သိမ်းခံခဲ့ရတာက ကွန်တော်အတွက် မဆုံးရှုံးပါဘူး။ ခရီးသည်တွေ၊ ယာဉ်မောင်းတွေ လုံခြုံမှုမရှိတာကိုဘဲ စိုးရိမ်မိတယ်။ ဒီအမြန်လမ်းမကြီးပေါ်မှာ ရန်ကုန်-မော်လမြိုင်လမ်း တစ်လျှောက်လိုပဲ လူခြေမပြတ်ထားပေးရင်ကောင်းမယ်လို့ထင်တယ်။ အဆောက်အအုံက စနစ်တကျနဲ့ပါ။ ဒါဆို အမြန်လမ်း ပတ်ဝန်းကျင်တစ်လျှောက်က ရွာသူ ရွာသားတွေ ဈေးရောင်းရင်း ဝင်ငွေလည်း ရရှိနိုင်မယ်။ ခရီးသည်တွေလည်း လုံခြုံမှုရမယ်။ နှစ်ဦးနှစ်ဖက် အပြန်အလှန် အကျိုးရှိမယ်" ဟု ၎င်းက သုံးသပ်သည်။

ပရဟိတသမားလုပ်ငန်းရှင် တစ်ဦးဖြစ်သော ဦးဝင်းအောင်၏ အဆိုပါအဆောက်အအုံများမှာ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းအရ ဖျက်သိမ်းခံရသော်လည်း သူ၏တစ်ကိုယ်တော် ပရဟိတ သက်တော်စောင့်လုပ်ငန်းကိုမူ အရှိန်အဟုန်မပျက် ခရီးဆက်ဆဲ။

သူ၏ပြည်တွင်းသက်တော်စောင့်အဖွဲ့ (HIGHWAY BODYGUARD) ပရဟိတလုပ်ငန်းကို မိုင်တိုင်(၁၆၇) နှင့် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာတွင် အခြေစိုက်ထားရှိပြီး ခရီးသွားပြည်သူများ အခက်အခဲဖြစ်ပေါ်ပါက ဖုန်း-၀၉-၇၉၉၁၈၇၂၃၀၊ ၀၉-၇၉၄၄၇၃၀၅၁၊ ၀၉-၇၉၆၉၄၀၄၈၇ တို့သို့ ၂၄ နာရီပတ်လုံး ဆက်သွယ်ရန် နှိုးဆော်လျက်ရှိသည်။

အလားတူ ရန်ကုန်-မန္တလေး အမြန်လမ်းကြောင်းပေါ်တွင် အရေးပေါ်အခြေအနေများအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့တို့အပြင် မြန်မာနိုင်ငံကြက်ခြေနီအသင်းကလည်း သက်ဆိုင်ရာ တာဝန်များအလိုက် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်မှုများဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဖြစ်ပွားပြီးနောက်ပိုင်းမှစ၍ ပရဟိတလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ကျယ်ပြန့်လာသည်။

ပရဟိတလုပ်ငန်းများနှင့် ဆက်စပ်၍လည်း

**"အများ အကျိုးအတွက် ဆောင်ရွက်နေ**
**ပရဟိတလုပ်ငန်းတွေ**
**ကိုယ်ကျိုးကို သူ တကယ်မဖက်လို့**
**ထမ်းရွက်ခဲ့ချိန်တွေ"**ဆိုသည့် တေးသီချင်းသံကလည်း ပြည်မြန်မာဝယ် လွှမ်းခြုံနေဆဲ။

HIGHWAY BODYGUARD ကဲ့သို့သော လူမှုအဖွဲ့အစည်းများကလည်း အမြန်လမ်းမကြီးပေါ်၌ အရေးပေါ်အခြေအနေများအတွက် ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ လမ်းကြောင်းပေါ်တွင် သွားလာလျက်ရှိသည့် ယာဉ်အမျိုးမျိုးအတွက် လိုအပ်သည့် ယာဉ်အပိုပစ္စည်းအသေးအဖွဲမှစ၍ ဝန်ဆောင်မှုလုပ်ငန်းများကို တက်ကြွစွာ ပါဝင်ဆောင်ရွက်နေခြင်းဖြင့် ခရီးသွားပြည်သူများနှင့် ယာဉ်များအတွက် အထောက်အကူပြုပေးလျက် ရှိသည်။

သို့တစေ ရန်ကုန်-မန္တလေး အမြန်လမ်းမပေါ်မှ တစ်ကိုယ်တော် သက်တော်စောင့် ဦးဝင်းအောင်ကမူ လူလတ်ပိုင်းကျော်စ အသက်(၅၅)နှစ်အရွယ်ရောက်လင့်ကစား အမြန်လမ်းထက်ဝယ် စုန်ချည်ဆန်ချည် လူးလာခေါက်တုံ့သွားလာလျက် သူငယ်စဉ်က ဝါသနာပါရာ ပရဟိတအလုပ်ကို ကျေကျေနပ်နပ်ကြီး ကျေပွန်စွာ ထမ်းဆောင်နေဆဲ။

သို့ဖြစ်ရာ ပြည်သူလူထုအတွက် တက်ကြွစွာ ဝန်ဆောင်မှုပေးနေသော လူ့အဖွဲ့အစည်းများကို ဂုဏ်ပြုရေးသားရင်း အလားတူ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတသမားများ ထပ်မံတိုးတက်ပေါ်ထွန်းလာစေရန် ရည်သန်လျက်။ ။

**သတင်းဆောင်းပါး - ဝင်းဝင်းမော်၊ မြတ်စန္ဒီ**

## ○ ကျောဖုံးမှ

သက်တမ်း၏ပျော်ရွှင်မှု ပျော်ပွဲရွှင်ပွဲများကို မိဘပြည်သူများနှင့် ကလေးလူငယ်များ ပျော်ပျော်ပါးပါးဆင်နွှဲခွင့်ရရှိခဲ့ကြပြီဖြစ်သည်။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးတင်ရွှေက "ဒီနှစ်က နှစ်(၁၁၀)ပြည့်ဆိုတော့ ရုံကိုလာကြည့်တဲ့သူတွေအတွက် ထူးခြားတဲ့ အစီအစဉ်တွေ အများကြီးပါတယ်။ ထူးထူးခြားခြား မျက်လှည့်ပွဲလည်းပါတယ်။ နောက်ပြီး တိရစ္ဆာန်အလိမ္မာပြကွက်တွေကိုလည်း ပြသပေးသွားမယ်။ ခြင်းအလှခတ်တာတွေလည်း ကြည့်ရမယ်။ သမင်တို့၊ ရေမြင်းတို့၊ သစ်ကုလားအုတ်၊ ဝက်ဝံ စတဲ့ တိရစ္ဆာန်လေးတွေရှေ့မှာ လာတဲ့သူတွေက ကျွေးလို့ရအောင် စားပွဲလေးတွေနဲ့ အစာလေးတွေချပေးထားမယ်။ လာရောက်အပန်းဖြေမယ့် ကလေးတွေ၊ မိဘပြည်သူတွေကို ပိုပြီး ကောင်းတဲ့အစီအစဉ်တွေနဲ့ တင်ဆက်သွားမှာပါ။ ရုံဝင်ကြေးကတော့ နဂိုသတ်မှတ်ထားတဲ့အတိုင်းပါပဲ"ဟု ပြောသည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ နှစ်(၁၁၀)ပြည့်ပွဲတော် ကျင်းပမည့် ဇန်နဝါရီ ၂၃ ရက်မှစတင်ကာ မြန်မာ့ရိုးရာ ခြင်းအလှခတ်ခြင်းများ၊ မျက်လှည့်ပွဲများ၊ တိရစ္ဆာန်လိမ္မာနှင့် ဆင်ကပွဲ၊ တိရစ္ဆာန်လိမ္မာလေးများနှင့် ဓာတ်ပုံရိုက်ခြင်းတို့ကို လာရောက်လည်ပတ်သူများက ပြုလုပ်နိုင်မည်ဖြစ်ပြီး ၂၄ ရက်တွင် Unplugged Show၊ တိရစ္ဆာန်လိမ္မာနှင့် ဆင်ကပွဲတို့အပြင် Myanmar's Gof Talent မှ အနုပညာရှင်များက ဖျော်ဖြေတင်ဆက်မည်ဖြစ်သည်။

နှစ်(၁၁၀)ပြည့်ကျရောက်မည့် ဇန်နဝါရီ ၂၅ ရက်တွင် နှစ်(၁၁၀)ပြည့် အထိမ်းအမှတ်အဖြစ် တိရစ္ဆာန်များအား နံနက် ၉ နာရီမှစတင်၍ အစာခြင်းများကို visitor များအား လက်ဆောင်ပေးခြင်း၊ Zoo's Birthday Present များပေးခြင်း၊ Unplugged Show ဖြင့် ဖျော်ဖြေခြင်း၊ အဆိုတော် အမွန်း၏ ဖျော်ဖြေမှု၊ မျက်လှည့်ပြပွဲ၊ တိရစ္ဆာန်လိမ္မာနှင့် ဆင်ကပွဲများဖြင့် ပျော်ရွှင်စွာ ဆင်နွှဲမည်ဖြစ်ကြောင်း သိရသည်။

အကျယ်အဝန်းအားဖြင့် ၆၉ ဒသမ ၂၉ ဧက ကျယ်ဝန်းသော တိရစ္ဆာန်ဥယျာဉ်အတွင်းရှိ အော်ရန်အူတန်လူဝံများ၊ ချင်ပန်စီမျောက်ဝံများ၊ မျိုးသုဉ်းလုနီးပါးရှိသော ကြံ့များ၊ ကျား၊ ကျားသစ်၊ ခြင်္သေ့၊ ဝံပုလွေနှင့်ဆင်များ၊ တောရိုင်းတိရစ္ဆာန်များ၊ မြန်မာ့မျိုးရင်းကျေးငှက်သာရကာများ စသည့် တိုင်းပြည်၏ အဖိုးတန်တောရိုင်းတိရစ္ဆာန်သံယံဇာတများသည် လွန်ခဲ့သောနှစ်များစွာကပင် ယနေ့အချိန်အထိ အမျိုးအစားစုံလင်စွာ တည်ရှိနေဆဲပင်ဖြစ်သည်။ ထို့ပြင် ၂၀၁၅ ခုနှစ် ဧပြီလအတွင်းကလည်း ခြင်္သေ့ညို အမ တစ်ကောင်၊ ကြံ့ဖြူထီး တစ်ကောင်၊ ဘို့တစ်လုံးကုလားအုတ်အထီးအမ တစ်စုံ၊ ငှက်ကုလားအုတ်တစ်စုံ၊ မြင်းကျားအထီးအမ တစ်စုံတို့ ထပ်မံရောက်ရှိလာခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်က ကျင်းပခဲ့သည့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၏ (၁၀၉)နှစ်မြောက် ပျော်ပွဲရွှင်ပွဲ၌ ကလေးငယ်များအတွက် ပျော်ရွှင်စရာ ဖျော်ဖြေမှုများပါဝင်ခဲ့ပြီး ဆင်များ၏ ကိုယ်ပေါ်တွင် (၁၀၉)နှစ် စာတန်းကိုရေးသား၍ လာရောက်ကြည့်ရှုသူများကို လှည့်လည်ကပြခဲ့ကြောင်းသိရသည်။

လက်ရှိတွင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ ရုက္ခဗေဒ၊ သတ္တဗေဒကျောင်းသားများနှင့် အများပြည်သူများအနေဖြင့် တိရစ္ဆာန်များနှင့်ပတ်သက်၍ လေ့လာနိုင်ရန် ပညာပေးပြခန်းကို စနေ၊ တနင်္ဂနွေနေ့အစိုးရရုံးပိတ်ရက်များတွင် ဖွင့်လှစ်ထားပြီး အများပြည်သူများ စိတ်ချမ်းသာစွာ အနားယူအပန်းဖြေနိုင်ရန် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း သိရသည်။

အတိတ်သမိုင်းကိုပြန်ကြည့်လျှင် ၁၉၄၂ ခုနှစ်က ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ထိန်းသိမ်းရေးအဖွဲ့ဥက္ကဋ္ဌ Mr. Justic Dunkiey နှင့် ဒုတိယဥက္ကဋ္ဌ Mr. Christopher တို့သည် စစ်ဘေးဒဏ်ကြောင့် ရန်ကုန်တိရစ္ဆာန်ရုံကို ထားရစ်ခဲ့ပြီး ရန်ကုန်မြို့မှ စွန့်ခွာကြရာ Mr. GM Christoffelsz က ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ခဲ့ပြီး ၁၉၄၂ ခုနှစ်တွင် ဂျပန်တပ်မတော်အုပ်ချုပ်ရေးအဖွဲ့သည် Mr.Patzert အား ရန်ကုန်တိရစ္ဆာန်ဥယျာဉ် တာဝန်ခံအရာရှိအဖြစ် ခန့်အပ်ထားခဲ့ကြောင်းနှင့် ထို့နောက် ၁၉၄၃ ခုနှစ်တွင် ဦးကျော်သိန်းဆိုသူအားလည်းကောင်း၊ ထိုမှတစ်ဆင့် ခေတ်အဆက်ဆက် လူပုဂ္ဂိုလ်များ ပြောင်းလဲ တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။

ဟိုးအရင်ခေတ်များဆီက တောရိုင်းတိရစ္ဆာန်များကို ဓာတ်ပုံရိုက်ကူးသူများအတွက် နိုင်ငံတကာ ခရီးသွားမှတ်တမ်းများတွင် အကောင်းဆုံးသော တိရစ္ဆာန်ဥယျာဉ်ကြီးအဖြစ်ဖော်ပြခံခဲ့ရသည့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကြီးသည် ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများ၏ တာဝန်ကျေပွန်မှုတို့ကြောင့် အရှေ့တောင်အာရှတွင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၏ ဂုဏ်သတင်းသည် တင့်တယ်နေခဲ့ခြင်းသာဖြစ်သည်။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကြီးရှိ လက်ရှိ တိရစ္ဆာန်ဥယျာဉ်ဝန်ထမ်းများ၊ တာဝန်သိပြည်သူများ၊ အသိပညာရှင်များက တိရစ္ဆာန်ရုံဥယျာဉ်ကြီး နောင်နှစ်ပေါင်းများစွာ တည်တံ့စေရန် တတ်နိုင်သမျှ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားရင်းဖြင့် ဇန်နဝါရီ ၂၅ ရက်တွင် ကျရောက်သော နှစ်(၁၁၀)ပြည့်မှသည် နှစ်ပေါင်းများစွာ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၏ ဂုဏ်သတင်းသည် တင့်တယ်နေမည်သာဖြစ်သည်။ **(သီသီမင်း)**

# စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု

ဟိန်းလတ်
(ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန)

ယနေ့ကမ္ဘာပေါ်တွင် လူဦးရေတိုးတက်များပြားလာသည်နှင့်အမျှ လိုအပ်သည့် စားနပ်ရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများကို ဖြည့်ဆည်းနိုင်ရန်အတွက်လည်းကောင်း၊ လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် အဆင့်မြင့်နည်းပညာများ တီထွင်အသုံးပြု၍ဖန်တီးထုတ်လုပ်လာကြသဖြင့်လည်းကောင်း သဘာဝအရင်းအမြစ်များကို တိုးတက်ထုတ်ယူသုံးစွဲလျက်ရှိကြပါသည်။



မြန်မာနိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် စက်မှုပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများအတွက် အလွန်စိတ်ဝင်စားစရာကောင်းသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး လာမည့်နှစ်များအတွင်းတွင် ကဏ္ဍပေါင်းစုံ၌ သိသိသာသာ တိုးတက်လာလိမ့်မည်ဟု မျှော်လင့်ရပါသည်။ တစ်နည်းအားဖြင့် ၎င်းဖြစ်စဉ်သည် သာမန်အိမ်သုံးစွန့်ပစ်ပစ္စည်း၊ စက်မှုဆိုင်ရာစွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းထုတ်လုပ်မှု တိုးတက်လာမှုကို ဦးတည်နေပါသည်။ ပမာဏကြီးမားစွာ အလျင်အမြန်တိုးတက်လာမှုနှင့်အတူ စွန့်ပစ်ပစ္စည်းများရှုပ်ထွေးများပြားလာမှုနှင့် ပတ်ဝန်းကျင်ညစ်ညမ်းစေမှု စသည့်စိန်ခေါ်မှုများကိုပါကြုံတွေ့လာနိုင်သည်ဖြစ်ရာ အစိုးရအနေဖြင့်လည်း ဒေသအဆင့်နှင့် အမျိုးသားအဆင့်အလိုက် ရင်ဆိုင်ဖြေရှင်းရန် အဆင်သင့်ဖြစ်နေရမည် ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ နိုင်ငံတော်၏တာဝန်ကို ပုဒ်မ ၄၅ တွင် ပြဋ္ဌာန်းထားပြီး နိုင်ငံသားများအနေဖြင့် နိုင်ငံတော်ကိုကူညီရန်တာဝန်ရှိကြောင်းအား ပုဒ်မ၃၉၀(ခ)တွင် ထည့်သွင်းပြဋ္ဌာန်းထားပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သည် ၅-၁၂-၁၉၉၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၆/၉၄ ဖြင့် မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒကို ထုတ်ပြန်ခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို၂၀၁၂ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၉) ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၄၂၊ ပုဒ်မခွဲ(က) အရ အပ်နှင်းသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ၂၀၁၄ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့ (ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့) တွင် အမိန့်ကြော်ငြာစာအမှတ် (၅၀/ ၂၀၁၄) ဖြင့် ထုတ်ပြန်ခဲ့သည်။ ထို့ပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသည် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၂၉ ရက်နေ့တွင် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များကို အမိန့်ကြော်ငြာစာအမှတ်၊ ၆၁၅/၂၀၁၅ ဖြင့်လည်းကောင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အမိန့်ကြော်ငြာစာအမှတ်၊ ၆၁၆/၂၀၁၅ ဖြင့်လည်းကောင်း ထုတ်ပြန်ခဲ့ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ယခုအခါ စီးပွားရေးနှင့်မူဝါဒဆိုင်ရာ အခန်းကဏ္ဍများတွင် စီးပွားရေးဆိုင်ရာပြဿနာများကို ဖယ်ရှားခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာအောင်ဆောင်ရွက်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးနိုင်သော ပတ်ဝန်းကျင်ဖြစ်ပေါ်လာစေရန် ဖန်တီးခြင်းများကို ဦးတည်ချက်ထား၍ ဆောင်ရွက်လျက် ရှိပါသည်။ ဤအခြေအနေတွင် အစိုးရသည် ပတ်ဝန်းကျင်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်ကိုပါ တစ်ပေါင်းတည်းဖြစ်စေရန် ဂရုပြုလျက်ရှိပါသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ၃၀. ၃. ၂၀၁၁ ရက်နေ့တွင် ကျင်းပသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေးတွင် "ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ပတ်သက်ရင် သစ်တောသစ်ပင်ထိန်းသိမ်းရေးကို အလေးထားမှာဖြစ်သလို လေထုညစ်ညမ်းမှုနဲ့ ရေထုညစ်ညမ်းမှုများ လျှော့ချရေး၊ စက်ရုံသုံးစွန့်ပစ်ပစ္စည်းများ ထိန်းသိမ်းကြပ်မတ်ရေး၊ သဘာဝသားငှက်တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကိုလည်း ဘက်စုံထောင့်စုံက ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလိုအပ်ချက်ကို ဟန်ချက်ညီညီနဲ့ ထိန်းညှိဆောင်ရွက်ပေးမယ့် မူဝါဒတစ်ရပ်ကို ချမှတ်သွားမှာဖြစ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများမှာ ပြည်သူများနဲ့ ပရဟိတလူမှုအဖွဲ့အစည်းများ ပါဝင်လာအောင် စည်းရုံးဆောင်ရွက်သွားမှာဖြစ်ပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဲ့သို့သော နည်းပညာတွေကို ကုန်ကျစရိတ်သက်သာစွာနဲ့ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲနိုင်အောင် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ပတ်သက်တဲ့ ဥပဒေများကိုလည်း ပြန်လည်သုံးသပ်ပြီး လိုအပ်သလို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်ခြင်းတို့ကို အလေးထားလုပ်ဆောင်သွားမှာဖြစ်ပါတယ်"ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ပတ်သက်၍အသိအမှတ်ပြု ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာမူဝါဒတွင် ရည်မှန်းချက်မှာ ပြည်သူတစ်ရပ်လုံး၏ လူနေမှုအဆင့်အတန်းကို မြှင့်တင်ရေးအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ရေးရာကိစ္စများကို ထည့်သွင်းပေါင်းစပ်ခြင်းအားဖြင့် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မှု၊ ဟန်ချက်ညီမျှမှုတို့ကို ရရှိစေရေးပင်ဖြစ်သည်ဟု ဖော်ပြထားပြီး မြန်မာနိုင်ငံအတွက် အမျိုးသားအဆင့်ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာတွင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်ဆက်စပ်၍ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအားမြှင့်တင်ရန် လိုအပ်ချက်များကို ထည့်သွင်းဖော်ပြထားသည်။

လက်ရှိအချိန်တွင် မြို့တော်ဧရိယာမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများ၊ မိလ္လာရေဆိုးများအား စီမံခန့်ခွဲမှုနှင့် စက်မှုပိုင်းဆိုင်ရာနယ်မြေများတွင် အစိုင်အခဲစွန့်ပစ်ပစ္စည်းများအား စီမံခန့်ခွဲမှုတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီများနှင့် ခရိုင်/မြို့နယ်အဆင့် စည်ပင်သာယာရေးအဖွဲ့များမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

သို့ရာတွင် အထောက်အကူပြုပစ္စည်းများ ကန့်သတ်ထားရှိမှု၊ မလုံလောက်မှုနှင့် နည်းပညာများ မပြည့်စုံမှုတို့ကြောင့် အစိုင်အခဲစွန့်ပစ်ပစ္စည်းများနှင့် စွန့်ပစ်ရေဆိုးများမှ ကျန်းမာရေးဆိုင်ရာ ပြဿနာများနှင့်ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို ရင်ဆိုင်ကြုံတွေ့နေရပါသည်။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန အနေဖြင့်လည်း စွန့်ပစ်ပစ္စည်းများအား စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အမျိုးသားအဆင့်၊ မြို့တော်အဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာများနှင့် ဥပဒေပြဋ္ဌာန်းမှုများကို ရေးဆွဲနိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိပါသည်။

ဘေးအန္တရာယ်ဖြစ်ရှိသော စွန့်ပစ်ပစ္စည်းများနှင့်၎င်းတို့၏စွန့်ပစ်မှုများအား နယ်စပ်ဖြတ်ကျော်ရွှေ့ပြောင်းမှု ထိန်းချုပ်ရေးဆိုင်ရာ ဘာဆယ်ကွန်ဗင်းရှင်းသို့ ၆-၄-၂၀၁၅ ရက်နေ့တွင် မြန်မာနိုင်ငံသည် ဘာဆယ်ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပါသည်။ ထိုသို့ ဝင်ရောက်ခြင်းအားဖြင့်လည်း စွန့်ပစ်ပစ္စည်းများနှင့် ပတ်သက်သောအခက်အခဲများကို ဒေသအတွင်း ပူးပေါင်းဖြေရှင်းဆောင်ရွက်လာနိုင်မည့်အပြင် နိုင်ငံတကာအဖွဲ့အစည်းများမှ စီမံအုပ်ချုပ်မှု နည်းလမ်းများနှင့် နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့များကိုလည်း ရရှိလာနိုင်မည်ဖြစ်ပါသည်။

ထို့ပြင် မြန်မာနိုင်ငံ-နော်ဝေနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မည့် ဘေးအန္တရာယ်ရှိသောစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာစီမံကိန်းကို နော်ဝေပတ်ဝန်းကျင်အေဂျင်စီနှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး၍ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ စီမံကိန်း၏ အဓိကရည်ရွယ်ချက်သည် ဘာဆယ်သဘောတူညီချက် အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် အမျိုးသားအဆင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း အစီအစဉ်ရေးဆွဲရန်နှင့် ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအတွက် အမျိုးသားအဆင့် ပင်မအစီအစဉ်မူကြမ်း ရေးဆွဲရန်တို့ဖြစ်ပါသည်။ စီမံကိန်းကာလမှာ ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ် အထိ သုံးနှစ်ဖြစ်ပါသည်။

ယခုလက်ရှိတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် Institute for Global Environmental Strategies (IGES) နှင့် ပူးပေါင်း၍ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် မြို့တော်အဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာတို့ကို ရေးဆွဲအကောင်အထည်ဖော်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၆ ခုနှစ် အတွင်းတွင် စတင်နိုင်မည်ဖြစ်ပါသည်။

ထို့ပြင် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်းတွင် ဂျပန်နိုင်ငံ အိုဆာကာမြို့ရှိ ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ် - နိုင်ငံတကာပတ်ဝန်းကျင်ဆိုင်ရာနည်းပညာဗဟိုဌာနတွင် ကျင်းပပြုလုပ်ခဲ့သော စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်ပတ်သက်သည့်ဥပဒေများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လမ်းညွှန်ချက်များ ရေးဆွဲချမှတ်နိုင်ရေးဆိုင်ရာ ဒုတိယအကြိမ်မြောက် အလုပ်ရုံဆွေးနွေးပွဲသို့လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ကိုယ်စားလှယ် တက်ရောက်ခဲ့ပြီး လက်ရှိနိုင်ငံတကာတွင် ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စွန့်ပစ်ပစ္စည်းနှင့်ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို သိရှိလေ့လာဆွေးနွေးခွင့် ရရှိခဲ့ပါသည်။ အဆိုပါ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်မှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုနှင့်ပတ်သက်သည့် လမ်းညွှန်ချက်များကို လေ့လာသုံးသပ်၍ မြန်မာနိုင်ငံတွင် လိုအပ်လျက်ရှိသည့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ မူဘောင်များ၊ မဟာဗျူဟာများကို ရေးဆွဲအကောင်အထည်ဖော်သွားကြရမည် ဖြစ်ပါသည်။




အချုပ်အားဖြင့်ဆိုသော် စွန့်ပစ်ပစ္စည်းပြဿနာအား ရေတိုရေရှည်စီမံချက်များ ရေးဆွဲချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ရာ စွန့်ပစ်ပစ္စည်းများ ထွက်ရှိသည့် အရင်းအမြစ်များကို လျှော့ချခြင်း၊ အသုံးပြုပြီးပစ္စည်းများကို ပြန်လည်အသုံးပြုနိုင်အောင် ဆောင်ရွက်ခြင်းနှင့် စွန့်ပစ်ပစ္စည်းများကို စီမံပြုပြင်ခြင်း စသည်တို့ပါဝင်သော စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအသီးသီးတို့မှ ပူးပေါင်းဆောင်ရွက်သွားခြင်းဖြင့် ပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ပါသည်။ ။

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်
## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ ထုတ်ဝေသူအမည်ပြောင်း လျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၂၁-၁-၂၀၁၆ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူ တစ်ဦး၊ ပုံနှိပ်လုပ်ငန်းအသစ်လျှောက်ထားသူ ခုနစ်ဦး၊ ထုတ်ဝေခွင့်သက်တမ်းတိုး တစ်ဦး၊ ထုတ်ဝေခွင့်အတွက်အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့် သုံးဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် နှစ်ဦး၊ အထွေထွေထုတ်ဝေခွင့် ခုနစ်ဦး ပေါင်းလုပ်ငန်းအသစ် ၁၂ ဦးတို့အား အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။ ထုတ်ဝေသူအမည်ပြောင်း သုံးဦးတို့ကိုလည်း ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄)ရက်မှ စ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၁၀၄၁ ဦးနှင့် အသစ်လျှောက်ထားသူ ၂၆၁ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၉၉၁ ဦးနှင့် အသစ်လျှောက်ထားသူ ၆၈၇ ဦး၊ သတင်းအေဂျင်စီလုပ်ငန်း အသစ်လျှောက်ထားသူ ၂၅ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ၃၀၀၅ စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။

ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူတစ်ဦးနှင့် မဂ္ဂဇင်းအသစ်လျှောက်ထားသူ သုံးဦးတို့အား အချက်အလက်များစိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ပုသိမ်ဆိပ်ကမ်းအကြိုတော် ရှမ်းငူကျေးရွာ မြစ်ကမ်းပါးပြိုကျမှု မြစ်ကမ်းပါးထိန်းသိမ်းစောင့်ရှောက်ရေးလိုအပ်နေ

**ပုသိမ် ဇန်နဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ဆိပ်ကမ်းအကြိုတော် ရှမ်းငူကျေးရွာတွင် မကြာမီက ငဝန်မြစ်ရေတိုက်စားမှုကြောင့် လူနေအိမ် ၅၀ ခန့် သင်္ဘောဆိပ်တံတား၊ ပေ ၁၀၀ ပတ်လည်ရှိ ရှေးဟောင်းသောက်သုံးရေကန် တစ်ကန်နှင့်စိုက်ပျိုးလယ်မြေအချို့ ပြိုကျပျက်စီးဆုံးရှုံးမှုဖြစ်ပွားကြောင်း သိရသည်။

အဆိုပါ ရှမ်းငူကျေးရွာသည် ပုသိမ်မြို့မှ နယ်နိမိတ် ကျောက်တိုင်အနီး ငဝန်မြစ်ကြောင်းအကွေ့ အရှေ့ဘက်ကမ်း၌ ပုသိမ်မြို့ အကြိုတော်ရွာလေးအဖြစ် ထင်ရှားခဲ့သော်လည်း အုပ်ချုပ်ရေးနယ်မြေတွင် ကန်ကြီးထောင့်မြို့နယ်အတွင်း၌ ဖွဲ့စည်းပေးထားသဖြင့် ဆက်သွယ်ရေးခရီးလမ်းကြောင်း လွန်စွာအခက်အခဲရှိသည်။

နွေ၊ မိုး၊ ဆောင်း သုံးရာသီ ဆန်စပါးစိုက်ပျိုးရေး လုပ်ကိုင်သူ တောင်သူလယ်သမား အများစုနေထိုင်ကြပြီး ရေချိုငါးပေါများမှုကြောင့် ပိုက်ချ၊ ပိုက်ထောင် ရေလုပ်သားများနှင့် ဖွံ့ဖြိုးစည်ပင်မှုရှိသော ကျေးရွာဖြစ်သည်။

၂၀၁၂ ခုနှစ်က အဆိုပါ ရှမ်းငူကျေးရွာအနီး၌ ငပုတောသင်္ဘောနှင့် စီဗွီတွဲရေယာဉ်ကြီး ညအချိန် တိုက်မိမှုကြောင့် သင်္ဘောနစ်မြုပ်ရာတွင် ပါဝင်သွားသော ခရီးသည်များ ကယ်ဆယ်ရေးလုပ်ငန်းနှင့် သေဆုံးသူ ၂၀ ကျော်တို့အား ကူညီစောင့်ရှောက်ပေးခဲ့သော ရွာသားများ၏ အစဉ်အလာကောင်း မှတ်တမ်းများရှိခဲ့သည်။

တိုင်းဒေသကြီး အစိုးရသစ်လက်ထက်တွင် စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်ရန် စီစဉ်ထားခဲ့သော ကျေးရွာလည်းဖြစ်သည်။

အဆိုပါ ကျေးရွာသည် ၂၀၁၂ ခုနှစ် ငဝန်မြစ် ထောင့်ချိုးရေနက်ဝဲဂယက်ရှိသဖြင့် မိုးအကုန်ဆောင်းအကူးရာသီများတွင် မြေသားများ ခိုင်ခံ့မှုမရှိဘဲ ပျက်စီးမှုများ ရှိခဲ့ရာ အိမ်ခြေ ၁၀ လုံး၊ ပေ ၁၀၀ ပတ်လည်ရှိ ရှေးဟောင်းသောက်သုံးရေကန်တစ်ကန်နှင့် ဆိပ်ကမ်းတံတားအပါအဝင် စိုက်ပျိုးလယ်မြေအချို့ ပြိုကျပျက်စီးဆုံးရှုံးမှု ဖြစ်ပွားခဲ့သည်။

ပြိုကျမှုများအား တာဝန်ရှိသူများက မြစ်ကမ်းပါးထိန်းသိမ်းပြုပြင်စောင့်ရှောက်ရေး ကြိုးပမ်းနေစဉ် ၂၀၁၅ ခုနှစ် စက်တင်ဘာ၊ အောက်တိုဘာလတို့တွင် မြောက်လေပြန်လှိုင်းနှင့် ရေနက်ဝဲ ကန်တော့ထိုးတိုက်စားမှုကြောင့် မြစ်ဆိပ်ကမ်းပါးနှင့် ၁၀ ပေ၊ ၁၅ ပေ ကွာတွင်ရှိသော အိမ်ခြေ ၄၉ လုံးနှင့် လယ်မြေ ၁၀ ဧကခန့် ငဝန်မြစ်အတွင်း ထပ်မံပျောက်ဆုံးခဲ့ကြောင်း သိရသည်။

ကျန်ရှိသော လူနေအိမ်များနှင့် ကလေးသူငယ်များ၏ အသက်ဘေးအန္တရာယ် စိုးရိမ်ဖွယ်ဖြစ်နေသဖြင့် ရွာသူ ရွာသားများက မိမိတို့၏ အသိစိတ်ဓာတ်ဖြင့် မြစ်ကမ်းပါးပြိုကျမည့် အန္တရာယ်ကို တာဝန်ကိုယ်စီဖြင့် နေ့/ည မပြတ် စောင့်ရှောက်လျက်ရှိပြီး မြစ်ကမ်းပါးထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်နေပြီဟု ဒေသခံ ရေလုပ်သားကြီး ဦးသိန်းဝင်းက ပြောသည်။ **(ပုသိမ်လှကြည်)**



# ၃၃ ကေဗွီဓာတ်အားခွဲရုံ တည်ဆောက်ပြီး၍ ကျောက်ကြီးမြို့ ရပ်ကွက်၊ ကျေးရွာများ မီးလင်းပြီ

**ကျောက်ကြီး ဇန်နဝါရီ ၂၁**

ပဲခူးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ ဆောင်ရွက်မှုဖြင့် တောင်ငူခရိုင် ကျောက်ကြီးမြို့တွင် ၃၃ ကေဗွီ လျှပ်စစ်ဓာတ်အားခွဲရုံကို တည်ဆောက်ခဲ့ပြီး ဇန်နဝါရီ ၂၀ ရက် ညနေ ၅ နာရီမှ စတင်၍ ၃၃ ကေဗွီ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုလုပ်ငန်း ပဲခူးတိုင်းဒေသကြီး ဒုတိယအင်ဂျင်နီယာ ဦးကျော်ရွှေ၊ တောင်ငူခရိုင် အင်ဂျင်နီယာ ဦးအေးကြူ၊ ကျောက်ကြီးမြို့အင်ဂျင်နီယာ ဦးမျိုးမင်းဦးနှင့် နတ်သံကွင်းမြို့ အင်ဂျင်နီယာ ဦးအေးဆွေတို့က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြသည်။

၁၉၉၁ ခုနှစ်မှစ၍ ကျောက်ကြီးမြို့တွင် ၁၁ ကေဗွီ လျှပ်စစ်ဓာတ်အားလိုင်းဖြင့် ရပ်ကွက်များတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးခဲ့ရာမှ ကျေးရွာများ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရေးအတွက် ၃၃ ကေဗွီ လျှပ်စစ်အားလိုင်းကို တိုးမြှင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

"အခု ၁၁ ကေဗွီ၊ ၃၃ ကေဗွီ ဓာတ်အားလိုင်းရပြီဖြစ်လို့ လျှပ်စစ်ဓာတ်အားအပြည့်အဝ သုံးစွဲနိုင်ခဲ့ပါပြီ။ ဒါ့အပြင် လျှပ်စစ်ဓာတ်အားအပြည့်အဝ ရပြီဖြစ်လို့ ရပ်ကွက်လမ်းမီးတွေကို လင်းလင်းထိန်ထိန်ဖြစ်စေချင်ပါတယ်" ဟု မြို့ပေါ်လျှပ်စစ်သုံးစွဲသူတစ်ဦးက ပြောသည်။

ကျောက်ကြီးမြို့တွင် ရပ်ကွက်ခုနစ်ရပ်ကွက်အပါအဝင် နတ်သံကွင်း၊ နောင်ကုန်း၊ ရန်မျိုးအောင်၊ သဲကုန်း၊ ဗျက်အင်း၊ ရွာကြီးအင်း၊ ဆိပ်ကြီး၊ မအူပင်ဆိပ်၊ ကျောက်ခဲကြီး၊ အင်းနက်၊ အောင်စိုးမိုး၊ သပြေကုန်း၊ ကျွဲခြံနှင့် တုံးကြီးကျေးရွာများအထိ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

(၁၂၂)

# လွှတ်တော်ပထမသက်တမ်းတွင် အစည်းအဝေး(၂၄)ကြိမ် ပြုလုပ်ခဲ့

**စစ်ကိုင်း ဇန်နဝါရီ ၂၁**

ပထမအကြိမ်လွှတ်တော်သက်တမ်းကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်မှ စတင်ကျင်းပခဲ့ရာ ယနေ့အထိ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်အနေဖြင့် လွှတ်တော် အစည်းအဝေးပေါင်း (၂၄)ကြိမ် ပြုလုပ်နိုင်ခဲ့ကြောင်း တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်ထံမှ သိရသည်။

"၂၀၁၁ ခုနှစ်မှာ ပုံမှန်အစည်းအဝေး နှစ်ကြိမ်၊ အထူးအစည်းအဝေး တစ်ကြိမ်၊ ၂၀၁၂ ခုနှစ်မှာ ပုံမှန်အစည်းအဝေး နှစ်ကြိမ်၊ အထူးအစည်းအဝေး နှစ်ကြိမ်၊ အရေးပေါ်အစည်းအဝေး တစ်ကြိမ်၊ ၂၀၁၃ ခုနှစ်မှာ ပုံမှန်အစည်းအဝေး လေးကြိမ်၊ အထူးအစည်းအဝေး နှစ်ကြိမ်၊ ၂၀၁၄ ခုနှစ်မှာ ပုံမှန်အစည်းအဝေး နှစ်ကြိမ်၊ အထူးအစည်းအဝေး သုံးကြိမ်၊ ၂၀၁၅ ခုနှစ်မှာ ပုံမှန်အစည်းအဝေး နှစ်ကြိမ်၊ အထူးအစည်းအဝေး နှစ်ကြိမ်နဲ့ ယခုနှစ်မှာ ပုံမှန်အစည်းအဝေး တစ်ကြိမ် စုစုပေါင်း (၂၄)ကြိမ် ပြုလုပ်ခဲ့ပါတယ်" ဟု ၎င်းက ပြောသည်။

အစည်းအဝေး (၂၄)ကြိမ်တွင် ရွေးကောက်တင်မြှောက်ခြင်း သုံးခု၊ မေးခွန်းများ မေးမြန်းခြင်းတွင် ကြယ်ပွင့်ပြမေးခွန်း ၆၃၀၊ ကြယ်ပွင့်မပြမေးခွန်း ၈၃ ခု ဖြေကြားခဲ့သည်။ ထို့အပြင် အဆိုများ တင်သွင်းခြင်း ၃၇ ခု၊ တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းများက ရေးဆွဲပေးပို့သော ဥပဒေကြမ်း ၄၄ ခု လွှတ်တော်တွင် တင်ပြဆွေးနွေး အတည်ပြုနိုင်ခဲ့ပြီး အစီရင်ခံတင်ပြခြင်း ၃၁ ခု၊ မှတ်တမ်းတင်ခြင်း ၁၇၀ နှင့် ဆုံးဖြတ်ချက် ၈၀ ဆောင်ရွက်နိုင်ခဲ့ကြောင်း ဦးသောင်းစိန်ထံမှ သိရသည်။ **မျိုးဝင်းထွန်း (မုံရွာ)**

# ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် တည်ရှိသော မီးသတ်စခန်းများနှင့် တယ်လီဖုန်းနံပါတ်များ

**နေပြည်တော် ဇန်နဝါရီ ၂၁**

မီးသတ်ဦးစီးဌာနသည် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတစ်လျှောက် ခရီးသွားလုပ်သားပြည်သူများ သွားလာမှု လုံခြုံချောမွေ့စေရေး၊ အရေးပေါ်မီးလောင်မှုနှင့် ရှာဖွေကယ်ဆယ်ရေးတာဝန်များ ထမ်းဆောင်နိုင်ရန်အတွက် အမြန်လမ်းမကြီး မီးသတ်စခန်းများ ကွပ်ကဲမှုရုံးနှင့် ကွပ်ကဲမှုအောက် မီးသတ်စခန်းများ ဖွင့်လှစ်ထားရှိပြီး ခရီးသွားလုပ်သားပြည်သူများအနေဖြင့် လိုအပ်ချက်တစ်စုံတစ်ရာရှိပါက ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် အဆိုပါ အမြန်လမ်းမကြီး မီးသတ်စခန်းများ ကွပ်ကဲမှုရုံးနှင့် မီးသတ်စခန်းအသီးသီးတို့၏ ဖုန်းနံပါတ်များကို ဖော်ပြထားသည်-

| စဉ် | မီးသတ်စခန်း | တည်နေရာ | | တယ်လီဖုန်းနံပါတ် |
|---|---|---|---|---|
| | | မြို့နယ် | မိုင်တိုင် | |
| ၁ | အမြန်လမ်းမကြီးမီးသတ်စခန်းများကွပ်ကဲမှုရုံး | နေပြည်တော် | ၂၀၁/၆ | ၀၉-၇၈၀၃၄၉၁၁၃ |
| ၂ | အမှတ်(၃)လမ်းဆုံအမြန်လမ်းမကြီးမီးသတ်စခန်း | လှည်းကူး | ၁၁ | ၀၉-၄၅၁၂၉၄၁၉၁ |
| ၃ | ဘောနက်ကြီးအမြန်လမ်းမကြီးမီးသတ်စခန်း | ပဲခူး | ၄၀/၂ | ၀၉-၂၅၄၇၇၄၀၁၄ |
| ၄ | ဘောနီအမြန်လမ်းမကြီးမီးသတ်စခန်း | ဒိုက်ဦး | ၅၈/၁ | ၀၉-၂၅၄၇၇၄၀၁၅ |
| ၅ | အုတ်ရှစ်ကုန်းအမြန်လမ်းမကြီးမီးသတ်စခန်း | ဒိုက်ဦး | ၇၂/၅ | ၀၉-၂၅၄၇၇၄၀၁၆ |
| ၆ | မြို့ချောင်းအမြန်လမ်းမကြီးမီးသတ်စခန်း | ကျောက်တံခါး | ၈၃/၆ | ၀၉-၂၅၄၇၆၅၆၀၁ |
| ၇ | ဖြူးအမြန်လမ်းမကြီးမီးသတ်စခန်း | ဖြူး | ၁၁၅/၂ | ၀၉-၃၁၅၄၀၉၈၂ |
| ၈ | ဗောဓိကုန်းအမြန်လမ်းမကြီးမီးသတ်စခန်း | အုတ်တွင်း | ၁၃၇ (၁/၂) | ၀၉-၇၈၃၄၈၅၃၁၅ |
| ၉ | သာဂရအမြန်လမ်းမကြီးမီးသတ်စခန်း | ရေတာရှည် | ၁၇၂/၆ | ၀၉-၂၅၄၇၆၅၆၀၂ |
| ၁၀ | ပလွေးအမြန်လမ်းမကြီးမီးသတ်စခန်း | ဒက္ခိဏသီရိ | ၂၀၁/၆ | ၀၉-၃၁၅၄၀၉၈၀ |
| ၁၁ | ပန်းတင်အမြန်လမ်းမကြီးမီးသတ်စခန်း | ဥတ္တရသီရိ | ၂၂၀ (၁/၂) | ၀၉-၂၅၄၆၂၄၃၈၅ |
| ၁၂ | ဘုရားတောင်အမြန်လမ်းမကြီးမီးသတ်စခန်း | တပ်ကုန်း | ၂၃၃(၅/၆) | ၀၉-၂၅၄၆၂၄၃၈၆ |
| ၁၃ | ပေပင်လေးအမြန်လမ်းမကြီးမီးသတ်စခန်း | ပျော်ဘွယ် | ၂၆၂/၃ | ၀၉-၇၉၈၉၀၁၂၅၇ |
| ၁၄ | သီးကုန်းအမြန်လမ်းမကြီးမီးသတ်စခန်း | မိတ္ထီလာ | ၂၈၄/၄ | ၀၉-၃၁၅၄၀၉၈၁ |
| ၁၅ | ပြင်စည်အမြန်လမ်းမကြီးမီးသတ်စခန်း | ရွာထိုးကြီး | ၃၂၅/၄ | ၀၉-၂၅၉၄၃၀၅၆၅ |
| ၁၆ | စကားအင်းအမြန်လမ်းမကြီးမီးသတ်စခန်း | တံတားဦး | ၃၅၂/၂ | ၀၉-၇၈၁၆၇၈၂၁၅ |

**(ကြေးမုံ)**

**ကုသိုလ်လည်းရ ဝမ်းလည်းဝ ကျသင့်အခွန် တို့ကျေပွန်**

# လသာမြို့နယ်တွင် စည်းကမ်းနှင့်အညီ ဈေးရောင်းချရန် အသိပေး

**ရန်ကုန် ဇန်နဝါရီ ၂၁**

ရန်ကုန်မြို့တွင်း စည်းကမ်းတကျ ဈေးရောင်းချရန် ဆောင်ရွက်မှုများအား ဇန်နဝါရီတတိယပတ်အတွင်း မြင်တွေ့လာရသည်။ ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက လသာမြို့နယ်အတွင်း မဟာဗန္ဓုလလမ်းပေါ်တွင် သက်ဆိုင်ရာမှ မော်တော်ယာဉ်ငယ်ဖြင့် စည်းကမ်းတကျ ဈေးရောင်းချရန် အသိပေးကြေညာလျက်ရှိသည်။

ကားလမ်းမဘေး ပလက်ဖောင်းများတွင် သက်ဆိုင်ရာမှ ခွင့်ပြုထားသော ညနေ ၃ နာရီမှ ည ၈ နာရီအတွင်း ဈေးရောင်းချရန်၊ ကားလမ်းမဘေး တစ်ဖက်တစ်ချက်ရှိ တိုက်ခန်းများတွင် လုပ်ငန်းလိုင်စင်ရ၍ ဈေးရောင်းချရာတွင် မိမိတို့တိုက်ခန်းအတွင်းသာ ရောင်းချရန်နှင့် လိုက်နာမှုမရှိပါက အရေးယူဆောင်ရွက်သွားမည်ဟု သိရသည်။

ပလက်ဖောင်းများတွင် နှစ်ဖက်ဈေးတည်ခင်းရောင်းချမှုဖြင့် လမ်းသွားလမ်းလာများ သွားလာရေး အဆင်မပြေဖြစ်ခဲ့ရသော လသာမြို့နယ် မဟာဗန္ဓုလလမ်းဘေး ပလက်ဖောင်းများတွင် ယခုအခါ သက်ဆိုင်ရာမှ ရှင်းလင်းဆောင်ရွက်ပေးမှုကြောင့် သွားလာရေး လွယ်ကူလာသည်။

ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက ပြည်ပခရီးသွားအဖွဲ့တစ်ဖွဲ့သည် လသာမြို့နယ် မဟာဗန္ဓုလလမ်းဘေး ဈေးတန်းအချို့ကို ဓာတ်ပုံရိုက်ယူနေသည်ကို မြင်တွေ့ရသည်။ စည်းကမ်းတကျ ရောင်းဝယ်မှုမရှိခြင်း၊ ပြည်သူများ တိုးဝှေ့သွားလာရခြင်းများ၏ မြင်ကွင်းဓာတ်ပုံများသည် တိုင်းပြည်အတွက် မတင့်တယ်သော မှတ်တမ်းများဖြစ်၍ ပြုပြင်သင့်ပါသည်။

နှစ်အတန်ကြာကြုံတွေ့နေရဆဲဖြစ်သော လမ်းဘေး၌ စည်းကမ်းတကျဈေးရောင်းချမှု အားနည်းနေခြင်းများကို ယခုကာလတွင် အလေးထားပြုပြင်အရေးယူရန် လိုအပ်လာသည်။

စည်ပင်ပိုင်မြေဖြစ်သော ပလက်ဖောင်းပေါ်၌ ဈေးရောင်းချသည့်နေရာများကို ကျပ်သိန်းဂဏန်းဖြင့် လက်ပြောင်းလက်လွှဲရောင်းချမှုလည်း ရှိခဲ့ကြသည်။ မိမိတိုက်ခန်းအတွင်းသာမက တိုက်ခန်းမျက်နှာစာတွင်ပါ ဈေးတည်ခင်းရောင်းချမှုများလည်းရှိသည်။ လမ်းဘေးဈေးရောင်းချမှုမှ နိုင်ငံတော်အတွက် ဈေးကောက်မကောက်သော်လည်း ဈေးရောင်းချသူများအနေဖြင့် ငွေကြေးပေးဆောင်ရမှုများ ရှိနေဆဲဖြစ်သည်။

သို့ဖြစ်ရာ စည်းကမ်းတကျ ဈေးရောင်းချမှုဖြစ်ပေါ်လာရေးအတွက် သက်ဆိုင်ရာမှ အလေးထားဆောင်ရွက်ရာတွင် ထိရောက်မှုရှိပါက အများပြည်သူသွားလာရေးတွင် အဆင်ပြေလာမည်ဖြစ်သည်။ ရက်ပိုင်းခဏတာသာ လုပ်ဆောင်ပါက စည်းကမ်းမဲ့ဈေးရောင်းချခြင်းများ ပိုမိုများပြားနိုင်သည်။ ထို့ကြောင့် ယခုရက်ပိုင်း ဈေးရောင်းသူများ သိရှိလိုက်နာရန် အသိပေးကြေညာမှုနှင့်အတူ ထိရောက်မြင်သာသော အလေးထားဆောင်ရွက်မှုပါ တစ်ပြေးညီရှိသင့်ကြောင်း နေ့စဉ်သွားလာနေသူများက ပြောသည်။

**(မောင်စေအောင်)**

နည်းပညာသတင်း

# တကယ့်အရာဝတ္ထုများကို 3D ပုံရိပ်များအဖြစ်ဖမ်းယူကာ 3D ပရင်တာဖြင့်ထုတ်လုပ်နိုင်မည့် Sprout Pro ကွန်ပျူတာအား HP မှ ထုတ်လုပ်ဖန်တီး



လွန်ခဲ့သည့် ခုနစ်လခန့်က ထွက်ရှိခဲ့ပြီးဖြစ်သော Sprout ကွန်ပျူတာ၏ ဗားရှင်းအသစ်ဖြစ်သော Sprout Pro အား HP မှ ထပ်မံထုတ်လုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါ Sprout Pro ကွန်ပျူတာအား ပညာရေးနှင့် စီးပွားရေးလုပ်ငန်းများအတွက် အဓိကရည်ရွယ်၍ ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး အခြားသော ကွန်ပျူတာများနှင့်မတူသည့် သီးသန့်လုပ်ဆောင်ချက်များကို ထိရောက်စွာအသုံးချနိုင်မည်ဟု ဆိုသည်။

Sprout Pro တွင် မော်နီတာမျက်နှာပြင်အထက်ဘက်၌ ရှေ့ဘက်သို့ အုပ်မိုးလျက်ထွက်ရှိသော မောင်းတံပါရှိပြီး အဆိုပါမောင်းတံတွင် Intel Real Sense 3D ကင်မရာနှင့် ပရိုဂျက်တာကို တပ်ဆင်ထားသည်။ မော်နီတာ၏ အောက်ဘက်အရှေ့တွင်မူ တို့ထိသုံးစွဲနိုင်မည့် Touch mat ပါဝင်ပြီး အဆိုပါ Touch mat မှတစ်ဆင့် တကယ့်အရာဝတ္ထုအပုံရိပ်များကို ဖမ်းယူထားသော 3D ပုံများကို တို့ထိကာတည်းဖြတ်မှုများပြုလုပ်နိုင်မည်ဖြစ်သည်။ Intel Real Sense 3D ကင်မရာသည် ၎င်း၏မြင်ကွင်းတွင်ရှိနေသော အရာဝတ္ထုများကို 3D ပုံရိပ်များအဖြစ် ဖမ်းယူနိုင်စွမ်းရှိသကဲ့သို့ 3D scanner မှလည်း ပြင်ပရှိ တကယ့်အရာဝတ္ထုများကို ဖတ်ရှုကာ မော်နီတာ၏ မျက်နှာပြင်၌ 3D မော်ဒယ်များအဖြစ် ဖော်ပြနိုင်မည်ဖြစ်သည်။ ဖမ်းယူထားသော 3D ပုံရိပ်များကို မော်နီတာမျက်နှာပြင်ပေါ်တွင်လည်းကောင်း၊ အောက်ဘက်ရှိ (Touch mat) တို့ထိမျက်နှာပြင်ပေါ်တွင်လည်းကောင်း မြင်ကွင်းနှစ်ခုဖြင့် မြင်တွေ့နိုင်မည်ဖြစ်ပြီး 3D ပုံများကို (Touch mat) တို့ထိမျက်နှာပြင်မှတစ်ဆင့် မိမိတို့စိတ်ကြိုက် တည်းဖြတ်ပြင်ဆင်ကာ 3D ပရင်တာများကို အသုံးပြုလျက် အသစ်ဖန်တီးထားမှုများကို ထုတ်လုပ်နိုင်မည်ဖြစ်သည်။

(Touch Mat) တို့ထိမျက်နှာပြင်သည် ပုံမှန်အားဖြင့် ကွန်ပျူတာများတွင် သုံးစွဲလေ့ရှိသော ကီးဘုတ်အစားသုံးထားပြီး စာရိုက်လိုပါက အဆိုပါမျက်နှာပြင်ပေါ်သို့ ပရိုဂျက်တာဖြင့်ထိုးကာ ကျရောက်လာသော virtual ကီးဘုတ်မှ အသုံးပြုနိုင်မည်ဟုဆိုသည်။ Sprout Pro ကွန်ပျူတာသည် မျက်နှာပြင်အားဖြင့် ၂၃ လက်မရှိပြီး Full HD 1080 p (1920 x 1080) ရုပ်ထွက်ကို ထောက်ပံ့ပေးထားကာ လက်ဆယ်ချောင်းဖြင့် တို့ထိသုံးစွဲနိုင်မည်ဖြစ်သည်။ Processor အနေဖြင့် Intel ရဲ့ နောက်ဆုံးသောမျိုးဆက် Skylake အမျိုးအစား Intel Core i7-6700 ကို တပ်ဆင်အသုံးပြုထားသည်။ RAM အနေဖြင့် DDR4 memory အား 8GB တပ်ဆင်ထားကာ 16GB အထိ ထပ်မံတိုးချဲ့နိုင်ပြီး ဂရပ်ဖစ်ကတော့ NVIDIA GeForce GT ဂရပ်ဖစ် အမျိုးအစား GDDR 5 memory အား 1GB တပ်ဆင်ထားသည်။ အချက်အလက်များ သိုလှောင်သိမ်းဆည်းနိုင်ရန်အတွက် Solid State Hybrid Drive 1TB ထည့်သွင်းထားပြီး မြန်ဆန်စွာအသုံးပြုနိုင်ရန်အတွက် 8GB flash cache ဖြင့် တွဲဖက်ထားသည်။ OS အနေဖြင့် Windows 10 Pro အား အသုံးပြုထားသည်။ Sprout Pro တွင် Adonit Jot Pro Stylus Pen နှင့်အတူ Bluetooth ဖြင့် ချိတ်ဆက်အသုံးပြုနိုင်သော ကီးဘုတ်နှင့် မောက်စ်တို့လည်း ပါဝင်မည်ဖြစ်သည်။ စာအုပ်များ၊ စာရွက်စာတမ်းများကိုလည်း scan ဖတ်ကာ သိမ်းဆည်းခြင်း၊ ebooks ပြုလုပ်ခြင်းတို့ကိုလည်း လုပ်ဆောင်နိုင်မည်ဖြစ်သည်။

Sprout Pro ကွန်ပျူတာသည် ပီစီနှင့် မိုဘိုင်းကိရိယာများ၌ virtual နှင့် augmented reality နည်းပညာများကို ပေါင်းစပ်အသုံးပြုနိုင်ရန် မဟာဗျူဟာချမှတ်လုပ်ဆောင်နေသည့် HP ၏ လုပ်ဆောင်ချက် အစိတ်အပိုင်းတစ်ရပ်လည်းဖြစ်သည်။ Facebook, Google, Microsoft နှင့် Nvidia တို့မှလည်း ကွန်ပျူတာများတွင် virtual (ပကတိအရာဝတ္ထုများအား ကွန်ပျူတာဖြင့် ပုံစံတူပြုလုပ်ခြင်း)နှင့် တကယ့်ပြင်ပကမ္ဘာကိုချိတ်ဆက်ပေါင်းစပ်ကာ အသုံးပြုနိုင်မည့် နည်းပညာများကို စမ်းသပ်ရှာဖွေလျက်ရှိသည်။

HP အနေဖြင့် Sprout Pro ကွန်ပျူတာအား စာသင်ကျောင်း ရာပေါင်းများစွာတွင် တပ်ဆင်ပံ့ပိုးပေးရန်စီစဉ်ထားပြီး လာမည့် ဖေဖော်ဝါရီလတွင် USD 2,199 ဖြင့် ဈေးကွက်အတွင်း ဖြန့်ချိသွားမည်ဖြစ်ကြောင်း သိရသည်။

**ငြိမ်းချမ်း(BE-IT)**



ပြည်သူ့ဘဝလုံခြုံရေး ထိပါးနှောင့်ယှက်မှုဖြင့် ဖမ်းဆီးခံရသည့် ဝင်းနိုင်၊ အောင်စိုး(ခ)အောင်စိုးလေး၊ လိပ်(ခ)ခင်စိန်၊ ရွှေအိုးစည်(ခ)ရဲညွန့်၊ စိန်ငွေ၊ ဝင်းနိုင်တို့အား တွေ့ရစဉ်။

## ရွှေပြည်သာနှင့် လှိုင်သာယာမြို့နယ်တို့အတွင်း ပြည်သူ့ဘဝလုံခြုံရေးကို ထိပါးနှောင့်ယှက်သူများအား ဖမ်းဆီးအရေးယူ

**ရန်ကုန် ဇန်နဝါရီ ၂၁**

ဇန်နဝါရီ ၁၇ ရက်တွင် Facebook လူမှုကွန်ရက်စာမျက်နှာများ၌ "ဘုရားဒကာအမည်ခံ လောင်းကစားနှင့် ဘိန်းရာဇာ"ခေါင်းစဉ်ဖြင့် လှိုင်သာယာမြို့နယ်တွင် လူမိုက်ဝင်းနိုင်နှင့် လူမိုက် ခင်စိန်တို့ဦးဆောင်၍ မူးယစ်ဆေးဝါးရောင်းချခြင်း၊ လောင်းကစားဝိုင်းများပြုလုပ်နေခြင်းစသည့်အကြောင်းအရာများကို မှတ်တမ်းဓာတ်ပုံများဖြင့် ဖော်ပြပါရှိလာခဲ့သည်။

ယင်းသို့ ဖော်ပြပါရှိလာမှုနှင့်ပတ်သက်၍ အများပြည်သူ၏ ဘဝလုံခြုံရေးကို ထိပါးစေသည့်အပြင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကိုထိခိုက်လာစေနိုင်သဖြင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ စီမံညွှန်ကြားမှုဖြင့် အထူးအဖွဲ့များဖွဲ့စည်း၍ ဖမ်းဆီးဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂၀ ရက်တွင် လူမှုကွန်ရက်စာမျက်နှာပါ လှိုင်သာယာမြို့နယ်နေသူများဖြစ်သည့် ဝင်းနိုင်(၄၄)နှစ်၊ လိပ်(ခ)ခင်စိန် (၄၇)နှစ်၊ အောင်စိုး(ခ)အောင်စိုးလေး (၄၁)နှစ်၊ ရွှေအိုးစည်(ခ)ရဲညွန့်(၄၂)နှစ်တို့နှင့် ရွှေပြည်သာမြို့နယ်နေသူများဖြစ်သည့် ဝင်းနိုင်(၅၀)နှစ်၊ စိန်ငွေ(၅၆)နှစ်တို့ ခြောက်ဦးအား ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိခဲ့သည့် ဝင်းနိုင်ပါ ခြောက်ဦးတို့အား စစ်ဆေးဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာရဲစခန်းများ၌ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကိုရဲ)**

## အချိန်အခါမဟုတ် မိုးရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၂၁**

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန် မိုးလေဝသတိုင်းထွာချက်များအရ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများနှင့် ဘင်္ဂလားပင်လယ်အော်မှ ရွေ့လျားလာသော တိမ်တိုက်များကြောင့် ယနေ့မွန်းလွဲမှ နောက်နှစ်ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင်လည်းကောင်း၊ ဇန်နဝါရီ ၂၄ ရက်မှ ၂၇ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် လည်းကောင်း နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

**(ကြေးမုံ)**

## လမ်းပေါ် ဝိုင်းဖွဲ့ သောက်စားရမ်းကားသူများအား စစ်ဆေးရာမှ ဓားလက်နက်များတွေ့ရှိသဖြင့် ဖမ်းဆီးအရေးယူ

**ရန်ကုန် ဇန်နဝါရီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က အထူးစီမံချက်ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လူဆိုးလူမိုက်များသတင်း စုံစမ်းစဉ် ဇန်နဝါရီ ၂၀ ရက် နံနက် ဝဝ နာရီ ၁၀ မိနစ်ခန့်တွင် လှိုင်သာယာမြို့နယ် (၅)ရပ်ကွက် ဗိုလ်ချုပ်လမ်းမပေါ်၌ လှိုင်သာယာမြို့နယ်နေသူများဖြစ်သည့် ရဲလေး(ခ)ရဲမင်းထွန်း (၃၇)နှစ်၊ ထွန်းထွန်းဝင်း (၁၉)နှစ်၊ ငပိန်(ခ)စိုးနိုင်ထွန်း(၁၉)နှစ်နှင့် ကိုနိုင်(ခ)သန်းနိုင်(၂၇)နှစ်တို့ ဝိုင်းဖွဲ့၍ အရက်သေစာသောက်စားကာ မူးယစ်ရမ်းကားနေသည်ကို တွေ့ရှိရသဖြင့် ထိန်းသိမ်းစစ်မေးခဲ့သည်။

၎င်းတို့အားစစ်မေးရာ ရဲလေး(ခ)ရဲမင်းထွန်း၏ခါးကြားမှ အရိုးအသွား တစ်ပေခန့်ရှိ ဓားဦးချွန် တစ်ချောင်းနှင့် တိပ်ပတ်ထားသည့် ဓားအိမ်တစ်ခု၊ ထွန်းထွန်းဝင်း၏ခါးကြားမှ အရိုးအသွား ၁၇ လက်မခန့်ရှိ သစ်သားရိုးတပ် နှစ်ဖက်သွား ဓားဦးချွန်တစ်ချောင်းနှင့် သစ်သားဓားအိမ်တစ်ခု၊ ငပိန်(ခ)စိုးနိုင်ထွန်း၏ ခါးကြားမှ အရိုးအသွား တစ်ပေခန့်ရှိ နှစ်ဖက်သွား ဓားဦးချွန်တစ်ချောင်းနှင့် တိပ်ပတ်ထားသည့် ဓားအိမ်တစ်ခု၊ ကိုနိုင်(ခ)သန်းနိုင်၏ခါးကြားမှ အရိုးအသွား တစ်ပေခန့်ရှိ ဓားဦးချွန်တစ်ချောင်းနှင့် သစ်သားဓားအိမ်တစ်ခုတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ယင်းသို့ အများပြည်သူအထိတ်တလန့်ဖြစ်စေရန် လမ်းမပေါ်တွင် အရက်သေစာသောက်စား ရမ်းကားသည့်အပြင် ဘေးအန္တရာယ်ဖြစ်စေသော ဓားလက်နက်များကိုင်ဆောင်ခဲ့ကြောင်း တွေ့ရှိရသဖြင့် ရဲလေး(ခ)ရဲမင်းထွန်းပါ လေးဦးတို့အား လှိုင်သာယာမြို့မရဲစခန်းတွင် ဥပဒေအရအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ကိုရဲ)**



ရဲလေး(ခ)ရဲမင်းထွန်း၊ ထွန်းထွန်းဝင်း၊ ငပိန်(ခ)စိုးနိုင်ထွန်း၊ ကိုနိုင်(ခ) သန်းနိုင်တို့အား သက်သေခံပစ္စည်းများနှင့်အတူတွေ့ရစဉ်။

## အနိမ့်ဆုံးအပူချိန် စံချိန်သစ်

**နေပြည်တော် ဇန်နဝါရီ ၂၁**

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည့် အနိမ့်ဆုံးအပူချိန် စံချိန်သစ်မှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | စခန်းအမည် | အနိမ့်ဆုံးအပူချိန် စံချိန်သစ် | | အနိမ့်ဆုံးအပူချိန် စံချိန်ဟောင်း | | ယခင်စံချိန် ကျိုးခဲ့သည့်နှစ် | စခန်းဖွင့်သည့် နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | ဒီဂရီ စင်တီဂရိတ် | ဒီဂရီ ဖာရင်ဟိုက် | ဒီဂရီ စင်တီဂရိတ် | ဒီဂရီ ဖာရင်ဟိုက် | | |
| ၁။ | မိုးမိတ် | ၅. ၈ | ၄၂. ၄ | ၆. ၀ | ၄၂. ၈ | ၁၃. ၁. ၂၀၁၅ | ၃၃ |

# ထုတ်လွှင့်မယ့်ရက်ကို ထပ်မံရွှေ့ဆိုင်းလိုက်ပြန်တဲ့ ယွန်းအွန်ဟေးနဲ့ ပါ့ခ်ရှင်ဟိုတို့ရဲ့ရုပ်ရှင်သစ်



တောင်ကိုရီးယားရဲ့ နာမည်ကျော်သရုပ်ဆောင်တွေဖြစ်ကြတဲ့ ယွန်းအွန်ဟေးနဲ့ ပါ့ခ်ရှင်ဟိုတို့ ခေါင်းဆောင်ပါဝင်ထားတဲ့ ရုပ်ရှင်သစ် "After Love" ထုတ်လွှင့်ပြသမယ့်ရက်ကို ထပ်မံရွှေ့ဆိုင်းလိုက်ကြောင်း ယင်းရုပ်ရှင်ထုတ်လုပ်သူတွေက ထုတ်ဖော်ပြောကြားခဲ့တာကို စွန်ပီဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ယခင်က အဆိုပါရုပ်ရှင်ကို ဖေဖော်ဝါရီလအတွင်း ရုံတင်ပြသသွားဖို့ ပရိသတ်ကို အသိပေးထားခဲ့ပေမယ့် ရုံတင်ဖို့ရာမဖြစ်နိုင်သေးတဲ့အတွက် ထုတ်လွှင့်မယ့်ရက်ကို မတ်လသို့ ရွှေ့ဆိုင်းလိုက်ကြောင်း သိရပါတယ်။ ဒါပေမယ့် အခုချိန်ထိ ထုတ်လွှင့်မယ့်ရက် အတိအကျကိုတော့ ကြေညာနိုင်ခြင်း မရှိသေးပါဘူး။

ယင်းရုပ်ရှင်ကို ယခင်က ၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းမှာ ရုံတင်ပြသသွားရန် စီစဉ်ခဲ့ကြပေမယ့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှာမှ ထုတ်လွှင့်ဖို့ ပထမအကြိမ် ရွှေ့ဆိုင်းခဲ့တာမို့ ယခုတစ်ကြိမ်ရွှေ့ဆိုင်းမှုဟာ ယင်းရုပ်ရှင်အတွက် ဒုတိယအကြိမ်ဖြစ်ပါတယ်။

ဒီလိုထုတ်လွှင့်မယ့်ရက်တွေကို ရွှေ့ဆိုင်းနေရခြင်းဟာ ယင်းရုပ်ရှင်ကို တောင်ကိုရီးယားနိုင်ငံနဲ့အပြိုင် တရုတ်နိုင်ငံ၌ပါ တစ်ချိန်တည်းရုံတင်ပြသနိုင်ရန် ကြိုးပမ်းနေခြင်းကြောင့်ဖြစ်တယ်လို့ အဆိုပါရုပ်ရှင်ထုတ်လုပ်သူတွေက ပြောကြားခဲ့ပါတယ်။ လတ်တလောမှာ တရုတ်နိုင်ငံဟာ နိုင်ငံခြားရုပ်ရှင်တွေအပေါ် ဆင်ဆာတင်းကျပ်မှုတွေ ရှိလာပါတယ်။

"After Love" ဟာ မင်းသမီး ယွန်းအွန်ဟေးအတွက် ငါးနှစ်အတွင်း ပထမဦးဆုံး ရုံတင်ပြသမယ့်ရုပ်ရှင်လည်း ဖြစ်ပါတယ်။



# စစ်မှုထမ်းတော့မယ့် လီဆောင်ဂီ

တောင်ကိုရီးယားရဲ့ ထိပ်တန်းမင်းသားတစ်ဦးဖြစ်တဲ့အပြင် အောင်မြင်တဲ့ အဆိုတော်တစ်ဦးလည်းဖြစ်တဲ့ လီဆောင်ဂီဟာ လာမယ့်ဖေဖော်ဝါရီ ၁ ရက်က စတင်ပြီး စစ်မှုထမ်းတော့မှာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ယခင်က လီဟာ မတ်လအတွင်းမှာမှ စစ်မှုစတင်ထမ်းဆောင်ရမှာဖြစ်တယ်လို့ သတင်းတွေထွက်ခဲ့ပေမယ့်လည်း မင်းသားက သူ့ရဲ့စစ်မှုစတင်ထမ်းရမယ့်နေ့ဟာ ဖေဖော်ဝါရီ ၁ ရက်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့တာဖြစ်ပါတယ်။

လီရဲ့အေဂျင်စီကလည်း ဇန်နဝါရီ ၂၀ ရက်က လီဆောင်ဂီအတွက် စစ်မှုထမ်းဆောင်ရန်အကြောင်းကြားစာကို လက်ခံရရှိခဲ့ကြောင်း ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် လီဆောင်ဂီက သူ့အနေနဲ့ ဘယ်အချိန်စစ်မှုထမ်းရမယ်ကို ကြိုတင်မသိရသည့်အတွက် သူ့ရဲ့စိတ်ထဲမှာ စစ်သားတစ်ဦးဖြစ်ရန် အမြဲပြင်ဆင်ခဲ့ကြောင်းနဲ့ စစ်သားတစ်ဦးရဲ့ဘဝကို ခံစားရေးဖွဲ့ထားတဲ့ တေးသီချင်းတစ်ပုဒ်ကိုလည်း ရေးသားထားပြီးဖြစ်ကာ မကြာမီပရိသတ်ရှေ့ ယူဆောင်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

အဆိုပါတေးသီချင်းနဲ့ ပတ်သက်ပြီး လီဆောင်ဂီက "ဒီသီချင်းလေးဟာ ကျွန်တော့ဘဝအကြောင်းလည်း ဖြစ်ပါတယ်။ ဒီသီချင်းလေးကို ခံစားကြည့်ပြီး သွားတဲ့အခါ စစ်သားဖြစ်လာမယ့်သူတွေ၊ အရာရှိတွေနဲ့ လက်နက်ကိုင်တပ်ဖွဲ့ဝင်တွေအပေါ် သူတို့ရဲ့မိသားစုဝင်တွေနဲ့ သူငယ်ချင်းတွေက ပိုမိုနားလည်ပေးနိုင်လာလိမ့်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်"လို့လည်း ပြောကြားခဲ့ပါတယ်။ ယင်းတေးသီချင်းရဲ့အမည်ကိုတော့ "I'm Going To the Army"လို့ ပေးထားပါတယ်။

# တစ်လအတွင်း ပေါင် ၃၀ အထိ ကိုယ်အလေးချိန်လျှော့ချနိုင်ခဲ့တဲ့ ကင်မ်ကာဒါးရှီးရန်း



ဟောလိဝုဒ်ရဲ့ ကြယ်ပွင့်တစ်ဦးဖြစ်သူ မော်ဒယ်လ်နှင့် သရုပ်ဆောင် ကင်မ်ကာဒါးရှီးရန်းက သူ့ရဲ့ ဒုတိယမြောက်ရင်သွေးလေး "စိန့်ထ်ဝက်စ်"ကို မွေးဖွားခဲ့ပြီးနောက် တစ်လအတွင်း ကိုယ်အလေးချိန် ပေါင် ၃၀ အထိ လျှော့ချနိုင်ခဲ့ကြောင်း ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ဇန်နဝါရီ ၁၉ ရက်တွင် ကင်မ်က "ကျွန်မအလွန်ပဲ စိတ်လှုပ်ရှားနေမိတယ်။ ဒီနေ့ ကျွန်မ ကိုယ်အလေးချိန်ပေါင် ၃၀ အထိ ချနိုင်ခဲ့ပါပြီ။ ပေါင် ၄၀ အထိလျှော့ချသွားဖို့ အစီအစဉ်တွေရှိပါတယ်"လို့ သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။

ဆက်လက်ပြီး ကင်မ်က သူ့အနေနဲ့ ကိုယ်ဝန်ဆောင်စဉ်ကာလအတွင်း ကိုယ်အလေးချိန်ပေါင် ၆၀ တက်လာခဲ့ကြောင်းနဲ့ ပေါင် ၇၀ ပြန်လည်လျှော့ချလိုကြောင်း ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် သူက ဒုတိယရင်သွေးလေးကို မွေးဖွားစဉ်တွင် ပထမရင်သွေး နော့သ်ဝက်စ်ကို မွေးဖွားစဉ်ကထက် ပိုမိုခက်ခဲခဲ့ကြောင်းနဲ့ ကိုယ်ဝန်မဆောင်ခင် အခြေအနေကို ပြန်လည်ရောက်ရှိအောင် ကြိုးပမ်းခဲ့ရာ၌လည်း ပိုမိုပင်ပန်းခက်ခဲခဲ့ကြောင်း ဖွင့်ဟခဲ့ပါတယ်။

# ၂၀၁၆ ဂရမ်မီဆုပေးပွဲတွင် အဒဲလ်ပါဝင်ဖျော်ဖြေမည်



ဟောလိဝုဒ်၏ဂီတလောက၌ အထင်ကရဆုပေးပွဲတစ်ခုဖြစ်သော ဂရမ်မီဆုပေးပွဲကြီး၏ ၂၀၁၆ ခုနှစ်အတွက် ဆုပေးပွဲကို လာမည့် ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ရာ ယင်းဆုပေးပွဲကြီး၌ ပါဝင်ဖျော်ဖြေကြမည့် တေးသံရှင်များကို Recording Academy က ထုတ်ပြန်ကြေညာခဲ့သည်။ ယခုနှစ်ဆုပေးပွဲတွင် ဂရမ်မီဆုများရှင် ဗြိတိန်ပေ့ါပ်အဆိုတော် အဒဲလ်က သူ၏လတ်တလောအအောင်မြင်ဆုံး တေးသီချင်းဖြစ်သည့် "Hello" ဖြင့် ပါဝင်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း အမ်တီဗွီဒေ့ါကွန်းက ဖော်ပြခဲ့သည်။

ယခုတစ်ကြိမ် ဂရမ်မီဆုပေးပွဲတွင် ဖျော်ဖြေခြင်းသည် အဒဲလ်အတွက် ဒုတိယအကြိမ်ဖျော်ဖြေမှု ဖြစ်လာမည်ဖြစ်သည်။ သူသည် ၂၀၁၂ ခုနှစ် ဂရမ်မီဆုပေးပွဲတွင် ပထမဦးဆုံးအကြိမ်အဖြစ် "Rolling In The Deep" တေးသီချင်းဖြင့် ဖျော်ဖြေခဲ့ခြင်းဖြစ်သည်။

ယခုနှစ်ဂရမ်မီဆုပေးပွဲတွင် အဒဲလ်အပြင် အခြားတေးသံရှင်များဖြစ်ကြသည့် သယ်ဝိခ်ကန်းဒ်၊ ကန်းဒရစ်လမ်မာနှင့် လစ်တဲလ်ဘစ်တောင်းန်တို့လည်း ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။ ကန်းဒရစ်လမ်မာသည် ယခုနှစ် ဂရမ်မီဆုပေးပွဲတွင် ဆုအရေအတွက်အများဆုံး လျာထားခံရသည့် တေးသံရှင်ဖြစ်သည်။ ဟစ်ပ်ဟော့ပ်အဆိုတော်တစ်ဦးဖြစ်သည့် လမ်မာသည် ၂၀၁၆ ဂရမ်မီဆုပေးပွဲတွင် ဆုပေါင်း ၁၁ ဆုအတွက် လျာထားခံရသည်။ လျာထားခံရသည့်ဆုပေါင်း ခုနစ်ဆုနှင့် ဒုတိယနေရာမှ လိုက်နေသည့် တေးသံရှင်နှစ်ဦးမှာ တေလာဆွစ်နှင့် သယ်ဝိခ်ကန်းဒ်တို့ဖြစ်ကြသည်။

အေးပြည့် - စုစည်းသည်။

# ရုပ်မြင်သံကြားအစီအစဉ်များ

[၂၂ - ၁ - ၂၀၁၆ (သောကြာနေ့)]

## MRTV- 4

| | | | |
|---|---|---|---|
| ၅:၀၀ | ပဋ္ဌာန်းပါဠိတော်+ အာဋ္ဌာနာဋိယသုတ် | | "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၄၂) |
| ၅:၄၀ | "ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးနှင့် ကိုယ့်သာသနာအကြောင်း" တရားတော် (ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသ) | ၂:၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွှာ" (အပိုင်း-၃) |
| | | ၆:၁၀ | Health Fix |
| | | ၆:၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၈၀) |
| ၆:၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၇၉) | ၇:၁၅ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွှာ" (အပိုင်း-၄) |
| ၇:၅၀ | ရန်ကုန်မြင်ကွင်းကျယ် | ၈:၁၅ | ရသစုံညွှန်းတမ်းများ |
| ၈:၀၀ | "မင်္ဂလာပါ"The Morning Show | ၈:၃၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားက မေတ္တာများ" (အပိုင်း-၁၀၃) |
| ၉:၃၀ | MRTV-4ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၁၀၂) | ၉:၂၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၄၃) |
| ၁၀:၁၀ | ခေတ်သစ်ပျိုမေ | | |
| ၁၀:၅၅ | အနုပညာမိုးကောင်းကင် | ၁၀:၀၀ | အနုပညာမိုးကောင်းကင် |
| ၁၁:၂၀ | Food & Decor | ၁၀:၂၀ | MRTV-4 Stage |
| ၁၁:၅၀ | MRTV-4 Stage | ၁၀:၄၀ | World of Knowledge (Rosewell) |
| ၁၂:၁၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ | | |

## မြဝတီ

| | | | |
|---|---|---|---|
| ၆:၀၃ | တရားတော် | ၄:၄၀ | ဇာတ်လမ်းတို |
| ၆:၁၅ | မေတ္တာပို့ | ၄:၄၅ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၆:၂၀ | ဓမ္မပူဇာတေး | ၅:၁၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၆:၂၅ | ကိုယ်လက်လှုပ်ရှားအားကစား | ၅:၂၀ | လည်မယ် . . . စားမယ် ကမ္ဘာတစ်ခွင်ဝယ် |
| ၆:၃၅ | မျိုးချစ်တပ်မတော် | ၆:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၄၀ | မှတ်တမ်း | ၆:၀၅ | အမျိုးသားရေးတေးကဗျာ |
| ၆:၅၀ | မြန်မာသံစဉ်ချိုနားဝင် | ၆:၁၀ | ရှုမောဖွယ်ရာရွှေရုပ်လွှာ |
| ၇:၂၀ | မြန်မာပြည်တွင်ထုတ်လုပ်သည် | ၆:၃၀ | "ရွာ" ဟာသဇာတ်လမ်းတွဲ အပိုင်း(၃၃၆) ဒါရိုက်တာ မိုးဇော်ကို |
| ၇:၂၅ | အမျိုးသားရေးတေးကဗျာ | | |
| ၇:၃၀ | သင့်အတွက်တစ်နေ့တာ | | |
| ၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း | ၇:၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အရာရာထက်မင်း အပိုင်း(၅၇) |
| ၈:၀၅ | အမျိုးသားရေးတေးကဗျာ | | |
| ၈:၁၀ | စိုက်ပျိုးသုတ | | |
| ၈:၂၅ | DVD Hits | ၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၃၅ | ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ | | အမျိုးသားရေးတေးကဗျာ |
| | | | ဒွိတာဝန်အရေး(၃)ပါး |
| ၈:၅၀ | မြဝတီနေ့စဉ်သတင်း | | နိုင်ငံတကာသတင်း |
| ၉:၂၀ | သူနှင့်သူ၏သီချင်းများ | | မိုးလေဝသသတင်း |
| ၄:၀၂ | နိုင်ငံတော်သီချင်း | | VOA အင်္ဂလိပ်စာသင်ခန်းစာ |
| ၄:၀၃ | အဖွင့်သီချင်း | | သံစဉ်များနှင့်ကမ္ဘာ |
| ၄:၀၆ | တစ်ပတ်အတွင်း စီးပွားရေးသတင်း | | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| ၄:၁၅ | မျိုးချစ်တပ်မတော် | | Lucky Door |
| ၄:၂၅ | မြန်မာသံစဉ်ချိုနားဝင် | | မြဝတီရုပ်မြင်သံကြားသတင်း |

## mitv

| | |
|---|---|
| 07:26 | Discovering Tribes "Lisu: Their Life and Customs" (Part- II) |
| 07:47 | Distinguished Myanmar Ladies "Tin Moe Lwin" |
| 08:20 | The World Peace Buddhist Conference Opening Ceremony |
| 04:26 | Travelogue: "Anyar Myay" or Upcountry (Part- II) |
| 04:48 | A Lucky Boy |
| 05:26 | A Happy Visit to Zoological Garden (Nay Pyi Taw) |
| 05:37 | Myanmar Traditional Toys |
| 05:52 | Coin Collectors |
| 06:30 | Myanmar National Symphony Orchestra Concert 201610:26 "Travelogue: A Tour in Korea (Ep-5) |
| 10:43 | Karaweik Palace- A Symbol Of Glorious Myanma Culture |

**အားကစား**

# လာမည့်နှစ်တွင် မန်ယူအသင်း ကမ္ဘာ့ဝင်ငွေအကောင်းဆုံးအသင်းဖြစ်လာရန် ဒီလွိုက်မျှော်မှန်း

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းအနေဖြင့် လာမည့်နှစ်အတွင်း ကမ္ဘာ့ဝင်ငွေအကောင်းဆုံးကလပ်အဖြစ် ရပ်တည်နိုင်ရန် မျှော်မှန်းနိုင်ကြောင်း ဒီလွိုက်မှ ထုတ်ပြန်ကြေညာလိုက်သည်။ လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းသည် ၂၀၁၄-၂၀၁၅ဘောလုံးရာသီ၌ ဝင်ငွေယူရို ၅၇၇ သန်း (ပေါင် ၄၃၉ သန်း)ရရှိခဲ့ပြီး ကမ္ဘာ့ဝင်ငွေအကောင်းဆုံးကလပ်အသင်းအဖြစ် (၁၁)နှစ်ဆက်တိုက် ရပ်တည်နိုင်ခဲ့သည်။ ဘာစီလိုနာအသင်းသည် ဝင်ငွေယူရို ၅၆၀ ဒသမ ၈ သန်း (ပေါင် ၄၂၆ ဒသမ ၆သန်း) ဖြင့် ဒုတိယလိုက်နေပြီး မန်ယူအသင်းမှာ ဝင်ငွေ ယူရို ၅၁၉ ဒသမ ၅ သန်း(ပေါင် ၃၉၅ ဒသမ ၂ သန်း)ဖြင့် တတိယနေရာ၌ ရပ်တည်နေခဲ့သည်။



သို့သော်လာမည့်နှစ် ကလပ်အသင်းများ၏ ဝင်ငွေထုတ်ပြန်မှုတွင် မန်ယူအနေဖြင့် ယင်းစပိန်အင်အားကြီးကလပ်နှစ်ခု၏ ဝင်ငွေကို ကျော်ဖြတ်ရန် အလားအလာကောင်းနေပြီဖြစ်ကြောင်း ဒီလွိုက်၏ ကနဦး အစီရင်ခံစာတွင် ဖော်ပြပါရှိသည်။

ဒီလွိုက်ဆိုသည်မှာ အားကစားလောက လုပ်ငန်းစုတစ်ခု၏ ပရော်ဖက်ရှင်နယ်ဝန်ဆောင်မှုမှရရှိသော ဝင်ငွေများကို တွက်ချက်ဖော်ပြပေးနေသော အဖွဲ့အစည်းဖြစ်သည်။ ထိပ်တန်းဝင်ငွေရရှိသော ကလပ်အသင်း ၂၀ ၏ စုစုပေါင်း ဝင်ငွေပမာဏမှာ ယူရို ၆ ဒသမ ၆ ဘီလီယံသို့ စံချိန်တင်ရောက်ရှိလာခဲ့ပြီး ပြီးခဲ့သည့်ဘောလုံးရာသီကထက် ရှစ်ရာခိုင်နှုန်းမြင့်တက်လာခဲ့သည်။

မန်ယူအသင်းသည် ပြီးခဲ့သည့်နှစ်တွင် ရလဒ်ဆိုးများကြောင့် ဝင်ငွေအဆင့်(၂) နေရာမှ အဆင့်(၃) နေရာသို့ ဆင်းပေးခဲ့ရသော်လည်း ယခုနှစ်တွင်မူ “ စီးပွားရေးဆက်စပ်ဝင်ငွေတိုးတက်လာမှု” ကြောင့် ကမ္ဘာ့ဝင်ငွေအကောင်းဆုံးအသင်းအဖြစ် ရပ်တည်နိုင်ရန် အလားအလာများလာခြင်းဖြစ်သည်။ ယင်းသို့ ဝင်ငွေများတိုးတက်လာခြင်းမှာ အက်ဒီဒက်စ်ကုမ္ပဏီနှင့် ချုပ်ဆိုသောတစ်နှစ် ဝင်ငွေ ပေါင် ၇၅ သန်းတန် သဘောတူညီချက်အပါအဝင် ၂၀၁၆-၂၀၁၇ ဘောလုံးရာသီမှစတင်မည့်ပေါင် ၅ ဒသမ ၁ ဘီလီယံတန် ရုပ်သံထုတ်လွှင့်ကြေး စာချုပ်သစ်ချုပ်ဆိုထားခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် ရီးယဲလ်မက်ဒရစ်အနေဖြင့် ဝင်ငွေရရှိမှုတွင်မန်ယူ၏ ဖိအားပေးမှုကို ခံရဖွယ်ရှိနေပြီး လာမည့်နှစ်တွင် ဝင်ငွေအကောင်းဆုံးအသင်းနေရာအား မန်ယူသို့ လွှဲပြောင်းပေးရဖွယ်ရှိနေသည်။

ပရီမီယာလိဂ်အသင်းများ၏ ရုပ်သံထုတ်လွှင့်ကြေးတိုးမြင့်ရရှိမှုကြောင့် ပရီမီယာလိဂ်အသင်းများ၏ ဝင်ငွေတိုးတက်လာခဲ့ကာ ကမ္ဘာ့ဝင်ငွေ ထိပ်တန်းကလပ် အသင်း ၃၀ တွင်ပရီမီယာလိဂ်အသင်းသည် ၁၇ သင်းအထိ ပါဝင်နေသည်ကို တွေ့ကြရမည်ဖြစ်သည်။ မန်ယူအသင်းမှာ ၁၉၉၈ ခုနှစ်က ဝင်ငွေ ပေါင် ၈၇ ဒသမ ၉ သန်းဖြင့် ကမ္ဘာ့ဝင်ငွေအကောင်းဆုံးအသင်းအဖြစ် ရပ်တည်ခဲ့ဖူးသည်။ ရီးယဲလ်မက်ဒရစ်၊ ဘာစီလိုနာ၊ ဘိုင်ယန်မြူးနစ်နှင့် မန်ယူတို့မှာ ၂၀၀၈ ခုနှစ်ကတည်းက နှစ်စဉ်နှစ်တိုင်း ကမ္ဘာ့ထိပ်တန်းဝင်ငွေရရှိသော အသင်းငါးသင်းစာရင်းသို့ ဝင်ရောက်နိုင်ခဲ့ကြသည်။

ဝင်ငွေ ထိပ်တန်းအသင်း ၂၀ တွင် ပရီမီယာလိဂ်အသင်းကိုးသင်းအထိပါဝင်နေပြီး လာလီဂါကလပ်သုံးသင်း၊ စီရီးအေကလပ် လေးသင်း၊ ဘွန်ဒက်စ်လီဂါ ကလပ်သုံးသင်း၊ လီဂူး-၁ တစ်သင်းပါဝင်နေသည်။

**(မေလှဲသင်း)**

## ၂၀၁၄-၂၀၁၅ ဘောလုံးရာသီဝင်ငွေအကောင်းဆုံး ကမ္ဘာ့ထိပ်တန်းကလပ် အသင်း ၁၀ သင်း

| ယခုနှစ်ဝင်ငွေ ရပ်တည်မှုအဆင့် | ပြီးခဲ့သည့်နှစ် ဝင်ငွေရပ်တည်မှုအဆင့် | ကလပ်အမည် | ၂၀၁၄-၁၅ဝင်ငွေ (ယူရိုသန်းပေါင်း) | ၂၀၁၃-၁၄ဝင်ငွေ (ယူရိုသန်းပေါင်း) |
|---|---|---|---|---|
| ၁ | ၁ | ရီးယဲလ်မက်ဒရစ် | ၅၇၇ | ၅၉ ဒသမ ၅ |
| ၂ | ၄ | ဘာစီလိုနာ | ၅၆၀ ဒသမ ၈ | ၄၈၄ ဒသမ ၈ |
| ၃ | ၂ | မန်ယူ | ၅၁၉ ဒသမ ၅ | ၅၁၈ |
| ၄ | ၅ | ပီအက်စ်ဂျီ | ၄၈၀ ဒသမ ၈ | ၄၇၁ ဒသမ ၃ |
| ၅ | ၃ | ဘိုင်ယန်မြူးနစ် | ၄၇၄ | ၄၈၇ ဒသမ ၅ |
| ၆ | ၆ | မန်စီးတီး | ၄၆၃ ဒသမ ၅ | ၄၁၆ ဒသမ ၅ |
| ၇ | ၈ | အာဆင်နယ် | ၄၃၅ ဒသမ ၅ | ၃၅၉ ဒသမ ၃ |
| ၈ | ၇ | ချယ်လ်ဆီး | ၄၂၀ | ၃၈၇ ဒသမ ၉ |
| ၉ | ၉ | လီဗာပူး | ၃၉၁ ဒသမ ၈ | ၃၀၅ ဒသမ ၉ |
| ၁၀ | ၁၀ | ဂျူဗင်တပ် | ၃၂၉ ဒသမ ၉ | ၂၇၉ |

# ဂိုးပေါက်ပျောက်ဆုံးနေခဲ့သော်လည်း ယုံကြည်မှုရှိနေဆဲဖြစ်သည့် ဘန်တီကီ

လီဗာပူးအသင်းက အက်စီတာစီးတီးအသင်းအား သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် တိုက်စစ်မှူး ဘန်တီကီသည် ဂိုးမသွင်းနိုင်ခဲ့သော်လည်း ယုံကြည်မှုရှိနေဆဲဖြစ်ကြောင်း လီဗာပူးအသင်းနည်းပြ ဂျာဂန်ကလော့က ထုတ်ဖော်ပြောကြားလိုက်သည်။

တိုက်စစ်မှူး ဘန်တီကီသည် ဒီဇင်ဘာ ၃၀ ရက်က ဆန်းဒါးလန်းအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်နောက်ပိုင်း ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်ခြောက်ခုတွင် တစ်ဂိုးမျှသွင်းယူပေးနိုင်ခဲ့ခြင်း မရှိခဲ့ပေ။ သို့ရာတွင် တိုက်စစ်မှူး ဘန်တီကီသည် ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲအရပ်ရပ်၌ ပွဲပေါင်း ၂၅ ပွဲ ပါဝင်ကစားပေးခဲ့ရာ ခုနစ်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

တိုက်စစ်မှူး ဘန်တီကီသည် လီဗာပူးအသင်းက အက်စီတာစီးတီးအသင်းအား သုံးဂိုးပြတ်အနိုင်ရရှိခဲ့သည့် အက်ဖ်အေဖလား ပြန်ကန်ပွဲစဉ် ပထမပိုင်းတွင် အနီးကပ်ခေါင်းတိုက်ဂိုးသွင်းခွင့် နှစ်ကြိမ်ရရှိခဲ့သော်လည်း ရရှိလာခဲ့သည့် အခွင့်အရေးကို အသုံးမချနိုင်ခဲ့ပေ။ ယင်းပွဲစဉ်တွင် လီဗာပူးအသင်းအတွက် သွင်းဂိုးများကို ဂျိုးအယ်လ်လန်း၊ ရှီယီအိုဂျိုနှင့် ဂျိုဟာအိုကာလော့တို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ **(ငွေကြယ်)**



### အားကစားလောက သတင်းတိုများ

**❂ ဘီဘာအိုနှင့် ယှဉ်ပြိုင်ကစားခဲ့ရသည့် ပွဲစဉ်၌ ဘာစီလိုနာ ကွင်းလယ်ကစားသမား ရောဘတ်တိုမှာ နောက်ခံလူအဖြစ် ဝင်ရောက်ကစားပေးခဲ့ရသော်လည်း အကောင်းဆုံးခြေစွမ်းဖြင့် ကစားနိုင်ခဲ့ရာ ၎င်း၏ ခြေစွမ်းနှင့် ပတ်သက်၍ နည်းပြ အန်းနရစ်က ချီးကျူးစကားဆိုလိုက်သည်။**

**❂ ဂျူဗင်တပ်နည်းပြ အယ်လီဂရီနီက ဂျူဗီအနေဖြင့် နိုင်ပွဲများဆက်နေသော်လည်း ယခုထိ မည်သည့်ဖလားတစ်လုံးမျှ မရရှိသေးကြောင်း သတိပေးစကားဆိုလိုက်သည်။**

# အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ခြင်းလုံးပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်

**နေပြည်တော် ဇန်နဝါရီ ၂၁**

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလားနှင့် Max Power ဖလား ဝိုင်းဖွဲ့ခြင်းလုံးခတ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ နေ့လယ်ပိုင်းက မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ဝေရောစန ကျောက်စိမ်းစေတီတော်ပရိဝုဏ်တွင် ကျင်းပသည်။

ဗိုလ်လုပွဲပွဲစဉ်များအဖြစ် ပိုက်ကျော်ခြင်း အလွတ်တန်းပြိုင်ပွဲ၊ လူသစ်တန်းပြိုင်ပွဲ၊ ခြင်းလုံးပြိုင်ပွဲ ၁၀ ပေါက်တန်းပြိုင်ပွဲတို့ ကျင်းပသည်။ ပြိုင်ပွဲအပြီးတွင် ပိုက်ကျော်ခြင်းပြိုင်ပွဲ၌ အလွတ်တန်း အမျိုးသားပြိုင်ပွဲတွင် အားကစားဝန်ကြီးဌာန(က)အသင်း၊ အမျိုးသမီးပြိုင်ပွဲတွင် အားကစားဝန်ကြီးဌာန(က)အသင်း၊ လူသစ်တန်းပြိုင်ပွဲတွင် ပြည်ထဲရေး(က)အသင်းတို့ ဗိုလ်စွဲခဲ့သည်။ ခြင်းလုံးပြိုင်ပွဲ ၁၀ ပေါက်တန်း အမျိုးသားပြိုင်ပွဲတွင် ပထမ-မန္တလေးတိုင်းဒေသကြီးအသင်း၊ စွမ်းရည်ပြအလှခတ် အမျိုးသားပြိုင်ပွဲတွင် ပထမ-ဘဏ္ဍာရေးအသင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမ-မန္တလေးတိုင်းဒေသကြီး(က)အသင်း၊ လူသစ်တန်း အမျိုးသမီးပြိုင်ပွဲတွင် ပထမ-မန္တလေးတိုင်းဒေသကြီး(က)အသင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမ- မန္တလေးတိုင်းဒေသကြီး(က)အသင်း၊ ၄ ပေါက်တန်း အမျိုးသားပြိုင်ပွဲတွင် ပထမ-ကျန်းမာသုခအသင်းတို့က ရရှိခဲ့ပြီး ဆုများကို အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်နှင့် အာရှ ခြင်းလုံးအဖွဲ့ချုပ်တို့၏ ဥက္ကဋ္ဌဦးစိုးနိုင်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

**(ရှိုင်းထက်ဇော်)**

❑


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
နေပြည်တော်

လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် အောက်ဖော်ပြပါ (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရာထူးနေရာများ လစ်လပ်နေပါ၍ သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-
(က) ရုပ်သံကျွမ်းကျင်(၂)/ရုပ်သံကျွမ်းကျင်(၂) (တိုင်းရင်းသား) (၇၄)နေရာ
(ခ) အသံလွှင့်ကျွမ်းကျင်(၂)/အသံလွှင့်ကျွမ်းကျင် (၂) (တိုင်းရင်းသား) (၃၇)နေရာ
(ဂ) အငယ်တန်းအင်ဂျင်နီယာ(၂) (၇၂)နေရာ

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) (၅-၂-၂၀၁၆)ရက်နေ့တွင် အသက်(၃၀)နှစ် မကျော်ရ၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်ရ။
(ဂ) တက္ကသိုလ်၊ ကောလိပ်တစ်ခုခုမှ ဘွဲ့တစ်ခုရရှိပြီးသူ ဖြစ်ရမည်။
(ဃ) ရုပ်သံကျွမ်းကျင်(၂)/အသံလွှင့်ကျွမ်းကျင်(၂)ရာထူးအတွက်
- B.A (Journalism),B.A (English), M.A (English)(သို့မဟုတ်) B.A(EPP), Diploma in English Language Teaching, Diploma in Global English, Diploma in SEAMEO English အောင်မြင်ပြီးသူများနှင့် အင်္ဂလိပ်ဘာသာ (ရေး၊ ဖတ်၊ ပြော)ကျွမ်းကျင်သူကို ဦးစားပေးမည်။
- မြန်မာစာ၊ မြန်မာစကားဆိုင်ရာ ဗဟုသုတနှင့် သတင်းအကြောင်းအရာများကို စိတ်ပါဝင်စားသူများ ဦးစားပေးမည်။
- ရုပ်ရည်ရူပကာချောမောပြေပြစ်ရမည်။
- အသံသြဇာ ပြည့်စုံကောင်းမွန်၍ ပီသစွာပြောဆိုနိုင်ရမည်။
(င) ရုပ်သံကျွမ်းကျင်(၂)(တိုင်းရင်းသား)/ အသံလွှင့်ကျွမ်းကျင် (၂)(တိုင်းရင်းသား) ရာထူး (ကချင်၊ ကယား၊ ကယန်း၊ ဂေခို၊ ဂေဘား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း (လိုင်ဇို)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်း၊ ဝ၊ ကိုးကန့်၊ ပအိုဝ့်၊ ခနို) အတွက်
- ပညာအရည်အချင်း ဘွဲ့ရဦးစားပေးမည်။ အနိမ့်ဆုံးပညာအရည်အချင်းမှာ အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။
- မြန်မာဘာသာမှ သက်ဆိုင်ရာ တိုင်းရင်းသားဘာသာသို့ ကျွမ်းကျင်စွာ ဘာသာပြန်ဆိုရေးသားနိုင်ရမည်။
- သက်ဆိုင်ရာတိုင်းရင်းသားဘာသာစကားအား ကျွမ်းကျင်စွာ ပြောဆိုနိုင်သူဖြစ်ရမည်။
(စ) အငယ်တန်းအင်ဂျင်နီယာ(၂) ရာထူးအတွက်
- ME/BE (EP/EC/IT/Mechanical/Mechatronics),B.Tech(EP/EC/IT/Mechanical/Mechatronics), M.Sc(Engineering Physics),AGTI(EP/EC/IT/Mechanical/Mechatronics) ဖြစ်ရမည်။
(ဆ) ကွန်ပျူတာအခြေခံကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။ Audio/Video Editing ဘာသာရပ်များနှင့် မီဒီယာသင်တန်း တက်ရောက်ပြီးသူများ ဦးစားပေးမည်။
(ဇ) ကျန်းမာရေးကောင်းမွန်၍ အအေးခန်းတွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(ဈ) အနည်းဆုံးလုပ်သက် တစ်ဆက်တည်း (၅)နှစ်တာဝန်ထမ်းဆောင်ရမည်။
(ည) နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ အထက်အပိုဒ်(၂)ပါ အရည်အချင်းပြည့်မီသူများကို ရွေးချယ်ခန့်ထားရေးအတွက် အရည်အချင်းစစ်ဆေးရေး စာမေးပွဲများ(ရေးဖြေနှင့်နှုတ်ဖြေ)ကို ဖြေဆိုရမည်ဖြစ်ပြီး လျှောက်လွှာများကို ကိုယ်ရေးရာဇဝင်အကျဉ်းနှင့် အောက်ပါစာရွက်စာတမ်းများပူးတွဲလျက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း)သို့ (၅-၂-၂၀၁၆) ရက်နေ့ နောက်ဆုံးထား၍ အရောက်ပေးပို့ရမည်။
(က) ဘွဲ့လက်မှတ်မိတ္တူ
(ခ) ဒီပလိုမာ အောင်လက်မှတ်များရှိပါက မိတ္တူ
(ဂ) အသက်အထောက်အထားအတွက်အခြေခံပညာအထက်တန်း အောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(ဃ) သက်ဆိုင်ရာ မြို့နယ်ရဲစခန်းမှ လျှောက်လွှာပိတ်ရက် မတိုင်မီ (၆) လအတွင်း ရရှိထားသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း
(င) လိုင်စင်ဓာတ်ပုံ(၂)ပုံ (ဓာတ်ပုံနောက်ကျောတွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)
(စ) အလုပ်သမားမှတ်ပုံတင်မိတ္တူ
(ဆ) ဝင်ကြေးငွေကျပ် ၁၀၀၀ိ/-ပေးသွင်းသည့်ချလန်မူရင်း(သို့မဟုတ်) စာတိုက်ငွေပို့လွှာ(Money Order)ပြေစာမူရင်း

၄။ စာမေးပွဲဝင်ကြေးငွေကျပ် ၁၀၀၀ိ/-ကို မြန်မာ့စီးပွားရေးဘဏ်၊ တပ်ကုန်းမြို့၊ ငွေစာရင်းအမှတ်၊ အမ်ဒီ-၀၁၀၃၉၀သို့လည်းကောင်း၊ ရန်ကုန်မြို့အတွက် မြန်မာ့စီးပွားရေးဘဏ်၊ ကမာရွတ်ငွေစာရင်းအမှတ်၊ အမ်ဒီ-၀၁၀၆၆၉ သို့လည်းကောင်း၊ ကျန်ပြည်နယ်/တိုင်းဒေသကြီးများအတွက် ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)သို့ လိပ်မူ၍ သက်ဆိုင်ရာ စာတိုက်မှတစ်ဆင့် ဤဌာနသို့ငွေပို့လွှာ(Money Order)ဖြင့်ပူးတွဲ၍လည်းကောင်း ပေးပို့ရပါမည်။

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း) တယ်လီဖုန်းအမှတ်၊ ၀၆၇-၇၉၁၈၅/၇၉၁၈၆ တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

# တောဆင်ရိုင်းသတ်ဖြတ်သူများအား ရှာဖွေဖော်ထုတ်ဖမ်းဆီးအရေးယူ

**နေပြည်တော် ဇန်နဝါရီ ၂၁**

ပုသိမ်ခရိုင် သစ်တောဦးစီးဌာန ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံစစ်ဘက်ရေးရာ လုံခြုံရေးတပ်ဖွဲ့နှင့် မဒေါ့ကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးအဖွဲ့တို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တောဆင်ရိုင်း သတ်ဖြတ်သူများအား ဇန်နဝါရီ ၁ ရက်က ရှာဖွေဖော်ထုတ် ဖမ်းဆီး အရေးယူနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ချောင်းသာသစ်တောကြိုးဝိုင်း အကွက်အမှတ် (၅၂) ကျောက်ပုံ တောတွင်းစခန်း၌ လူသုံးဦး မော်တော်ဆိုင်ကယ်ဖြင့် တောအတွင်း ဝင်ရောက်သွားကြောင်း သတင်းပေးချက်အရ အထက်ပါပူးပေါင်းအဖွဲ့သည် တောအတွင်း ဝင်ရောက်၍ ရှာဖွေဖမ်းဆီးခဲ့ရာ ငဖဲမြို့ ဖြေကြီးကျေးရွာနေ ဦးခင်အောင်နှင့် မင်းလွင်ရွာနေ မောင်ချောက်တို့ နှစ်ဦးအား မော်တော်ဆိုင်ကယ်နှစ်စီး၊ ဆင်အရေခွံများ ထည့်ထားသည့် ပီနံအိတ်နှစ်လုံး၊ ကြပ်တိုက်ပြီး ဆင်နှာမောင်းကွင်း ၆၆ ကွင်း၊ ဆင်မြီးလေးခု၊ ဆင်သားရေ ချပ် ၁၂၀၊ ဆင်မြီးအမွှား အချောင်း ၃၀၊ ဆင်ပစ်ရာတွင် အဆိပ်အဖြစ် အသုံးပြုသည့် ဆေးဒါန်းကြီးတစ်ထုပ်နှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။



ထို့နောက် ဆက်လက်ရှာဖွေရာ အကွက်အမှတ် (၅၂) ရေသိုးချောက် လက်တက်အနီးနေရာမှ အရေခွံလှီး ဖြတ်ထားသော ဆင်သေတစ်ကောင်နှင့် ဆင်သေအနီး ကိုက် ၅၀ ခန့် အကွာတွင် ဆင်သားရေကြပ်တိုက်သည့် စင်အားတွေ့ရှိခဲ့သဖြင့် ပြစ်မှုကျူးလွန်သူနှစ်ဦးအား တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေး၊ သဘာဝ နယ်မြေများ ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၃၇(က) ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သစ်တောဦးစီးဌာနသည် တောဆင်ရိုင်းများ ပြည်သူလူထုအား အန္တရာယ်မပြုစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသလို တစ်ဖက်တွင်လည်း ဝိသမလောဘသမားများက တောဆင်ရိုင်းများကို အမဲလိုက်သတ်ဖြတ်ရောင်းဝယ် ဖောက်ကားမှုများကိုလည်း စုံစမ်းဖော်ထုတ် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

# မိုးပျံပူဖောင်းများအား ဂက်စ်အိုးဖြင့် လေဖြည့်စဉ် ပေါက်ကွဲမှုဖြစ်

**နေပြည်တော် ဇန်နဝါရီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၁)ရပ်ကွက် ဇေယျာသုခလမ်းနေ ဦးစန်းလွင်(၄၈)နှစ်သည် ဇန်နဝါရီ ၁၉ ရက် နံနက် ၁၀ နာရီခန့်က ဇနီးဖြစ်သူ ဒေါ်မြရင်(၄၈)နှစ်နှင့်အတူ နေအိမ်နောက်ဘေးမြေကွက်လပ်၌ ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ဂက်စ်အိုးဖြင့် မိုးပျံပူဖောင်းများအား လေဖြည့်စဉ် ဂက်စ်အိုးပေါက်ကွဲရာ ၎င်းတို့နှစ်ဦးတွင် ဒဏ်ရာများရရှိခဲ့သဖြင့် ဦးစန်းလွင်အား ဒဂုံ(မြောက်) မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

# ဆင်မှန်ယိုမှုကြောင့် ဆင်ဦးစီးသေဆုံး

**မန္တလေး ဇန်နဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ကွင်း ၃၀ ကျေးရွာ အရှေ့ဘက် ၁၀ မိုင်ခန့်အကွာ နန့်ပန်သဲနီကြိုးဝိုင်း ဘိုင့်ဘင်သစ်ထုတ်လုပ်စခန်းတွင် ဇန်နဝါရီ ၁၉ ရက် ည ၈ နာရီခွဲက သစ်ထုတ်လုပ်ရေးပိုင်ဆင်မှ ဆင်ဦးစီးတစ်ဦးအား နှာမောင်းဖြင့် ဖိသတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့က မြန်မာ့သစ်ထုတ်လုပ်ရေးပိုင် ဆင်အမှတ်(၃၅၂၀) ကျော်စိုးမိုး(ခ)ထီးဟန်(ခ) ဟုတ်ကုတ်သည် မှန်ယိုကာ လုပ်ကွက်မှ ဆင်လွတ်သည့်အချိန် ဆင်ဦးစီး ဦးမောင်ဆန်း (၄၅) နှစ်အား နှာမောင်းဖြင့်ဖိသတ်ရာ ဦးမောင်ဆန်းတွင် ဒဏ်ရာရရှိပြီး အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

# ပိုက်ဆံအိတ်လုယက်သူအား ဖမ်းဆီးအရေးယူ

**မန္တလေး ဇန်နဝါရီ ၂၁**

မဟာအောင်မြေမြို့နယ် မြို့မရဲစခန်းမှ ရဲအုပ်မိုးဝင်းစိန်နှင့် အဖွဲ့သည် ဇန်နဝါရီ ၁၉ ရက် ည ၁၁ နာရီ မိနစ် ၅၀ ခန့်က နယ်မြေအတွင်းလှည့်ကင်းဆောင်ရွက်စဉ် (၆၆) လမ်းနှင့် (၃၈) လမ်းဆုံတွင် အမျိုးသမီးကိုင်ပိုက်ဆံအိတ် တစ်လုံးနှင့် တွေ့ရှိသူ စွမ်းထက်အောင်(၁၈)နှစ် ကျောက်သွေးသံလျက်မှော် အရှေ့ရပ်ကွက် မဟာအောင်မြေမြို့နယ်နေသူအား စစ်မေးခဲ့သည်။

ယင်းသို့စစ်မေးရာ ၎င်းသည်တစ်ရပ်တည်းနေ ပိုင်လေး(ခ)ကုလား(၂၃) နှစ်နှင့်အတူ ည ၁၁ နာရီခွဲခန့်က (၆၆) လမ်း (၃၅) လမ်းနှင့် (၃၆) လမ်းကြားတွင် ဆိုင်ကယ်စီး အမျိုးသမီးတစ်ဦးထံမှ ငွေကျပ် ၃၅၂၀၀၊ မှတ်ပုံတင်ကတ်တစ်ခုပါ အမျိုးသမီးကိုင် ပိုက်ဆံအိတ်အား ဆွဲယူပြီး ဆိုင်ကယ်ဖြင့် ထွက်ပြေးခဲ့ကြောင်း သိရသဖြင့် သက်သေခံ ပိုက်ဆံနှင့် ပစ္စည်းအား သိမ်းဆည်းပြီး စွမ်းထက်အောင်နှင့် ပိုင်လေး(ခ) ကုလားတို့အား မဟာအောင်မြေမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(သီဟကိုကို)**

# ဆိုလာပြားမှ ဘက်ထရီအိုးအားသွင်းစဉ် မီးလောင်မှုဖြစ်ပွား

**ပဲခူး ဇန်နဝါရီ ၂၁**

ပဲခူးမြို့၏တောင်ဘက် နှစ်မိုင်ခန့်အကွာ ကတွင်းခြံ ကျေးရွာအုပ်စု တောင်သူစု ကျေးရွာတွင် ဇန်နဝါရီ ၂၀ ရက် ညနေ ၄ နာရီခွဲခန့်က ဆိုလာပြားမှ ဘက်ထရီအိုး အားသွင်းစဉ် မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ ညနေ ၄ နာရီ ၂၅ မိနစ်ခန့်က ပဲခူးမြို့ တောင်သူစု ကျေးရွာနေ မခိုင်ရွှေဦး၏ သုံးပင်ပတ်လည် ပျဉ်ထောင်သွပ်မိုး တစ်ထပ်အိမ်အတွင်း ဆိုလာပြားဖြင့် ဘက်ထရီးအိုး အားသွင်းထားစဉ် အပူလွန်ပြီး ပေါက်ကွဲမှုဖြစ်ကာ နေအိမ်အား မီးကူးစက် လောင်ကျွမ်းခဲ့သည်။

ဆက်လက်၍ ဒေါ်မြင့်ရီ (၄၅) နှစ်၏ သုံးပင်ပတ်လည် ပျဉ်ထောင် သွပ်မိုး နေအိမ်တစ်လုံးနှင့် ဒေါ်ဖြူ (၆၅)နှစ်၏ သုံးပင်ပတ်လည် သွပ်မိုး ပျဉ်ခင်း နေအိမ်တစ်လုံးတို့ပါ မီးကူးစက်လောင်ကျွမ်းခဲ့သည်။

မီးလောင်ရာသို့ ဒု-ရဲမှူး နိုင်ဝင်းထွန်း၊ ပဲခူးမြို့မရဲစခန်း စခန်းမှူး ဒု-ရဲမှူး ရဲအုပ်မျိုးအောင်နှင့် သန္ဓေမီးသတ် တပ်ဖွဲ့ဝင်များ၊ ပြည်သူများက မီးသတ်ယာဉ် ငါးစီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

မီးလောင်မှုနှင့် ပတ်သက်၍ ခိုင်ရွှေဦးအား ပဲခူးမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**မင်းစစ်သူ(ပဲခူး)**




## အထူးလိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူကြောင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၂၂)ရပ်ကွက်၊ ရွှေလင်ပန်းစက်မှုဇုန်၊ ပဒုမ္မာလမ်းတွင် တည်ဆောက်လျှဒါန်းလျက်ရှိသော "အနန္တသုခ ကုစ္ဆာသယ" စေတီတော်ကြီးနှင့် စေတီတော်ကြီး ပရဝဏ်အတွင်းရှိ နဂါးညီနောင်ဘုရား၊ နဂါးရုံဘုရား၊ ပတ္တမြားမျက်ရှင်ဘုရား၊ ရှင်သီဝလိ၊ ရှင်ဥပဂုတ္တရေကန်၊ မဟာဗောဓိညောင်ပင်၊ အာရုံခံတန်ဆောင်းနှင့် စေတီတော် မုခ်ဦးတို့၏ အလှူ့ဒါယကာ၊ ဘုရားဒါယကာ၊ သုဓမ္မမဏိဇောတဓရ ဦးနီနီ(ခ)ဦးတင်စိန်-အောင်သစ်လွင်ကုန်စည်ပို့ဆောင်ရေး (ဘုရင့်နောင်)အား ၄-၁-၂၀၁၆ရက်(လွတ်လပ်ရေးနေ့)တွင် သာသနာတော်ဆိုင်ရာ သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်အား ထိုက်ထိုက်တန်တန် ထပ်မံချီးမြှင့်ခြင်းခံရပါသောကြောင့် မိသားစုနှင့်ထပ်တူ ဝမ်းမြောက်ဝမ်းသာဖြစ်မိပါကြောင်း နှင့် သာသနာ့အကျိုး၊ နိုင်ငံ့အကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သလိုက်ပါသည်။

**သီလရှင်ဆရာကြီး ဒေါ်သေဂီ**

**မေတ္တာသီတဂူမိန်းကလေး(ပရဟိတ) သီလရှင်စာသင်တိုက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။**

## အထူးလိုက်လှဲဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ

၂၀၁၆ခုနှစ်၊ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆)၄-၁-၂၀၁၆ ဖြင့် ဦးလှမြင့် (မန်နေဂျင်းဒါရိုက်တာ) ပုလင်းအမျိုးမျိုး ရောင်းဝယ်သန့်စင်ရေးနှင့် တော်ဝင်ထွန်း မြန်မာပြည်အနှံ့ ဘုရားဖူးအပန်းဖြေခရီးသွားပို့ဆောင်ရေးအား "သုဓမ္မမဏိဇောတဓရ" ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန်ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးလိုက်လှဲ ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် နောင်တွင်လည်း မိသားစုနှင့်အတူ သက်ရှည်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် နိုင်ငံနှင့် လူမျိုးဘာသာ သာသနာအကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် အထူးဂုဏ်ပြုအပ်ပါသည်။

**အောင်စိုးမိုး**
**ပုလင်းအမျိုးမျိုးရောင်းဝယ်ရေးနှင့်**
**ဆေးကြောသန့်စင်ရေး**
**၅၄-လမ်း၊ ဗိုလ်တထောင်မြို့နယ်**

နှစ်သစ်မှာ ချိုနဲ့အတူ ခရီးသွားရအောင်..
Restaurant,Hotel,VIP Tour Express - SCANIA (2+1, 2+2) ကားသစ်ကြီးများဖြင့်
50% Discounts — Feb-11
ပုဂံ–ညောင်ဦး–ပုပ္ပါး–ပခုက္ကူ လင်းဘုရားရုံ ၃ည / ၄ရက် VIP 120000
Ph: 09-420073607, 09-73211079, 09-49250637

### ပျောက်ဆုံး

ကျွန်မ ဒေါ်တင်တင်နွယ်[၁၄/ပသန(နိုင်)၀၂၈၇၂၂] ၏ မြန်မာသီလဝါ SEZ Holding Public Ltd ၏ အစုရှယ်ယာရှင်သက်သေခံလက်မှတ်မူရင်း (ID. No. 14410)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၂၃၆၄၉၁

09-420073607
09-73211079
09-49250637
Car Rental, Sale & Services
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။

### ဖခင်အမည်မှန်

(၉၃)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ အ. လ. က (ခွဲ)(၂)ဒဂုံဆိပ်ကမ်း၊ အဌမတန်း(A)မှ မောင်ဖြိုးမောင်မောင်နှင့် စတုတ္ထတန်း(C)မှ မအေးအေးမြတို့၏ ဖခင်အမည်မှန်မှာ ဦးဇော်လေးမြင့်(၇/ဒဥန (နိုင်) ၀၉၇၄၆၂) ဖြစ်ပါသည်။ ဦးဇော်လေးမြင့်

### မွေးသက္ကရာဇ်အမှန်

အဖ ဦးတင်မောင်ဝင်း၏သားဖြစ်သူ မောင်မင်းတင်မွန်(၁၂/ဒဂတ(နိုင်)၀၆၇၁၉၀) ၏ မွေးသက္ကရာဇ်အမှန်မှာ (၂၇-၈-၁၉၈၉) ဖြစ်ပါသည်၊

PANDA (အင်ဂျင်နီယာအဖွဲ့) Since 1999
★ Air-Con,ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊Boiler၊ ရေနွေးချိုးစက်များကို ပြုပြင်၊ တပ်ဆင်၊ ဆေးကြောပေးပါသည်။
★ Air-Conအသစ်များကို Dealerဈေးနှုန်းအတိုင်းရောင်းပေးခြင်း၊
★ Air-Con အဟောင်းနှင့်အသစ် လဲလှယ်တပ်ဆင်ပေးခြင်း၊
Air-Con ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလိုပါသလား၊ ရိုးသား၊ ကြိုးစား၊ သွက်လက်ပြီး ဉာဏ်ရည်ထက်မြက်သော လူငယ်များကို အခမဲ့ သင်ကြားပေးပါသည်။ (လူဦးရေ ကန့်သတ်ထားသည်။)
09 7322 9024, 09 515 8803, 09 519 8402
အမှတ် ၁၃၀၊ ၉၄လမ်း၊ ဒေါ်သိန်းတင်ဘက်ထိပ်၊ မင်္ဂလာတောင်ညွန့်။
web: www.pandaaircon.com e-mail: knw@pandaaircon.com

ကိုကျော်နိုင် CAR RENTAL
မြို့တွင်း မြို့ပြင် စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန်
KLUGER, ALPHARD
ကားသစ်ကြီးများဖြင့် ဝန်ဆောင်မှု ပေးပါသည်။
09 2535 82510, 09 78 515 8803

# ဥပဒေဆိုင်ရာအထောက်အကူပေးရေး ဥပဒေပြဋ္ဌာန်း

*(ယမန်နေ့မှအဆက်)*

(ခ) ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းများကို အများပြည်သူ ယုံကြည်နားလည်လက်ခံလာစေရန် အသိပညာပေး ဆွေးနွေးခြင်း၊

(ဂ) ဥပဒေဆိုင်ရာအထောက်အကူပေးရာတွင် ဥပဒေဆိုင်ရာ အထောက်အကူပေးသူများ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်းပါဝင်လာရန် ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဃ) ဥပဒေအကူအညီပေးရေးလုပ်ငန်းလုပ်ဆောင်လိုသော အဖွဲ့အစည်းများက ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် လျှောက်ထားလာပါက စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ပြီး အသိအမှတ်ပြုအဖွဲ့အစည်းအဖြစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုခြင်း၊

(င) ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့တို့၏ လမ်းညွှန်ချက်များ၊ သတ်မှတ်ချက်များနှင့်အညီ ဥပဒေဆိုင်ရာအထောက်အကူပေးရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းများအလိုက် ပါဝင်ဆောင်ရွက်မည့် ဥပဒေဆိုင်ရာအထောက်အကူပေးသူများအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် တာဝန်ပေးအပ်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဆ) မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သို့ လစဉ် တင်ပြခြင်း၊

**အခန်း (၈)**

**ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၊ အဖွဲ့ဝင်တို့၏ သက်တမ်းနှင့် အစားထိုးခန့်ထားခြင်း**

၁၄။ (က) ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှ ငါးနှစ်ဖြစ်သည်။

(ခ) ရာထူးအလျောက် တာဝန်ပေးအပ်ထားသော နိုင်ငံ့ဝန်ထမ်းအဖွဲ့ဝင်များမှအပ ကျန်အဖွဲ့ဝင်တစ်ဦးသည် အဖွဲ့ဝင်အဖြစ် တစ်ဆက်တည်း နှစ်ကြိမ်ထက်ပို၍ တာဝန်ထမ်းဆောင်ခြင်းမပြုရ။

၁၅။ (က) ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်တွင် အဖွဲ့ဝင်နေရာလစ်လပ်ပါက လစ်လပ်သည့်နေရာအလိုက် အစားထိုးခန့်အပ်နိုင်သည်။

(ခ) ထိုသို့ဖြည့်စွက်ခန့်ထားခြင်းခံရသောအဖွဲ့ဝင်၏ သက်တမ်းသည် ကျန်ရှိသည့် ရာထူးသက်တမ်းကုန်ဆုံးချိန်အထိ ဖြစ်သည်။

၁၆။ ဥပဒေဆိုင်ရာအထောက်အကူပေးရေး အဖွဲ့ဝင်များသည် အောက်ဖော်ပြပါအခြေအနေများ ပေါ်ပေါက်ပါက အဖွဲ့ဝင်အဖြစ်မှ ရပ်စဲစေရမည်-

(က) ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၏ သက်တမ်းကုန်ဆုံးခြင်း၊

(ခ) ဥက္ကဋ္ဌထံ စာဖြင့်ရေးသား၍ မိမိဆန္ဒအလျောက် ရာထူးမှနုတ်ထွက်ကြောင်း တင်ပြခြင်း၊

(ဂ) အဖွဲ့ဝင်များထဲမှ အနည်းဆုံး သုံးပုံနှစ်ပုံက အဖွဲ့ဝင်တစ်ဦးကို ဆက်လက်တာဝန်ပေးအပ်ရန် မသင့်လျော်ကြောင်း အကြောင်းပြချက်ဖြင့် အဖွဲ့ဝင်အဖြစ်မှ ရပ်စဲရန် တင်ပြလာပါက-

(၁) ပြည်ထောင်စု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ဝင်ဖြစ်ပါက လိုအပ်သော စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး ခိုင်လုံသော အထောက်အထားတွေ့ရှိလျှင် ပြည်ထောင်စုတရားသူကြီးချုပ်က အဖွဲ့ဝင်အဖြစ်မှ ရပ်စဲရန် ဆုံးဖြတ်ခြင်း၊

(၂) မြို့နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ဝင်ဖြစ်ပါက လိုအပ်သောစုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး ခိုင်လုံသော အထောက်အထားတွေ့ရှိလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က အဖွဲ့ဝင်အဖြစ်မှရပ်စဲရန် ဆုံးဖြတ်ခြင်း၊

(ဃ) လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ခြင်း၊

(င) ဥပဒေအရ သတ်မှတ်သော ဆေးဘုတ်အဖွဲ့၏ စစ်ဆေးချက်အရ ကိုယ်စိတ်နှစ်ပါးအနက် တစ်ပါးပါးသည် ထာဝစဉ်ချို့ယွင်းသွားခြင်းကြောင့် တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်းမရှိခြင်း၊

(စ) ကွယ်လွန်ခြင်း။

**အခန်း (၉)**

**ဥပဒေဆိုင်ရာအထောက်အကူရရှိရန် တောင်းခံခြင်းနှင့် ဥပဒေဆိုင်ရာအထောက်အကူပေးခြင်း**

၁၇။ ဥပဒေဆိုင်ရာအထောက်အကူ တောင်းခံခွင့်ရှိသူများသည် ဥပဒေဆိုင်ရာအထောက်အကူ ရယူလိုပါက သက်ဆိုင်သည့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ တင်ပြတောင်းခံနိုင်သည်။

၁၈။ သက်ဆိုင်သည့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ပုဒ်မ ၁၇ အရ တင်ပြတောင်းခံချက်ကို လက်ခံရရှိသည့်အခါ -

(က) သတ်မှတ်ချက်များနှင့်ညီညွတ်ပါက လိုအပ်သော ဥပဒေဆိုင်ရာ အထောက်အကူပေးရန် ဆောင်ရွက်ရမည်။

(ခ) သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိလျှင် ကျိုးကြောင်းဖော်ပြ၍ ဥပဒေဆိုင်ရာ အထောက်အကူပေးရန် ငြင်းဆိုနိုင်သည်။

၁၉။ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ခ) အရ ငြင်းဆိုခြင်းခံရလျှင် ဥပဒေဆိုင်ရာအထောက်အကူ တောင်းခံခွင့်ရှိသူများသည် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်ထံ တင်ပြတောင်းခံနိုင်သည်။

**အခန်း (၁၀)**

**ဥပဒေဆိုင်ရာ အထောက်အကူပေးသူ သို့မဟုတ် အသိအမှတ်ပြု အဖွဲ့အစည်းအဖြစ် လျှောက်ထားခြင်းနှင့်တာဝန်ပေးအပ်ခြင်း**

၂၀။ ရှေ့နေများသည် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များတွင် ဥပဒေဆိုင်ရာအထောက်အကူပေးရေးရှေ့နေအဖြစ် တာဝန်ပေးရန် သတ်မှတ်ချက်များနှင့်အညီ တင်ပြလျှောက်ထားနိုင်သည်။

၂၁။ အောက်ပါပုဂ္ဂိုလ်များသည် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များတွင် ရှေ့နေမဟုတ်သော ဥပဒေဆိုင်ရာအထောက်အကူပေးသူအဖြစ် တာဝန်ပေးရန် သတ်မှတ်ချက်များနှင့်အညီ တင်ပြလျှောက်ထားနိုင်သည်-

(က) အစိုးရအသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုတွင် ဥပဒေပညာ သင်ယူနေသူနှင့် ယင်းတက္ကသိုလ်တစ်ခုခုမှ ဥပဒေဘွဲ့ရရှိပြီးသူ၊

(ခ) ဥပဒေဘွဲ့မရရှိသော်လည်း တရားစီရင်ရေးလုပ်ငန်း၊ ဥပဒေနှင့်သက်ဆိုင်သောလုပ်ငန်း သို့မဟုတ် ရုံးဌာနများတွင် အတွေ့အကြုံရှိသူ။

၂၂။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီထားသည့် အဖွဲ့အစည်းတစ်ခုခုသည် ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းများတွင် အသိအမှတ်ပြုအဖွဲ့အစည်းအဖြစ် ပူးပေါင်းဆောင်ရွက်နိုင်ရန် သက်ဆိုင်သည့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၂၃။ သက်ဆိုင်သည့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ပုဒ်မ ၂၂ အရ လျှောက်ထားချက်ကို စိစစ်ပြီး သက်ဆိုင်သည့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်သို့ သဘောထားမှတ်ချက်ဖြင့် တင်ပြရမည်။

၂၄။ ဥပဒေဆိုင်ရာအထောက်အကူပေးသူနှင့် အသိအမှတ်ပြုအဖွဲ့အစည်းများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်နှင့် ဥပဒေဆိုင်ရာအထောက်အကူပြုရေးအဖွဲ့များ၏ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်။

**အခန်း(၁၁)**

**ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းများ**

၂၅။ ဥပဒေဆိုင်ရာအထောက်အကူပေးသူသည် ထိန်းသိမ်းခြင်း သို့မဟုတ် ဖမ်းဆီးခြင်းခံရသူနှင့်ပတ်သက်၍ -

(က) ရဲစခန်း သို့မဟုတ် အခြားတစ်နေရာ၌ ထိန်းသိမ်းခြင်း သို့မဟုတ် ဖမ်းဆီးခြင်းခံရသူ၏ မိသားစုများကို အသိပေးအကြောင်းကြားခြင်းနှင့် လိုအပ်ပါက ဤဥပဒေနှင့်အညီ ဥပဒေဆိုင်ရာအထောက်အကူပေးနိုင်ရန် ဆောင်ရွက်ရမည်။

(ခ) တရားရုံးတွင် ချုပ်မိန့် တောင်းခံသည့်အခါတွင်ဖြစ်စေ၊ ချုပ်မိန့်ဖြင့် ဆက်လက်ချုပ်နှောင်ခံရသည့်အခါတွင်ဖြစ်စေ ခုခံချေပနိုင်ရေးအတွက် ဥပဒေဆိုင်ရာအထောက်အကူပေးရမည်။

(ဂ) တရားစွဲတင်မည့် ရဲတပ်ဖွဲ့ သို့မဟုတ် သက်ဆိုင်ရာအဖွဲ့အစည်းက စုံစမ်းစစ်ဆေးရာတွင်ဖြစ်စေ၊ စိစစ်ဆောင်ရွက်ရာတွင်ဖြစ်စေ ခုခံချေပနိုင်ရေးအတွက် ဥပဒေဆိုင်ရာ အထောက်အကူပေးရမည်။

(ဃ) တရားရုံးတွင် အမှုစစ်ဆေးဆဲ ကာလအတွင်း လိုအပ်သော ဥပဒေဆိုင်ရာအထောက်အကူပေးရမည်။

၂၆။ ဥပဒေဆိုင်ရာအထောက်အကူပေးသူသည် ပြစ်ဒဏ်ချမှတ်ခံရသော တရားခံနှင့်ပတ်သက်၍ -

(က) အယူခံမှု၊ ပြင်ဆင်မှုနှင့် အထွေထွေလျှောက်ထားမှုများတွင် လိုအပ်သော ဥပဒေဆိုင်ရာ အထောက်အကူပေးရမည်။

(ခ) အချုပ်စခန်း၊ အကျဉ်းထောင် သို့မဟုတ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးနှင့် သက်မွေးပညာသင်စခန်းများသို့ အပို့ခံရသူများ ရထိုက်သည့် သက်သာခွင့်အရပ်ရပ်အတွက် ဥပဒေဆိုင်ရာ အထောက်အကူပေးရမည်။

၂၇။ ဥပဒေဆိုင်ရာအထောက်အကူပေးသူသည် စွပ်စွဲခြင်း၊ တရားစွဲဆိုခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း၊ အကျဉ်းချခြင်းခံရသူနှင့်ပတ်သက်၍ -

(က) နိုင်ငံသားဖြစ်သော်လည်း ဆက်သွယ်ပြောဆိုရာ၌ ဘာသာစကား အခက်အခဲရှိလျှင် ဘာသာစကားနားလည်သူမှတစ်ဆင့် ဆောင်ရွက်ရမည်။

(ခ) နိုင်ငံခြားသားဖြစ်လျှင် ဥပဒေဆိုင်ရာ အထောက်အကူရရှိနိုင်ကြောင်း စကားပြန်မှတစ်ဆင့် ရှင်းလင်းပြောကြားခြင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာကောင်စစ်ဝန်ရုံးသို့ နှောင့်နှေးမှုမရှိဘဲ အကြောင်းကြားရမည်။

(ဂ) မသန်စွမ်းသူဖြစ်လျှင် ၎င်း၏ကိုယ်အမူအရာ သို့မဟုတ် ခြေဟန်၊ လက်ဟန်၊ လက်သင်္ကေတပြ ဘာသာစကား၊ လက်စမ်းစာပေကို နားလည်သိရှိသူမှတစ်ဆင့် ဆောင်ရွက်ရမည်။

၂၈။ ဥပဒေဆိုင်ရာအထောက်အကူပေးရာတွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးတို့ကို မထိခိုက်စေရန်လည်းကောင်း၊ ဥပဒေနှင့်အညီ ရပိုင်ခွင့်များ မဆုံးရှုံးစေရန်လည်းကောင်း အလေးထား ဆောင်ရွက်ရမည်။

၂၉။ ဥပဒေဆိုင်ရာအထောက်အကူပေးရာတွင် ထူးခြားသည့်အကြောင်းအရာ တစ်ခုခုကြောင့် အကူအညီတောင်းခံလာသည့် ပြစ်မှုနှင့်ဆိုင်သောသက်သေကို ဥပဒေဆိုင်ရာအထောက်အကူပေးရမည်။

၃၀။ ဥပဒေဆိုင်ရာအထောက်အကူပေးသူများသည် မိမိဆောင်ရွက်သော ဥပဒေဆိုင်ရာ အထောက်အကူပြုခြင်းကိစ္စရပ်များကို သက်ဆိုင်ရာဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်သို့ သတ်မှတ်ချက်များနှင့်အညီ တင်ပြရမည်။

၃၁။ ဥပဒေဆိုင်ရာအထောက်အကူပေးသူများသည် ဥပဒေဆိုင်ရာအထောက်အကူ တောင်းခံခွင့်ရှိသူများထဲမှ ကလေးသူငယ်၊ မသန်စွမ်းသူ၊ အမျိုးသမီး၊ ခုခံအားကျဆင်းမှုရောဂါနှင့်အခြားကူးစက်မြန်ရောဂါ ခံစားနေရသူများကို ဥပဒေဆိုင်ရာအထောက်အကူရရှိရန် ဦးစားပေးဆောင်ရွက်ရမည်။

၃၂။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ဥပဒေဆိုင်ရာအထောက်အကူပေးရန် ဆုံးဖြတ်ပါက တရားစွဲမတင်မီနှင့်တရားစွဲတင်ပြီးနောက် မူလရုံးတွင်ဖြစ်စေ၊ အထက်ရုံးအဆင့်ဆင့်တွင်ဖြစ်စေ စွပ်စွဲခံရသူ၊ ပြစ်မှုကျူးလွန်ခံရခြင်းကြောင့် နစ်နာသူနှင့် ပြစ်မှုနှင့်သက်ဆိုင်သော သက်သေများအတွက် ဥပဒေဆိုင်ရာအထောက်အကူပေးရန် ဥပဒေဆိုင်ရာအထောက်အကူပေးသူတစ်ဦးဦးအား တာဝန်ပေးခန့်အပ်ရမည်။ စွပ်စွဲခံရသူတစ်ဦးထက်ပိုပါက လိုအပ်လျှင် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ကို ခန့်အပ်တာဝန်ပေးနိုင်သည်။

**အခန်း (၁၂)**

**ဘဏ္ဍာရေး**

၃၃။ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်အတွက် လိုအပ်သော ဘဏ္ဍာငွေအရအသုံးစာရင်းများကို ပြည်ထောင်စု၏ နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတွင် ထည့်သွင်းတင်ပြနိုင်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်ပြရမည်။

၃၄။ (က) ပြည်ထောင်စု ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ပြည်ပမှပုဂ္ဂိုလ် သို့မဟုတ် တရားဝင်အဖွဲ့အစည်းများ၏ လှူဒါန်းငွေများ သို့မဟုတ် ပစ္စည်းများကိုလည်းကောင်း၊ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်သည် ပြည်တွင်းမှပုဂ္ဂိုလ် သို့မဟုတ် တရားဝင်အဖွဲ့အစည်းများ၏ လှူဒါန်းငွေများ သို့မဟုတ် ပစ္စည်းများကို လည်းကောင်း စိစစ်လက်ခံနိုင်သည်။

(ခ) လက်ခံရရှိသော အလှူငွေနှင့်ပစ္စည်းများအား အဆင့်ဆင့်တင်ပြပြီး အဖွဲ့ပိုင်စာရင်း၌ လုပ်ထုံးလုပ်နည်းနှင့်အညီ ထည့်သွင်းဖော်ပြရမည်။

၃၅။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်သည် -

(က) ဘဏ္ဍာငွေသုံးစွဲရာတွင် တည်ဆဲဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းနှင့်အညီ သုံးစွဲပြီး စာရင်းဇယားမှတ်တမ်းများကို စေတနာရှင်နှင့် အများပြည်သူတို့ ထင်သာမြင်သာရှိစေရန် ဆောင်ရွက်ရမည်။

(ခ) သက်ဆိုင်ရာ စာရင်းရုံး၏ သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးမှုကို ခံယူရမည်။

၃၆။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်တွင် တာဝန်ပေးအပ်ခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ပုဂ္ဂိုလ်များ၊ ယင်းအဖွဲ့၏ အကြံပေးပုဂ္ဂိုလ်များ၊ ဥပဒေဆိုင်ရာအထောက်အကူပေးသူများအတွက် ချီးမြှင့်ငွေနှင့်စရိတ်များကို ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့က ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်။

**အခန်း (၁၃)**

**ဥပဒေအထောက်အကူပေးသူများအား ကြီးကြပ်ခြင်း**

၃၇။ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် -

(က) ဥပဒေဆိုင်ရာအထောက်အကူပေးသူများနှင့်စပ်လျဉ်း၍ ဥပဒေအထောက်အကူပေးသူများအား အသိအမှတ်ပြုလွှာပေးအပ်ရာတွင် လိုအပ်သော စည်းကမ်းချက်များ သတ်မှတ်ထားရှိရမည်။

(ခ) ဥပဒေဆိုင်ရာအထောက်အကူပေးသူများက ဥပဒေအထောက်အကူ တောင်းခံသူများထံမှ အခကြေးငွေ သို့မဟုတ် အကျိုးအမြတ် တစ်စုံတစ်ရာ တောင်းခံခြင်းမရှိစေရန် ကြီးကြပ်ရမည်။

(ဂ) ဥပဒေဆိုင်ရာအထောက်အကူပေးသူများအနေဖြင့် အဂတိလိုက်စားမှုမရှိစေရန် ကြီးကြပ်ရမည်။

(ဃ) ဥပဒေဆိုင်ရာအထောက်အကူပေးသူများက ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ)တို့ပါ အချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်သည်ဟု သတင်းရရှိလျှင် ထိုသူအား ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့က တာဝန်ပေးအပ်သော ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်မှ ပုဂ္ဂိုလ်သုံးဦးပါဝင်သည့်အဖွဲ့ဖြင့် စုံစမ်းစစ်ဆေး တင်ပြစေရမည်။

(င) ပုဒ်မခွဲ (ဃ) ပါစုံစမ်းစစ်ဆေးပေါ်ပေါက်ချက်အရ ယင်းဥပဒေဆိုင်ရာ အထောက်အကူပေးသူအား အရေးယူနိုင်ရန်ဆောင်ရွက်ရမည်။

**အခန်း (၁၄)**

**အထွေထွေ**

၃၈။ တရားရုံး၊ ဥပဒေရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကျဉ်းဦးစီးဌာနနှင့် တရားစွဲအဖွဲ့အစည်းများသည် ဥပဒေဆိုင်ရာအထောက်အကူ တောင်းခံခွင့်ရှိသူများအတွက် ဥပဒေဆိုင်ရာအထောက်အကူရရှိရန် သက်ဆိုင်ရာ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၃၉။ ဥပဒေဆိုင်ရာအထောက်အကူပေးသူများသည် မိမိကိုယ်ကျိုးအတွက် ဆောင်ရွက်ခြင်း၊ လုပ်ငန်းဆိုင်ရာ စည်းကမ်းဖောက်ဖျက်ခြင်းနှင့် တရားနည်းလမ်းတကျ ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို မဆောင်ရွက်ခြင်းများ ပေါ်ပေါက်လျှင် သတ်မှတ်ချက်များနှင့်အညီ စုံစမ်းစစ်ဆေးအရေးယူခြင်းခံရမည်။

၄၀။ ပြည်ထောင်စုတရားသူကြီးချုပ်သည် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်အတွက် လိုအပ်သည့်ဝန်ထမ်းအဖွဲ့အစည်းအသီးသီးကို ဝန်ထမ်းဖွဲ့စည်းပုံရေးဆွဲတင်ပြ၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

**စာမျက်နှာ ၁၆ သို့ ✻**

# အထူးကုန်စည်ခွန်ဥပဒေပြဋ္ဌာန်း

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁။ )**
**၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်**
**( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)
### အမည်၊ အကျိုးသက်ရောက်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **အထူးကုန်စည်ခွန်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေပါပြဋ္ဌာန်းချက်များသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ နိုင်ငံတော်တစ်ဝန်းလုံးတွင် အကျိုးသက်ရောက်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အခွန်**ဆိုသည်မှာ ဤဥပဒေအရ ပေးဆောင်ရမည့် အထူးကုန်စည်ခွန်ကိုဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေအရ တပ်ရိုက်သည့် ဒဏ်ငွေလည်း ပါဝင်သည်။

(ခ) **အခွန်ထမ်း** ဆိုသည်မှာ ဤဥပဒေအရ အခွန်ပေးဆောင်ရန် တာဝန်ရှိသူကို ဆိုသည်။

(ဂ) **အထူးကုန်စည်** ဆိုသည်မှာ ဤဥပဒေ၏ နောက်ဆက်တွဲဇယားပါ ကုန်စည်များကို ဆိုသည်။

(ဃ) **ထုတ်လုပ်မှု** ဆိုသည်မှာ အထူးကုန်စည်ကို မိမိပိုင်စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနတွင် ဖြစ်စေ၊ အခြားသူအား အပ်နှံ၍ ဖြစ်စေ ထုတ်လုပ်ခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် သဘာဝနည်းဖြင့်ဖြစ်စေ၊ ဖန်တီးပြုပြင်သည့်နည်းဖြင့်ဖြစ်စေ ကုန်စည်များထုတ်လုပ်သည့် လုပ်ငန်းအဆင့်ဆင့်တို့ ပါဝင်သည့်အပြင် အောက်ပါတို့လည်း ပါဝင်သည်-

(၁) အရက်၊ ဘီယာ၊ ဝိုင်အပါအဝင် အဖျော်ယမကာ ထုတ်လုပ်ခြင်းနှင့် သက်ဆိုင်သည့် ကိစ္စ၌ ဝယ်ယူသူ၏တောင်းဆိုချက်အရ ရောစပ်ပြုပြင်ခြင်းမှတစ်ပါး ပေါင်းခံခြင်း၊ သန့်စင်ရန်နှင့် အနံ့အရသာဖြည့်စွက်ရန် ထပ်မံပေါင်းခံခြင်း၊ အချဉ်ဖောက်ခြင်း၊ ပုလင်းသွတ်ခြင်း၊ သောက်သုံးရန် ယမကာအဆင့်အတွက် လိုအပ်သည့်ပစ္စည်းများ ဖြည့်စွက်ခြင်းနှင့် အခြားနည်းပြုပြင်ခြင်း၊

(၂) ဆေးရွက်ကြီးနှင့် သက်ဆိုင်သည့်ကိစ္စ၌ ဆေးရွက်ကြီး အရွက် သို့မဟုတ် ဆေးရွက်ကြီးကုန်ကြမ်းမှ သောက်သုံးရန်၊ ရှူရှိုက်ရန်၊ ဝါးရန် သင့်လျော်သည်အထိ ပြုပြင်ပြောင်းလဲသည့်ဖြစ်စဉ်နှင့် ဆေးရွက်ကြီးမှ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ စီးကရက်နှင့် အလားတူပစ္စည်းများ ပြုလုပ်ခြင်း၊

(၃) အခြားအထူးကုန်စည်များနှင့် သက်ဆိုင်သည့်ကိစ္စ၌ စက်ဖြင့်ဖြစ်စေ၊ လက်ဖြင့်ဖြစ်စေ ထုတ်ယူခြင်း၊ ပြောင်းလဲခြင်း၊ သို့မဟုတ် အရည်အသွေးကိုလည်းကောင်း၊ သဘာဝ၊ အရွယ်အစား၊ ပုံပန်းသဏ္ဌာန်၊ ပေါင်းစပ်ဖွဲ့စည်းမှုကိုလည်းကောင်း ပြောင်းလဲခြင်းနှင့် အစိတ်အပိုင်းတစ်ခု သို့မဟုတ် အစိတ်အပိုင်းများ စုစည်းခြင်း။

(င) **ထုတ်လုပ်သူ** ဆိုသည်မှာ အထူးကုန်စည်များကို မိမိပိုင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနတွင်ဖြစ်စေ၊ အခြားသူအား အပ်နှံ၍ ဖြစ်စေ ထုတ်လုပ်သူကိုဆိုသည်။

(စ) **တင်သွင်းသူ** ဆိုသည်မှာ အခွန်ကျသင့်ရန် သတ်မှတ်ထားသော အထူးကုန်စည်များကို ပြည်ပမှ တင်သွင်းသူကို ဆိုသည်။

(ဆ) **ရောင်းချခြင်း** ဆိုသည်မှာ အထူးကုန်စည်ကို လက်ငင်းစနစ်ဖြင့် ဖြစ်စေ၊ အကြွေးစနစ်ဖြင့် ဖြစ်စေ၊ ဆိုင်းငံ့စနစ်ဖြင့်ဖြစ်စေ၊ ကြိုတင်အရောင်းစနစ်ဖြင့်ဖြစ်စေ ရောင်းချခြင်းကို ဆိုသည်။

(ဇ) **အထူးကုန်စည်ပိုင်ရှင်** ဆိုသည်မှာ အထူးကုန်စည်ကို ပိုင်ဆိုင်ရရှိထားသူကို ဆိုသည်။ ယင်းစကားရပ်တွင် အထူးကုန်စည်၏ ပိုင်ရှင် သို့မဟုတ် ထုတ်လုပ်သူက လွှဲအပ်သည့် အထူးကုန်စည်ကို စီမံခန့်ခွဲဆောင်ရွက်ပိုင်ခွင့်ရှိသော ကိုယ်စားလှယ် သို့မဟုတ် အထူးကုန်စည်နှင့် စပ်လျဉ်း၍ အကျိုးခံစားခွင့်ရှိသူလည်း ပါဝင်သည်။

(ဈ) **ခရီးသွားသူ** ဆိုသည်မှာ ပြည်ပခရီးစဉ်ဆိုင်ရာသွားလာမှုအထောက် အထားများကိုင်ဆောင်ထားသူကို ဆိုသည်။ ယင်းစကားရပ်တွင် တိုက်ရိုက် ခရီးသွားလက်မှတ်ကိုင်ဆောင်၍ ခရီးစဉ်အရ တစ်ထောက်နားခရီးအဖြစ် ရောက်ရှိပြီး အခြားနိုင်ငံတစ်ခုခုသို့ ဆက်လက်ထွက်ခွာမည့်သူလည်း ပါဝင်သည်။

(ည) **ကုန်းပေါ်ရောက်တန်ဖိုး** ဆိုသည်မှာ ပြည်ပမှတင်သွင်းသော အထူးကုန်စည်အတွက် အကောက်ခွန်ဥပဒေအရ သတ်မှတ်သည့် တန်ဖိုး၊ ယင်းကုန်စည်အပေါ် စည်းကြပ်သည့် အကောက်ခွန်နှင့် ကုန်ချစရိတ်တို့ ပေါင်းစပ်ပါဝင်သော ငွေကိုဆိုသည်။

(ဋ) **အခွန်လွတ်အရောင်းဆိုင်** ဆိုသည်မှာ အထူးကုန်စည်များကို ခရီးသွားသူများအား ရောင်းချရန် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်ခွင့်ရရှိထားသည့် အရောင်းဆိုင်ကို ဆိုသည်။

(ဌ) **စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန ရောင်းဈေးတန်ဖိုး** ဆိုသည်မှာ ဤဥပဒေအရ ကျသင့်သည့် အခွန်မပါသော စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန၏ ရောင်းဈေးတန်ဖိုးကိုဆိုသည်။

(ဍ) **ဈေးကွက်ပေါက်ဈေး** ဆိုသည်မှာ ရောင်းသူဝယ်သူတို့အကြား ဈေးနှုန်းထိန်းချုပ်ထားခြင်းမရှိဘဲ ရောင်းလိုအားနှင့် ဝယ်လိုအားတို့က အဆုံးအဖြတ်ပြုသည့် လက်လီရောင်းဈေး သို့မဟုတ် လက်လီရောင်းဈေး သတ်မှတ်နိုင်ခြင်းမရှိသည့် ကိစ္စရပ်များအတွက် သတ်မှတ်ချက်နှင့်အညီ တွက်ချက်ရရှိသည့် ခန့်မှန်းရောင်းဈေးကိုဆိုသည်။

(ဎ) **ကြေညာလွှာ** ဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းက မိမိ၏ ထုတ်လုပ်ပြီးဖြစ်သည့် အထူးကုန်စည်များ ထုတ်လုပ်ရောင်းချခြင်းအတွက် တင်သွင်းသော ပုံစံကိုဆိုသည်။

(ဏ) **စည်းကြပ်ခြင်း** ဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းက ပေးဆောင်ရမည့်အခွန် သတ်မှတ်ခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ အခွန်ထမ်းကိုယ်တိုင်က တွက်ချက်အခွန်ပေးဆောင်ပြီး ကြေညာလွှာတင်သွင်း စည်းကြပ်မှုခံယူခြင်းလည်း ပါဝင်သည်။

(တ) **နှစ်** ဆိုသည်မှာ ဘဏ္ဍာရေးနှစ်ကို ဆိုသည်။

(ထ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဒ) **ဦးစီးဌာန** ဆိုသည်မှာ ပြည်တွင်းအခွန်များဦးစီးဌာနကို ဆိုသည်။

(ဓ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(န) **မြို့နယ်အခွန်ဦးစီးဌာနမှူး** ဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းက ပေးဆောင်ရမည့်အခွန်ကို ကောက်ခံပေးရန် တာဝန်ပေးထားသည့် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၏ တာဝန်ခံအရာရှိကို ဆိုသည်။ ယင်းစကားရပ်တွင် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးတို့၌ အခွန်စည်းကြပ်ကောက်ခံရန် တာဝန်ပေးအပ်ထားသည့် ဦးစီးအရာရှိများလည်းပါဝင်သည်။

### အခန်း(၂)
### အခွန်ကျသင့်စေခြင်းနှင့် အခွန်ပေးဆောင်ရန်တာဝန်ရှိစေခြင်း

၄။ (က) မည်သူမဆိုအောက်ဖော်ပြပါ ဆောင်ရွက်မှုများအတွက် ဤဥပဒေ၏ နောက်ဆက်တွဲ ဇယားတွင် ဖော်ပြထားသည့်အတိုင်း အခွန်ကျသင့်စေရမည်-

(၁) အထူးကုန်စည်ကို ပြည်တွင်းသို့ တင်သွင်းခြင်း၊

(၂) အထူးကုန်စည်ကို ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊

(၃) အထူးကုန်စည်ကို ပြည်ပသို့ တင်ပို့ခြင်း။

(ခ) ဤဥပဒေအရ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များကို လက်ဝယ်ထားရှိသူ သို့မဟုတ် ပိုင်ဆိုင်သူများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဂ) အထူးကုန်စည်များကို တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ထုတ်လုပ်ခြင်း၊ လက်ဝယ်ထားရှိခြင်း ဆောင်ရွက်သူတို့သည် ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည်။

၅။ ပုဒ်မ ၄ အရ အခွန်ကျသင့်သည့် အထူးကုန်စည်နှင့် စပ်လျဉ်း၍-

(က) ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက-

(၁) အထူးကုန်စည်ကို တင်သွင်းသူက ပေးဆောင်ရမည်။

(၂) ပုမခွဲငယ်(၁)အရ ပေးဆောင်ရမည့်အခွန်ကို အကောက်ခွန် ကောက်ခံသည့် နည်းလမ်းများအတိုင်း အကောက်ခွန်ဦးစီးဌာနက အကောက်ခွန်နှင့်အတူ ကောက်ခံပေးရမည်။

(ခ) ပြည်တွင်း၌ ထုတ်လုပ်ခြင်းဖြစ်ပါက ယင်းအထူးကုန်စည်ကို ထုတ်လုပ်သူက ပေးဆောင်ရမည်။

(ဂ) ပြည်ပသို့ တင်ပို့ခြင်းဖြစ်ပါက ယင်းအထူးကုန်စည်ကို တင်ပို့သူက ပေးဆောင်ရမည်။

၆။ (က) မည်သည့်နှစ်အတွက်မဆို ဘဏ္ဍာနှစ်အလိုက်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏အခွန် အကောက်ဥပဒေဖြင့်-

(၁) ဤဥပဒေ၏ နောက်ဆက်တွဲဇယားပါ ဖော်ပြချက်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းပြုနိုင်သည်။

(၂) ဤဥပဒေ၏ နောက်ဆက်တွဲဇယားပါ အခွန်ကျသင့်သော အထူးကုန်စည်များအတွက် တန်ဖိုး၊ ပမာဏ၊ အလေးချိန် သို့မဟုတ် အခြားတိုင်းတာမှု တစ်ခုခုအပေါ် အခြေပြု၍ တွက်ချက်ရမည့် အခွန်နှုန်းများကို သတ်မှတ်ရမည်။

(၃) ပြည်ပသို့တင်ပို့မှုအပေါ် အခွန်ကျသင့်မည့် အထူးကုန်စည်နှင့် အခွန်နှုန်းများကို သတ်မှတ်ရမည်။

( ခ ) အခွန်ပေးဆောင်ခြင်း မရှိသေးသော ပြည်တွင်း၌ ထုတ်လုပ်သည့် အထူးကုန်စည် သို့မဟုတ် ပိုင်ဆိုင်ထားသည့် အထူးကုန်စည်များနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ ရောင်းဈေးတန်ဖိုး သတ်မှတ်နိုင်ရန်အလို့ငှာ သက်ဆိုင်ရာ အခွန်ထမ်းက လိုအပ်သည့် သတင်းအချက်အလက်များကို မြို့နယ်အခွန်ဦးစီးဌာနမှူးထံ ပေးပို့ရမည်။ မြို့နယ်အခွန်ဦးစီးဌာနမှူးကလည်း ထိုသတင်းအချက်အလက်များကို တောင်းယူရမည်။

၇။ (က) ပုဒ်မ ၄ အရ အခွန်ကျသင့်သော အထူးကုန်စည်များအတွက် အောက်ဖော်ပြပါနေ့ရှိ ကုန်စည်တန်ဖိုး၊ ပမာဏ၊ အလေးချိန် သို့မဟုတ် အခြားတိုင်းတာမှု တစ်ခုခုအပေါ် အခြေပြု သတ်မှတ်ထားသည့် အခွန်နှုန်းဖြင့် တွက်ချက်ရမည်-

(၁) ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက ထိုအထူးကုန်စည်ကို အကောက်ခွန်ဆိုင်ရာ ရှင်းလင်းဆောင်ရွက်သည့်နေ့၊

(၂) ပြည်တွင်း၌ ထုတ်လုပ်ခြင်းဖြစ်ပါက အထူးကုန်စည် ထုတ်လုပ်သည့်နေ့၊

(၃) ဤဥပဒေအရ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များကို ပိုင်ဆိုင်ထားသောကိစ္စရပ်တွင် စစ်ဆေးတွေ့ရှိသည့်နေ့။

(ခ) အထူးကုန်စည် ရောင်းဈေးတန်ဖိုး တွက်ချက်ရာတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ပြည်တွင်း၌ထုတ်လုပ်သည့် အထူးကုန်စည် သို့မဟုတ် ကုန်စည်ပိုင်ရှင်ထံတွင် စိစစ်တွေ့ရှိသည့် ဤဥပဒေအရ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ဖြစ်ပါက သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီအဖွဲ့က သတ်မှတ်အတည်ပြုထားသည့် ဈေးကွက်ပေါက်ဈေးကို အခြေခံရမည်။

(၂) ပြည်ပမှတင်သွင်းသည့် အထူးကုန်စည်ဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ် အခြေခံရမည်။

၈။ (က) မည်သူမဆို ဤဥပဒေအရ ကျသင့်သည့်အခွန်ကို အောက်ပါအတိုင်းပေးဆောင်ရမည်-

(၁) အထူးကုန်စည်ကို ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက ကုန်စည်ကို ရွေးယူခြင်းမပြုမီ ပေးဆောင်ရမည်။

(၂) ပြည်တွင်း၌ ထုတ်လုပ်ခြင်းဖြစ်ပါက အထူးကုန်စည်ကို ရောင်းချသည့်လ၏ လကုန်ဆုံးပြီး ၁၀ ရက်အတွင်း ပေးဆောင်ရမည်။

(၃) ဤဥပဒေအရ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များကို ကုန်စည်ပိုင်ရှင်ထံတွင် စိစစ်တွေ့ရှိရခြင်းဖြစ်ပါက စိစစ်တွေ့ရှိသည့်နေ့မှ ခုနစ်ရက်အတွင်း ပေးဆောင်ရမည်။

(ခ) ပုဒ်မခွဲ(က)ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ခက်ခဲသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

---

**✻ စာမျက်နှာ ၁၅ မှ**

၄၁။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့တွင် ဤဥပဒေနှင့်အညီ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းတာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သူကို ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၄၂။ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်က ဤဥပဒေအရ လိုအပ်သောအကူအညီများ တောင်းခံလာလျှင် အကူအညီပေးရမည်။

၄၃။ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များ၊ အမျိုးသမီးနှင့်မသန်စွမ်းသူများ၏ အခွင့်အရေးနှင့်စပ်လျဉ်း၍ လိုအပ်လျှင်စာချွန်တော်အမိန့်လျှောက်ထားရာ၌ အကူအညီပေးရမည်။

၄၄။ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်၏ လုပ်ငန်းများကို စိစစ်သုံးသပ်နိုင်ရန် ယင်းတို့ထံမှ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာများကို တောင်းယူနိုင်သည်။

၄၅။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် ဥပဒေအထောက်အကူပေးရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့ထံ ခြောက်လတစ်ကြိမ်တင်ပြရမည်။

၄၆။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်သည် အစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ကျင်းပရမည်။

၄၇။ မိမိတို့ အစီအစဉ်ဖြင့် ဥပဒေအကူအညီပေးရေးလုပ်ငန်း လုပ်ဆောင်နေသောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များသည် ဤဥပဒေနှင့်သက်ဆိုင်ခြင်းမရှိစေရ။

၄၈။ ဤဥပဒေပါ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နည်းဥပဒေများ၊ စည်းမျဉ်းများနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

*သတင်းစာဆရာ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်၏ ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်ကို စာဖတ်ပရိသတ်များ ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံမှ အပတ်စဉ် အခန်းဆက်ဖော်ပြပေးလျက်ရှိသည်။ (ကြေးမုံ)*

# ဝင်းတွေနဲ့တည်ခဲ့သည့်မင်းနေပြည်

နတ်မောက်ထွန်းရှိန်

**ယခင်အပတ်မှအဆက်**

ဥပုသ်တော်ရပ်သည် မန္တလေး၏ မြောက်ပြင်အရပ်ဖြစ်သည်။ မြောက်ပြင်အရပ်သည် ရွှေနန်းတော်၏ မြောက်ဘက်လေးသိန်းတံခါးမှ ထွက်လျှင် ရောက်ရှိသည်ဖြစ်ရာ မြန်မာမင်းလက်ထက် ရွှေနန်းတော်နှင့်ဆက်စပ်လျက် အစုအမှုထမ်းများလည်းရပ်ကွက်အတန်းလိုက်ချထားပေးရာ အရပ်ဖြစ်သည်။ လွန်းကြင်လှေလှော်သားတို့အစုဖြစ်သည်။ လွန်းကြင်(လွန်းကြင်ငှက်)ဖို-မနိမိတ်ယူ၍ ရှေ့ပိုင်းဦးကား၊ ပဲ့ကား၊ အမြီးယှက်လျက်ပြုလုပ်သော လွန်းကြင်လှေကို အစွဲပြု၍ ခေါ်ဝေါ်သည်။ ကြေးသွန်းတန်း၊ သပိတ်တန်းတို့လည်း မြန်မာမင်းလက်ထက် လက်မှုအနုပညာသည်များ နေထိုင်လုပ်ကိုင်ရာအရပ်ဖြစ်သည်။ မြောက်ပြင်သပိတ်(သံသပိတ်)သည် စောင်းတန်းနိဗ္ဗာန်ကုန်သည်များသို့ ပေးသွင်းရာ အခြေခံဖြစ်သည်။

ရှေးယခင်က လုပ်ကိုင်သူပေါများလှပြီး ပန်းပဲတူထုသံ၊ ပေပါပိုင်းဖြတ်သံများဖြင့် စီညံနေသော လက်မှု လုပ်ငန်း အရပ်ဖြစ်သည်။ ယခုတိုင်လည်း ပညာရှင်များ အစဉ်အဆက် နေထိုင်လုပ်ကိုင်ကြသေးသည်။ ခေတ်ကာလပြောင်းရွှေ့လာ၍ မြောက်ပြင်တွင် ရွှေပန်းတိမ်လုပ်ငန်း၊ ရွှေပန်းတိမ်ပညာရှင်များ ထွန်းကားရာအရပ်အဖြစ် ထင်ရှားလာသည်။ ပန်းပဲလုပ်ငန်းမှာလည်း ရိုးရာမပျောက်သေးဘဲ ဥပုသ်တော်ရပ်ကွက်၌ ယနေ့တိုင် လုပ်ကိုင်ကြသေးသည်။ အကွက်အမှတ် (၁၉)တွင် သပိတ်လုပ်ငန်းပညာရှင်များ နေထိုင်လုပ်ကိုင်ကြသည်။ အကွက်(၂၇)ကြေးသွန်းပညာလုပ်ငန်းရှင်များ နေထိုင်ရာအရပ်သည် တောင်ပြင်တမ္ပဝတီကဲ့သို့ များပြားခြင်း မရှိပေ။ မြန်မာမင်းလက်ထက်တော်က နန်းတော်မှ လိုအပ်သည်များကို လုပ်ဆောင်ပေးရသည်။

**မြောက်ပြင်လင်းဇင်းရပ်**

အကွက်အမှတ်(၃၀)လင်းဇင်းရပ်မှာလည်း ရှေးမြန်မာမင်းများလက်ထက်က လင်းဇင်းလှေလှော်သားများ နေထိုင်ရာအရပ်အဖြစ် ထင်ရှားသည်။ လင်းဇင်းလှေမှာ ဦးနိမ့်၊ ပဲမြင့်လုပ်ဆောင်ထားသည့် လှေမျိုးဖြစ်သည်။ မင်းတုန်းမင်းလက်ထက် ပန်းပဲအမှုထမ်းများနှင့် ဆက်လက်နေရာချထားပေးခဲ့သည်။ ရသေ့ကြီးဦးခန္တီ မန္တလေးတောင်သို့ မရောက်မီ ဦးနန္ဒိယကိုယ်တော်လက်ထက် မန္တလေးတောင် ဗျာဒိတ်ပေးဘုရားကြီး ပြန်လည်ထုလုပ်ခဲ့ကြရာ၌ ဤမြောက်ပြင်လင်း ဇင်းရပ်မှ ပန်းပဲအလုပ်သမားများ ပါဝင်ဆောင်ရွက်ခဲ့ကြ၏။

ပန်းပဲဆရာကြီးလည်းဖြစ်သူ မြန်မာဆေးဆရာကြီး ဦးဘေသည် လင်းဇင်းရပ်၌မသိသူရှားလှ၏။ မန္တလေးတောင် မြွေကြီးနှစ်ကောင်ဇာတ်လမ်းမှာ ပန်းပဲဆရာကြီး ဦးဘေတို့လက်ထက် ပေါ်ပေါက်ခဲ့ခြင်းဖြစ်၏။ ရသေ့ကြီးဦးခန္တီသည် မြောက်ပြင်မှ ပန်းပဲဆရာများအား မန္တလေးတောင် သာသနာပြုလုပ်ငန်း၊ အဆောက်အအုံ တည်ဆောက်မှုလုပ်ငန်းများ၌ အများဆုံးခေါ်ယူ အသုံးပြုခဲ့ကြောင်း မှတ်သားရသည်။

**မြင်းတန်းနှင့်မြင်းသမားများဘုရား**

လင်းဇင်းရပ်အနီး မြင်းတန်းမှာလည်း ဥပုသ်တော်ရပ်ကွက်၌ ထင်ရှားသည်။ မြင်းစီးအမှုထမ်းများ နေထိုင်ရာအရပ်ဖြစ်၍ မြင်းတန်းဟုတွင်သည်။ ဘုရင့်လက်ထက်က မြင်းတပ်၊ မြင်းသမားများ အစဉ်အလာမှစ၍ နှောင်းခေတ်ထိ မြင်းသမားများ သားစဉ်မြေးဆက်ထွန်းကားခဲ့သည်။ ယခင်ခေတ်များက မြင်းပြိုင်ကွင်းနှင့်လည်း နီးစပ်သဖြင့် မြင်းစီး ကျွမ်းကျင်သူ၊ မြင်းနှင့် အသက်မွေးဝမ်းကျောင်းပြုသူများ ပေါများသည်။

မြင်းကောင်းများလည်း မြောက်ပြင်မှာ ထွန်းကားသည်။ မြောက်ပြင်လှေတန်း၊ ကြေးသွန်းတန်း၊ မြင်းတန်း၊ လင်း ဇင်းရပ်တို့မှာ ၇လမ်း၊ ၈လမ်းအတွင်းနှင့် ၇၃လမ်းနှင့် ၇၆ လမ်းအတွင်း ရပ်ကွက်အတန်းများဖြစ်သည်။ မြင်းတန်း မြင်းသမားများ၏ ကောင်းမှုအဖြစ် မိဘဈေးအရှေ့ဘက်တွင် ဆုတောင်းပြည့်၊ ဆုတောင်းရ ဘုရားစေတီနှစ်ဆူ ဖူးမြော်တွေ့ရှိနိုင်ကြသည်။ မည်သည့်ခေတ်က တည်ခဲ့သည့် ကျောက်စာ အမှတ်အသား မတွေ့ရှိခဲ့ပေ။ ဆုတောင်း ပြည့်ဘုရား(ပြည်လုံးချမ်းသာဆုတောင်းပြည့်ဘုရား) လိုဏ်ဂူအား ရှင်းလင်းကြရာမှ ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာ ၅ရက်က ညောင်ရမ်းခေတ်လက်ရာ ဉာဏ်တော်သုံးပေရှိ ရုပ်ပွားတော်တစ်ဆူ တွေ့ရှိကြသည်။ သဲကျောက်ဖြင့် ထုလုပ်ထားပြီး ယခုအခါ ပြန်လည်ရွှေချကိုးကွယ်အပူဇော်ခံလျက်ရှိသည်။

၎င်းရပ်ကွက်များနှင့် အနီးစပ်ဆုံး လူသိများသည့် မိဘဈေးမှာ ဖောင်တော်ဦးဘုရား၏ တောင်ဘက်တွင် တည်ရှိသည်။ ဖောင်တော်ဦးဘုရားမှာ ဥပုသ်တော် ရပ်ကွက်အတွင်းရှိ ရှေးဘုရားတစ်ဆူဟု သတ်မှတ်ကြသည်။ မဏိစည်သူမင်း ဖောင်တော်ဆိုက်ကပ်ရာအရပ် တည်သည်ဖြစ်၍ ဖောင်တော်ဦးဘုရားဟု အဆိုရှိသည်။ ပါးစပ်ရာဇဝင်အရ အစဉ်အဆက်မှတ်သားလာကြသည်။ စေတီတော်မှာ ဉာဏ်တော် ၄၅တောင်ထက်မနည်း မြင့်သည်။ အမရပူရခေတ်ထက် မစောသော လက်ရာအဖြစ် ခန့်မှန်းရသည်။ အနောက်မြောက်ထောင့်၌ ကုလားကျောင်းခံလိုဏ်ဂူ တွေ့ရှိရသည်။ ယခုရုပ်ပွားတော်တစ်ဆူ ကိန်းဝပ်စံပယ်လျက်ရှိသည်။ ဆရာတော်ကြီးတစ်ပါး၏ အရိုးအိုးစေတီဟု အဆိုရှိသည်။

ဖောင်တော်ဦးစေတီတော်သည် ၉လမ်းနှင့် ၁၀ လမ်း၊ ၇၄လမ်းနှင့် ၇၅လမ်းကြားတွင် တည်ရှိသည်။ အရှေ့ဘက်တွင် တည်ရှိသည်။ အရှေ့ဘက်တွင် လောကမှန်ကင်း ပဇ္ဇတာရုံကျောင်းတိုက်တော်တည်ရှိသည်။ ယခုလောကမှန်ကင်းရိပ်သာကျောင်းများနှင့် အေးဆေးတိတ်ဆိတ်သည့် သာသနာ့နယ်မြေဖြစ်သည်။ ရတနာပုံ မန္တလေးခေတ်က နှောင်မင်းသားကြီးလှူဒါန်းခဲ့သော မှန်ကင်းကျောင်းတော်ရှိခဲ့ဖူးကြောင်း ရပ်ကွက်သိမီသူအဆင့်ဆင့်ပြောစကား မှတ်သားရသည်။ ကျောင်းတိုက်ကြီး၏ အုတ်ခုံနေရာလောက်သာ ကျန်ရှိခဲ့သည်။ အရှေ့ဘက် မန္တလေးတောင်ခြေ ဂေါက်ကွင်းအနောက်ဘက် ၇၃လမ်းဘေး၌ ယောမင်းကြီးဦးဖိုးလှိုင်၏ ယောမင်းကြီးအုတ်ကျောင်း တည်ရှိသည်။ ဥပုသ်တော် ရပ်ကွက်၌ ထင်ရှားသော သမိုင်းမှတ်တိုင်ကြီးများဖြစ်သည်။

ဤရပ်ကွက်အတွင်း မတ္တရာ-မန္တလေး လမ်း တစ်လျှောက် စီးဆင်းလျက်ရှိသည့် ရေမြောင်းတစ်ခု တွေ့ရမည်ဖြစ်သည်။ တက်မျှောချောင်းဟု အမည်ရှိသည်။ မန္တလေးတောင်ခြေ ကျောက်တော်ကြီးဘုရားကျောင်း ဆင်းတုတော်ကြီးကို စကျင်တောင်မှ တစ်ဆင့် ဧရာဝတီမြစ်အတိုင်း မျှောချသယ်ဆောင်လာပြီး တောင်ခြေအရောက် မြောင်းဖောက် သယ်ဆောင်လာကြသဖြင့် နောင်အခါ ထိုမြောင်းကို တမျှောချောင်းဟု တွင်လာသည်။

**သူရဲတပ်၊ သူရဲဈေး**

နန်းမြို့ရိုး၏ မြောက်ဘက်ရှိ ဥပုသ်တော်ရပ်ကွက်နှင့် အနောက်ဘက်ဆက်စပ်လျက် အမရဋ္ဌာနီအရှေ့စံခေါင်ရပ်ကွက်သည် လူနေစိပ်သော ရပ်ကွက်ကြီးဖြစ်သလို ၁၂လမ်း မြောက်ဘက် တောင်မြောက်ကျယ်ဝန်းသော ရပ်ကွက်ကြီးဖြစ် ၏။ ရှေးအခေါ်အဝေါ်အားဖြင့် အမရပူရဘိုးတော်မင်းတရား လက်ထက်မှစ၍ နိမိတ်ယူခဲ့သော ရပ်ကွက်အမည်တစ်ခုဟု မှတ်ယူရပေမည်။ အမရပူရသည် သေခြင်းကင်းသောမြို့ဟု အဓိပ္ပာယ်ရသည်။ ထို့အတူ အမရဋ္ဌာနီအနောက်စသော ရပ်ကွက်အမည်များသည်လည်း မင်္ဂလာဟူ၍ မင်းတုန်းမင်းလက်ထက် ခေါ်တွင်စေခြင်းဖြစ်၏။

သို့ရာတွင် မူလမန္တလေး စတည်စဉ်က မြောက်ပြင်တွင် ခေါ်ဝေါ်နေရာချထားပေးခဲ့သော ရပ်ကွက်အမည်တချို့ ပျောက်ကွယ်လျက်ရှိ၏။ ထိုရပ်ကွက်များမှာ မြကျွန်းတန်ဆောင်၊ မြနန်းအောင်မြေ၊ မြနန်းစံရာ၊ မြကျွန်းမြေနုစသည့် ရပ်ကွက်များ ဖြစ်ကြ၏။ နန်းဆန်သော အမည်များပင်ဖြစ်၏။ ဤသို့ ပျောက်ကွယ်သွားသော ရပ်ကွက်အမည်နှင့် နေရာတို့ကို ပြောပြနိုင်သူတို့လည်း မရှိသလောက် ရှားပါးသွားပြီဖြစ်၏။ ရပ်ကွက်အမည်များကို ရပ်ကွက်ထဲရှိ သက်ကြီးရွယ်အိုများထံ မေးမြန်းစုံစမ်းရသည်ပင် ပြောပြနိုင်ခြင်း မရှိကြတော့။ အချို့ကား ဤရပ်ကွက်သို့ နောက်မှ ရောက်လာကြသူများဖြစ်၏။ အချို့ကား ကြားဖူးနားဝ ပြောဆိုကြ၏။

မြောက်ပြင်အရိပ်အထွက်ဘုရား တောင်ဘက်မုခ်အနီးရှိ အမရဋ္ဌာနီ အရှေ့စံခေါင်ရပ်ကွက်ရုံးသို့ ရောက်ရှိလေ့လာရာတွင် ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းထွန်းက ရပ်ကွက်တွင် လက်ရှိတည်နေပုံများကို စိတ်ရှည်လက်ရှည် ရှင်းပြသည်။ အမရဋ္ဌာနီအရှေ့ အမရစံခေါင်ရပ်ကွက်ကြီးတွင် အကွက်ပေါင်း ၂၃ ကွက်ရှိသဖြင့် နယ်မြေကျယ်ဝန်းသည်။ အကွက် (၁၇၊၁၈)၊ အကွက်(၁၉/က)တို့သည် အိုးဘိုရပ်ကွက်နှင့် ထိစပ်လျက်ရှိသည်။ (၁၉/က) ရပ်ကွက်သည် သူရဲတပ် ရပ်ကွက်ဖြစ်သည်။ အမှတ်(၂)ရဲစခန်း အနောက်ဘက်အကွက်အတန်းများဖြစ်၏။ ရှေးခေတ်က ဘုရင့်သူရဲကောင်းတပ်များ နေရာချထားပေးခဲ့ရာအရပ် ဖြစ်သည်။ မြောက်ပြင်ရပ်ကွက်များ၌ ထင်ရှားသော ရပ်ကွက်အမည်နှစ်ခုမှာ သူရဲတပ်နှင့် ထားဝယ်ရပ်တို့ဖြစ်ကြ၏။

သူရဲတပ်အရပ်သည် အမရဋ္ဌာနီအရှေ့ကွက်(၁၉၊၂၀)၊ ၇၆ လမ်းအနောက်ဘက်ရပ်ကွက်များကို သတ်မှတ်ခဲ့သည်။ မင်းတုန်းမင်းလက်ထက် ရပ်ကွက်အစု အမှုထမ်းများနေရာချထားရာ၌ စစ်သည်သူရဲကောင်းများ နေထိုင်ရာအရပ် ဖြစ်သည်။ ရွှေနန်းတော်နှင့်လည်း နီးကပ်သောအရပ်များလည်းဖြစ်သည်။ ဘုရင်ထွက်တော်မူရာတွင် မြင်းစီးသူရဲ၊ ခြေလျင်သူရဲတပ်များ ခင်းကျင်းချီတက်ရာ လိုက်ပါကြရသည်။ ၁၂၂၄ ခုနှစ် မင်းတုန်းမင်းတရားကြီး မြို့ရှေ့မင်္ဂလာ ဉယျာဉ်တော်သို့ ထွက်တော်မူရာတွင် ရှေ့ခြောက်တပ်၊ နောက်ခြောက်တပ် အခင်းအကျင်းနှင့် ထွက်တော်မူ၏။ ၎င်း ထွက်တော်မူရာ အင်္ဂလိပ်အရေးပိုင် ဖယ်ယာတို့ ဝင်းတော်မြောက်ဇရပ်က ဖူးမြော်စေ၍ စံနန်းတော်တွင် အတွေ့ ခံရသည်။ ယင်းသို့ ထွက်တော်မူ အခမ်းအနားများတွင် စစ်သည်၊ ရဲမက် ထောင်ချီလျက် ရှေ့ဝင်း၊ နောက်ဝင်း ခင်းကျင်းလိုက်ပါရခြင်းဖြစ်သည်။

သီပေါမင်းလက်ထက်တွင်လည်း ကြည်းတပ်၊ ရေတပ် အခင်းအကျင်းများတွင် သူရဲတပ်များ ပါဝင်ရသည်။ မြောက်ထားဝယ် သေနတ်တိုက် ရနောင်မြို့စား မဟာမင်းလှမင်းထင်စည်သူ ဦးစီးလျက် သူရဲဝန်ကျပင်းမြို့စား မဟာမင်းထင်ပညာသီရိသင်္ခယာတို့မှာ အရှင်နှစ်ပါးအား ထီးဖြူတော်အုပ်မိုး လိုက်ပါကြရသူများဖြစ်ပြီး ထွက်တော်မူ အခင်းအကျင်း၌ ထုံးစံအတိုင်း ရှေ့ခြောက်တပ်၊ နောက်ခြောက်တပ် ပါဝင်ထမ်းရွက်ရသည်။ သူရဲဝန်နေသည့် ဝင်းအိမ်လည်း ရှိခဲ့ဖူးသည်။ သူရဲတပ်ဖွဲ့ တပ်သားများ နေထိုင်ကြသဖြင့်လည်း သူရဲတပ်ဟူ၍ နာမည်ထင်ရှားခဲ့ခြင်းဖြစ်သည်။ မြောက်ပြင်သူရဲဈေးဟူ၍ သူရဲဈေးဘူတာအနီး တည်ရှိခဲ့သော်လည်း ယခု ကွယ်ပျောက်သွားပြီဖြစ်သည်။ သူရဲဈေး အမည်ဖြင့် ဘူတာတစ်ခုသာ ထင်ရှားကျန်ခဲ့သည်။ သူရဲဈေးဟောင်း မြောက်ဘက်အနီး အကွက်အမှတ်(၃၆)တွင် ဆရာစံဘောလုံးကွင်းကို အမှီပြု၍ ဆရာစံဈေး ဖြစ်လာသည်။ မူလသူရဲဈေးမှာ ရွှေဘုံသာဘုရား၏ အနောက်မြောက်ဘက်တွင် ရှိခဲ့သည်။ ရှေးက ထင်ရှားခဲ့သော ဈေးတစ်ဈေး ဖြစ်သည်။

သူရဲတပ်ရပ်တွင် ထူးခြားသောအမှတ်အသားအဖြစ် သူရဲတပ်ဓမ္မာရုံရှိသည်။ ၇၆ လမ်းဘေး အမှတ်(၂) ရဲစခန်း အနောက်ဘက်ဖြစ်သည်။ သူရဲတပ်ရပ်ကွက်ကို အကြောင်းပြု၍ မြောက်ပြင်သူရဲတပ် အရုဏ်တော်ကြီးမှာလည်း မန္တလေးမြို့တွင် မြို့သက်နီးပါးမျှ သက်တမ်းရှည်လှသည့် အရုဏ်တော်အသင်းကြီးဖြစ်၍ မှတ်တမ်းပြုသင့်ကြသည်။ မပျောက်မပျက် ထိန်းသိမ်းသွားသင့်ကြသည်။ မန္တလေးမြို့၏ ရှေးယဉ်ကျေးမှုများမှာ ဤဘာသာရေးအသင်းကြီးများက ထိန်းသိမ်းထားနိုင်ခြင်းပင်ဖြစ်သည်။ ဤအသင်းကြီးများ ဆက်လက်တည်တံ့ရေးအတွက် ရွှေချည်ထိုးအဝတ်အထည် ပစ္စည်းများကအစ ငှားရမ်းခ အပါအဝင် ကုန်ကျမှုများစွာ ရှိလေသည်။ ထို့ကြောင့် အသင်းကြီး ရေရှည်တည်တံ့ရေးအတွက် မြို့သူမြို့သားများ၏ ကူညီမှုများပါများစွာ လိုအပ်နေသေးကြောင်း တွေ့ရသည်။

**ထားဝယ်ရပ်**

မြောက်ပြင်ထားဝယ်ရပ်ဟုခေါ်သည့် ရပ်ကွက်များမှာလည်း ဤအမရဋ္ဌာနီ အရှေ့စံခေါင်အရပ်ထဲပါဝင်သည်။ မြောက်ပြင်ကျုံးလမ်း ၁၂လမ်းနှင့် ၇၇ လမ်းထောင့်တွင် ထားဝယ်ရပ်ကွက် အထိမ်းအမှတ်အဖြစ် မြောက်ပြင်ထားဝယ် ဓမ္မာရုံများ၊ ဇရပ်များဖြစ်ကြ၏။ သို့မဟုတ် ဘုရားစေတီများဖြစ်ကြ၏။ ထားဝယ်ဓမ္မာရုံမှာ နန်းတော်ရှေ့မုန်တိုင်ဇရပ်ကဲ့သို့ စေတနာရှင်များ ပေါ်ပေါက်၍ ထည်ထည်ဝါဝါ ဓမ္မာရုံကြီးဖြစ်နေသည်။ ၁၉၉၃ ခုနှစ်ခန့်က ပြုပြင်မွမ်းမံ တည် ဆောက်ခဲ့သည်။ ဓမ္မနိဗ္ဗန္ဒထားဝယ်ဓမ္မာရုံကို တွေ့မြင်နိုင်ကြသည်။

ထားဝယ်ရပ်မှာလည်း သူရဲတပ်စစ်သည်သူရဲအစု အမှုထမ်းများ နေထိုင်ရာဖြစ်သကဲ့သို့ ဘုရင်၏ စစ်သည်တော်များနေထိုင်ရာ ရပ်ကွက်များဖြစ်ခဲ့သည်။ မင်းတုန်းမင်းလက်ထက်က စစ်တန်းလျားများပင် ဖြစ်သည်။ စစ်တန်းလျား ခြောက်လိုင်းမျှတည်ရှိခဲ့ပြီး အရပ်သားအိမ်များ မရှိသေးပေ။ နောင်မှ အရပ်သားများ နေရာချထားပေးခြင်းဖြစ်သည်။ အရပ်သားများမှာလည်း လက်မှုပညာ၊ ပန်းပဲအတတ်၊ ပန်းတိမ်အတတ်ပညာသည်များ ပါဝင်သည်။ ထားဝယ်စစ်သည်အမှုထမ်းများသည် ဆေးရုံကြီးတောင်ဘက်၌လည်း စစ်တန်းလျားအဖြစ် နေထိုင်ကြသည်။ တောင်ထားဝယ်စုဟူ၍ ခေါ်ဝေါ်ခဲ့သည်။

ထားဝယ်ဆိုသည်မှာ တနင်္သာရီ ရေး မြိတ်၊ ထားဝယ်က စစ်သည်အမှုထမ်းအများဆုံးဖြင့် ပါဝင်ဖွဲ့စည်းထားခြင်းကြောင့် ထားဝယ်ရာထူး အမည်စွဲဖြင့် ခေါ်ဝေါ်ခြင်းဖြစ်သည်။ နန်းတော်များတွင် တောင်ထားဝယ်ဆောင်၊ မြောက်ထားဝယ်ဆောင်ဟူ၍ အဆောင်နှစ်ဆောင်ရှိသည်။ ထားဝယ်ဆောင်ခေါ်သည်မှာ ဟံသာဝတီ ဆင်ဖြူရှင်လက်ထက် ထားဝယ်မြို့ပါ သူရဲကောင်းသားမျိုးတို့ကို ရွေးချယ်ပြီးလျှင် ထိုအဆောင်နှစ်ဆောင်မှာလည်း ထားဝယ်(ဒဝယ်)ကို ဆိုလိုသည်။ ရေခွေးတည်ရာ အဆောင်ကို ဆိုလိုခြင်းဖြစ်သည်။ ထားဝယ်ဆောင်မှာလည်း နှစ်ထပ်လည်ပေါ်နှင့် ဖြစ်သည်။ ထားဝယ်ဆောင်သည် အမရပူနန်းတော်၊ မန္တလေး နန်းတော်တို့တွင်လည်း ပါမြဲဖြစ်သည်။ တောင်ထားဝယ်ဆောင်ကို ရွှေတိုက်ဟူ၍ ထင်မှတ်မှားကြသည်လည်း ရှိသည်ဟု ရွှေဘုံနိဒါန်းကဆိုသည်။

စင်စစ်ထားဝယ်အမှုထမ်းများသည် ကိုယ်ရံတော်အမှုထမ်းများ ဖြစ်ကြ၏။ ဗဒုံမင်း(ဘိုးတော်)လက်ထက်တွင် တောင်ထားဝယ်ဆောင်တွင် အိပ်ဖန်တက်နေထမ်းရွက်သူများကို တောင်ထားဝယ်အမှုထမ်းဖွဲ့တော်မူသည်။ ဗဒုံမင်းသည် တောင်ထားဝယ်အမှုထမ်းများကို ရွေးကောက်၍ အမှုထမ်းများဖွဲ့ကာ လက်ယာဘက်လက်ဖမိုးတွင် ခြင်္သေ့ရုပ် ထိုးနှံစေသည်။ မြောက်ထားဝယ်အမှုထမ်းများနည်းတူ ရွှေဖဝါးတော်အောက်သို့ အိမ်ထောင်စုံ ထမ်းရွက်ရသည်။ တောင်ထားဝယ်အမှုထမ်း ၆၇၅ တို့မှာ တစ်လလျှင် လစာတော် (၇၇၃၀)ကျပ် သနားတော်မြတ်ခံရသည်။ ရတနာပုံ ခေတ်တွင် အိမ်ထောင်စုံတက်၍ ရွှေဖဝါးတော်အောက်တွင် အမြဲနေထိုင်အမှုထမ်းရသည်။ မြောက်ထားဝယ်အမှုထမ်း (၆၈၅)တို့မှာ တစ်လလျှင် လစာငွေတော် (၇၈၄၀)ကျပ် အသနားတော်မြတ်ခံရသည်။ မြောက်ပြင်ထားဝယ်ရပ် နေထိုင်ကြသော အမှုထမ်းများကား ရတနာပုံခေတ်တွင် အင်အားမသေးလှကြောင်း တွေ့ရမည်ဖြစ်သည်။

> **သီပေါမင်းလက်ထက်တွင်လည်း ကြည်းတပ်၊ ရေတပ် အခင်းအကျင်းများတွင် သူရဲတပ်များ ပါဝင်ရသည်။ မြောက်ထားဝယ် သေနတ်တိုက် ရနောင်မြို့စား မဟာမင်းလှမင်းထင်စည်သူ ဦးစီးလျက် သူရဲဝန်ကျပင်းမြို့စားမဟာမင်းထင်ပညာသီရိသင်္ခယာတို့မှာအရှင်နှစ်ပါးအားထီးဖြူတော်အုပ်မိုး လိုက်ပါကြရသူများဖြစ်ပြီး ထွက်တော်မူ အခင်းအကျင်း၌ ထုံးစံအတိုင်း ရှေ့ခြောက်တပ်၊ နောက်ခြောက်တပ်ပါဝင်ထမ်းရွက်ရသည်။**

ဆက်လက်ဖော်ပြပါမည်။

**[ဆရာနတ်မောက်ထွန်းရှိန်၏ (၂၀၀၁ ခုနှစ် အမျိုးသားစာပေဆု-သုတပဒေသာဝိဇ္ဇာ) ဝင်းတွေနဲ့ တည်ခဲ့သည့် မင်းနေပြည် စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။]**

# စစ်ကိုင်းဘုရားပွဲမှ ထူးခြားသောဘဲဥထုပွဲ အစဉ်အလာမပျက် ဆက်လက်ကျင်းပနေ

**စစ်ကိုင်း ဇန်နဝါရီ ၂၁**

စစ်ကိုင်းမြို့ ဓမြဝတီရပ် ဧရာဝတီမြစ်ကမ်းနဖူးတွင်တည်ရှိသော ဇိနမာရ်အောင်လောကချမ်းသာကြေးဘုရားကြီး၏ ဘုရားပွဲရောက်ပြီဆိုပါက ထူးခြားစွာဘဲဥထုပွဲကျင်းပခဲ့ပြီး ယင်းပွဲတော်အား ယနေ့တိုင်အစဉ်အလာမပျက် ဆက်လက်ကျင်းပနေကြောင်း သိရသည်။

ဇိနမာရ်အောင် လောကချမ်းသာကြေးဘုရားကို မင်းကျောင်းကြေးဘုရားကြီးဟုလည်း ခေါ်တွင်ပြီး မင်းကျောင်းကြီးကို စဉ့်ကူးမင်း၏ ငယ်ကျွန်ဖြစ်သော ငွေခွန်ဝန်မင်းကဆောင်လုပ်ခဲ့ကာ သက္ကရာဇ် ၁၁၄၃ ခုနှစ် တပိုတွဲလပြည့်ကျော် ၂ ရက်တွင် စဉ့်ကူးမင်းကရေစက်ချ လှူဒါန်းခဲ့သည်။

ကြေးဘုရားတွင် ထူးခြားသောကြေးဆင်းတုရုပ်ပွားတော်တစ်ဆူ တည်ရှိပြီးရုပ်ပွားတော်သွန်းလောင်းရာတွင် ကြေးပိဿာချိန် ၇၀၀၊ ငွေပိဿာချိန် ၃ ပိဿာ၊ ရွှေ ၃၀ ကျပ်သားဖြင့် သွန်းလုပ်ခဲ့သည်။

ဘွဲ့တော်ကို ဇိနမာန်အောင် လောကချမ်းသာဟု သမုတ်ခဲ့ပြီး ဘုရားပွဲကို တပိုတွဲလပြည့်နေ့တွင် နှစ်စဉ်ကျင်းပကာ မြန်မာတစ်နိုင်ငံ လုံးတွင် ထူးခြားသောဘဲဥထုပွဲ ကျင်းပသည့်ဘုရားပွဲပင်ဖြစ်သည်။

ဘဲဥထုပွဲ ပေါ်ပေါက်လာရခြင်း ဇာတ်ကြောင်းမှာ စိတ်ဝင်စားဖွယ်ရာဖြစ်ပြီး ဘဲဥထုပွဲပြုလုပ်ပုံမှာ ပျော်စရာပင်ဖြစ်ကာ စစ်ကိုင်းမြို့ ဓမြဝတီရပ်သည် ရှေးအခါက ဥဒေါင်းရွာ၊ ထိုမှတစ်ဖန် အစေခံရွာ၊ ထို့နောက်တွင် အစီခံရွာအဖြစ်ခေါ်တွင်ရာမှ နောက်ဆုံးတွင် ဓမြဝတီအဖြစ်ခေါ်တွင်ခဲ့သည်။

အစေခံရွာဟုခေါ်တွင်ခဲ့သော ဓမြဝတီရွာသည် ရှေးယခင်က ဘုရင့်ရေတပ်မတော်တည်ရှိရာနေရာပင်ဖြစ်ပြီး ယခုတည်ရှိနေသော စစ်ကိုင်းပညာရေးကောလိပ်မှ ကြေးဘုရားအထိ ဧရာဝတီမြစ်ရိုးတစ်လျှောက်တွင် လှေဦးထိပ်၌ အောင်လံများလွင့်ထူ၍ အစေခံတောင်လုံး၏ လှေတော်သားများနေထိုင်ကြသည်။ လှေလှော်သားများမှာ ဘုရင်မှ အားထားချီးမြှင့်ခြင်းခံထားသော လှေတော်သားများပင်ဖြစ်သည်။

ကြေးဘုရားပွဲကြီးရောက်သည်နှင့် အစေခံတောင်လုံး အဝေးရောက်ရေတပ်မတော်သားများသည် ရောက်ရာအရပ်မှ ဘုရားပွဲသို့ ပြန်လာကာ ပျော်ပျော်ပါးပါးဆင်နွှဲလေ့ရှိပြီးအေးချမ်းသော ဆောင်းတွင်းကာလတွင် ပွဲဈေးတန်းမုန့်ပဲသရေစာများ ရောင်းချရာတွင် အချမ်းဒဏ်ခံနိုင်ရန်ဆန်ပြုတ်ပူပူများ၊ မုန့်ဟင်းခါးများကို ရောင်းချကြသည်။ ဆန်ပြုတ်၊ မုန့်ဟင်းခါးတို့နှင့် လိုက်ဖက်သောဘဲဥပြုတ်များကိုလည်း လင်ဗန်းဖြင့်တင်ကာ ရောင်းချကြသည်။

ဘုရားပွဲတွင် တစ်ဦးနှင့်တစ်ဦးချစ်ခင်ရင်းနှီးစွာ ဘဲဥထုတမ်းကစားကာ ဘဲဥကွဲသူမှ မကွဲသူကို ဘဲဥပေးတမ်းကစားကြရာမှ ဘဲဥထုပွဲပေါ်ပေါက်လာခဲ့သည်။

ဘဲဥထုပွဲဆိုသည်မှာ ဘဲဥပြုတ်ကို တစ်ဦးမှလက်သီးဆုပ်အတွင်းကိုင်ကာ ဘဲဥထိပ်ကလေးဖော်ထားပေးရပြီး အခြားတစ်ဦးမှလည်း ဘဲဥကို လက်သီးဆုပ်အတွင်းထည့်ကာကိုင်ပြီး ဘဲဥထိပ်အချွန်ချင်းထိ ခတ်ထုနှက်ခြင်းကို ဘဲဥထုသည်ဟုခေါ်ခြင်းဖြစ်သည်။

ထိုသို့ထုရာတွင် ဘဲဥကွဲသူမှ မကွဲသူကိုဘဲဥပေးရပြီး ဘဲဥထုပွဲတွင် ဘဲဥပြုတ်ရောင်းသူမှ ဒိုင်အဖြစ်ပြုလုပ်ပေးလေ့ရှိသည်။ ဘုရားပွဲကာလတွင် ဘဲဥထုသူများဖြင့် စည်ကားပြီး အနည်းဆုံး ဘဲဥ ၁၅၀၀၀ မှ ၂၀၀၀၀ အထိထုကြပြီး မြန်မာတစ်နိုင်ငံလုံးတွင် ထူးခြားသော ဘုရားပွဲအဖြစ် ယနေ့တိုင် ထင်ရှားလျက်ရှိသည်။

**တိမ်တမန်**

# မုံရွာခရိုင်တွင် သကြားပြောင်းဖူးစိုက်သူများ သီးနှံပေါ်ချိန်ဈေးကောင်းရရှိ

**မုံရွာ ဇန်နဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ် ဘုမ္မနိုးကျေးရွာအုပ်စုတွင် သကြားပြောင်းစိုက်ပျိုးသူများ သီးနှံပေါ်ချိန်တွင် ဈေးကောင်းရ၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ယခု ပြောင်းဖူးပေါ်ချိန်တွင် ပြောင်းဖူးဒိုင်သွင်းဈေးမှာ ပြောင်းဖူးတစ်ဖူးလျှင် ကျပ် ၁၀၀ ဝန်းကျင်ခန့်ရရှိသဖြင့် အချိန်တိုစိုက်ပျိုးရသော သကြားပြောင်း စိုက်ပျိုးသူများမှာ အခြားသီးနှံစိုက်ပျိုးခြင်းထက် အကျိုးအမြတ်ရရှိနေကြောင်း ဒေသခံသကြားပြောင်းဖူးစိုက်တောင်သူ ဦးအောင်မောင်းက ပြောသည်။

"ကျွန်တော်တို့ ကျေးရွာအုပ်စုတွေဟာ ချင်းတွင်းမြစ်ကမ်းဘေးတွင် ရှိပါတယ်။ မြစ်ရေကျချိန် ဆောင်းသီးနှံများစိုက်ပျိုးခဲ့တဲ့ ၂၀၁၅ ဩဂုတ်လအတွင်းက စံချိန်တင်မြင့်တက်ခဲ့တဲ့ ချင်းတွင်းမြစ်ရေရဲ့ နုန်းမြေများက အရင်နှစ်များထက် ပိုမိုတင်ကျန်ခဲ့ပါတယ်။

"ဒါကြောင့် အခုစိုက်ပျိုးထားတဲ့ သကြားပြောင်းဖူးခင်းများဟာ အရင်ကထက် အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတဲ့အပြင်အခုလိုဈေးကောင်းရတဲ့အတွက် အလွန်ပျော်ပါတယ်"ဟုရင်းက ဆက်လက်ပြောသည်။

အဆိုပါ သကြားပြောင်းဖူးခင်းများတွင် နွေခရမ်းသီးများပါ သီးညှပ်အဖြစ်စိုက်ပျိုးနိုင်ခြင်းကြောင့် မြေလစ်ဟာမှုနည်းပါး၍ တောင်သူများအနေဖြင့် အဆင်ပြေကြောင်း ယင်းဒေသရှိ စိုက်ပျိုးသူ တောင်သူများက ပြောသည်။

**မင်းမင်း(IPRD)**



# ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးနည်းပညာပေးသင်တန်းဖွင့်လှစ်

**မချမ်းဘော ဇန်နဝါရီ ၂၁**

ဟင်းသီးဟင်းရွက်စိုက်ပျိုးရေး နည်းပညာပေးရက်တိုသင်တန်းကို ကချင်ပြည်နယ် မချမ်းဘောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဇန်နဝါရီ ၁၄ ရက်နှင့် ၁၅ ရက်များတွင် နှစ်ရက်ကြာ ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းသို့ မန်နို(၁)ကျေးရွာနှင့် မန်နို(၂)ကျေးရွာတို့မှ ဒေသခံပြည်သူ ၄၅ ဦး တက်ရောက်ကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးနန်းခေါ့ယောဟန်နှင့် ဝန်ထမ်းများက မြေထယ်ရေးလှန်ခြင်း၊ ဟင်းသီးဟင်းရွက်ပင်များအား စနစ်တကျမြေဩဇာကျွေးခြင်း၊ သဘာဝမြေဩဇာ (ဒိုချက်ကင်) ပြုလုပ်ခြင်း၊ မီးဖိုဆောင်သုံး စားသောက်ကုန်ပစ္စည်းများဖြင့် ပိုးမွှားအန္တရာယ်ကာကွယ်ခြင်း၊ ကြွက်သတ်ဆေး၊ ပိုးသတ်ဆေး စနစ်တကျ အသုံးပြုခြင်းများနှင့်စပ်လျဉ်း၍ စာတွေ့လက်တွေ့ ပို့ချသင်ကြားပေးခဲ့ကြောင်း သိရသည်။

**ဝင်းအောင်**

# ကျိုင်းတုံမြို့ မြို့မဈေးကြီးအတွင်း မီးဘေးလုံခြုံရေး ကြည့်ရှုစစ်ဆေး

**ကျိုင်းတုံ ဇန်နဝါရီ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် ပွင့်လင်းရာသီကာလ မီးဘေးလုံခြုံရေးအတွက် ကျိုင်းတုံမြို့ စည်ပင်သာယာရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ ဇန်နဝါရီ ၁၉ ရက် မွန်းလွဲ ၁ နာရီ၌ မြို့မဈေးကြီး အတွင်း မီးဘေးလုံခြုံရေး ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကြည့်ရှုစစ်ဆေးဆောင်ရွက်မှုတွင် ကျိုင်းတုံမြို့ စည်ပင်သာယာရေးအဖွဲ့အလုပ်အမှုဆောင်အရာရှိ ဦးကျော်လှနှင့် ဝန်ထမ်းများ၊ မြို့နယ် မီးသတ်ဦးစီးမှူး ဦးမျိုးဇင်ဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များတို့က ဈေးသူ၊ ဈေးသားများအား မီးဘေးလုံခြုံရေး၊ ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောခြင်းများကို ပူးပေါင်းဆောင်ရွက်ကြကြောင်းသိရသည်။

**ခိုင်ဇာ(ယောမြေ)**



ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ်မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်မှုသရုပ်ပြပွဲကို ရွှေတောင်မြို့မဈေးကြီးအတွင်းတွင် ဇန်နဝါရီ၁၄ရက် ညနေ၃ နာရီကပြသကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသက်ဇော်ဦး၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးထက်ဇော်လင်း၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးဟန်ရှိန်တို့က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ- (၁၄၃)

# မောက်မယ် – မိုးနဲ ကတ္တရာလမ်းခင်းကျင်းခြင်းလုပ်ငန်းများပြီးစီး

**မောက်မယ် ဇန်နဝါရီ ၂၁**

ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့နယ်အတွင်း ဇန်နဝါရီ ၁၈ ရက်က လင်းခေးခရိုင်လမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲလင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုး၊ မြို့နယ်အင်ဂျင်နီယာ၊ ဦးစီးအရာရှိ(မြို့ပြ) ဦးဝေဖြိုးလင်းတို့နှင့်အတူ မောက်မယ်-မိုးနဲ ကတ္တရာလမ်းခင်းကျင်းခြင်းလုပ်ငန်းများ ပြီးစီးမှုအခြေအနေ၊ ဟိုလ္လိုင်တံတားပြန်လည်မွမ်းမံပြင်ဆင်မှုအပြင် မိုက်ညုကျေးရွာ စာကြည့်တိုက်ဆောက်လုပ်ပြီးစီးမှု၊ မီးရရှိရေးနှင့် ရေရရှိရေးတို့အား ကွင်းဆင်းစစ်ဆေး ကြည့်ရှုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မောက်မယ်မြို့နယ် ဒေသခံတစ်ဦးက "ကျွန်တော်တို့ မောက်မယ်ဒေသက ကားလမ်းဆုံးမြို့လည်းဖြစ်တယ်၊ လိုင်းကားလည်းမရှိသေးဘူး၊ အရင်က လမ်းပန်းဆက်သွယ်ရေး မကောင်းခဲ့ဘူး။ ဆက်သွယ်ရေး အခက်အခဲများစွာရှိပါတယ်။ မိုးတွင်းဆို ရွှံ့တွေထူထပ်ပြီး သွားလာရတဲ့အခါ ဘီးကိုချိန်းပတ်ပြီးမှ သွားရပါတယ် ။ အချိန်လည်းပိုကုန်သလို လူလည်းပင်ပန်းပါတယ်။ အခုဆို ကတ္တရာလမ်းခင်းပြီးသွားတော့ သွားလာရတာ အားလုံးအဆင်ပြေနေပါပြီ" ဟု ပြောသည်။

အဆိုပါလမ်းသည် မောက်မယ်မြို့နယ်ရှိ တိုင်းရင်းသား ပြည်သူများအတွက် အဓိကလမ်းမကြီးဖြစ်ပြီး ယခင်ကားဖြင့် သွားပါက သုံးနာရီခွဲ လေးနာရီခန့် မောင်းရသောခရီးအား ယခုအခါ တစ်နာရီနှင့် ခရီးရောက်သဖြင့် နေ့၊ ညမရွေး အချိန်ကုန်သက်သာသွားလာနိုင်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သည်။

ကျေးလက်နေ ပြည်သူများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပြီး လူမှုဘဝ တိုးတက်မြင့်မားစေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အစွမ်းကုန်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**

# ကျွန်းလှမြို့နယ်၌ကျေးရွာချင်းဆက်ကျောက်ချောလမ်းခင်းကျင်း

**ရွှေဘို ဇန်နဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သည် မြို့နယ်ဒုတိယဦးစီးမှူး ဦးပါနှင့် ဝန်ထမ်းများနှင့်အတူ ဇန်နဝါရီ ၁၉ ရက်က ကျေးရွာချင်းဆက်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာချင်းလမ်းများဖြစ်သည့် ကျွန်းလှ-ကြာတကန်-ထန်းပင်ကုန်းကျေးရွာလမ်း အရှည်သုံးမိုင်၊ ကုက္ကိုကုန်း-တောင်ယာဆိပ်ကျေးရွာလမ်း အရှည်သုံးမိုင် ကျောက်ချောလမ်း ခင်းနေခြင်းကိုလည်းကောင်း၊ လယ်လှ-တင်ငုတ်ကြီး-ကုလားကုန်းကျေးရွာ လမ်းအရှည်သုံးမိုင်ခင်းပြီးမှုကို ကြည့်ရှုစစ်ဆေးပြီး ကုမ္ပဏီတာဝန်ခံများနှင့်တွေ့ဆုံ၍ စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီပြီး သတ်မှတ်ကာလအတွင်းအပြီးဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

**မျိုးဝင်းညို (ကျွန်းလှ)**

# ချောက်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**ချောက် ဇန်နဝါရီ ၂၁**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးကြီးမှူး၏ မိုးပွင့်အထူးစီမံချက်အပိုင်း (၂)အရ အ-ထ-က(၄) ကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအားအသက် (၁၀)နှစ်ပြည့်နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဇန်နဝါရီ ၁၉ ရက် မွန်းလွဲ ၁ နာရီကကျင်းပခဲ့သည်။

ယင်းနောက် မကွေးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးဝင်းမြင့်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာန ဦးစီးအရာရှိ ဦးရန်အောင်မြင့်နှင့် ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အ-ထ-က(၄)ကျောင်းရှိ စုစုပေါင်းကျောင်းသား၊ ကျောင်းသူ ၃၁၁ ဦးကို တစ်ဦးချင်းလက်ဝယ် အရောက်ပေးအပ်ခဲ့ပါကြောင်းသိရသည်။

**ဝင်းအိမွန်(ပြန်ဆက်)**

## ကျိုက္ကလော့စေတီတော်၌ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်

**ရန်ကုန် ဇန်နဝါရီ ၂၁**

သမိုင်းဝင်ကျိုက္ကလော့စေတီတော်မြတ်ကြီး၏ (၄၁)ကြိမ်မြောက်အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ဇန်နဝါရီ ၂၀ရက် နံနက် ၉ နာရီခွဲတွင် စေတီတော်ရင်ပြင် အာရုံခံတန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သြဝါဒါစရိယဆရာတော်ဘဒ္ဒန္တ သြဘာသအရှင်သူ မြတ်ထံမှ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်သန်းနှင့်အဖွဲ့ဝင်များ၊ ဝတ်အသင်းသူများ၊ အလှူရှင်များက ငါးပါးသီလခံယူကြပြီး ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ်ပူဇော်ကြသည်။

ပဋ္ဌာန်းပိတ်ပွဲကို ဇန်နဝါရီ ၂၄ ရက် တွင် ကျင်းပမည်ဟုလည်းကောင်း၊ စေတီတော်မြတ်ကြီး၏ (၅၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ပွဲတော်ကို ဇန်နဝါရီ ၂၈ ရက်တွင် ကျင်းပမည်ဟုလည်းကောင်း ပိတ်ပွဲကို ဖေဖော်ဝါရီ ၆ရက် ညနေ ၃ နာရီတွင် ကျင်းပမည်ဖြစ်ပြီး ပင့်သံဃာတော် ၉၁၀၈ ပါးတို့အား ဆွမ်းဆန်စိမ်းများလောင်းလှူပူဇော်ကြမည် ဖြစ်ကြောင်း သိရသည်။

**(ဌေးကြိုင်)**

## နှစ်(၃၀)ဆက်တိုက် ရက်ပျက်မရှိဆရာမအား ဆုချီးမြှင့်

**ရန်ကုန် ဇန်နဝါရီ ၂၁**

နိုင်ငံတော်၏ ပညာရေးအဆင့်အသီးသီးတို့တွင် သင်ယူနေသူများ၏ ဘဝဖွံ့ဖြိုး တိုးတက်အောင် သင်ကြားပေးသော ဆရာ ဆရာမများသည် အဓိကအခန်းကဏ္ဍ မှ ပါဝင်နေသူများဖြစ်သည်။

ဆရာဆိုသည့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများအနက် သင်ဆရာ၏ အလုပ်သည် အပင်ပန်းဆုံးနှင့် အခက်ခဲဆုံးဖြစ်သည်။ ပင်ပန်းခက်ခဲသော်လည်း နှစ်(၃၀)ဆက်တိုက် ခွင့်ရက်မပျက်သော ဆရာမတစ်ဦး ရန်ကုန်တိုင်း ဒေသကြီး မရမ်းကုန်းမြို့နယ် အထက(၃)၌ ပေါ်ထွက်လာခဲ့သည်။

မရမ်းကုန်းမြို့နယ် အထက(၃)၏ ၂၀၁၄-၂၀၁၅ ခုနှစ်ပညာရေးစုံညီပွဲတော် အခမ်းအနားကို ဇန်နဝါရီ ပထမပတ်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှမြိုင် က နှစ်(၃၀)ဆက်တိုက် ခွင့်ရက်မပျက် ကျောင်းတက်မှန်ပြီး စာသင်ကြားပေးသည့် ဆုကိုအလယ်တန်းပြ ဆရာမ ဒေါ်တင်မာဆွေအား ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**




## ဝင်ငွေကောင်းရာသို့သွားရောက်လုပ်ကိုင်မှုရှိသောကြောင့် နွယ်ငြိမ်းရွာတွင် စဉ့်ထည်အတတ်ပညာရှင်များရှားပါးလာ

**ရွှေဘို ဇန်နဝါရီ ၂၁**

ရွှေဘိုမြို့နယ် နွယ်ငြိမ်းကျေးရွာတွင် ၂၀၁၂ ခုနှစ် ငလျင်လှုပ်အပြီးတွင် စဉ့်ထည်လုပ်သူဦးရေ နည်းပါးသွားပြီး စဉ့်ထည်ပညာတတ်သော အတတ်ပညာရှင်များအနေဖြင့် အခြားဒေသ များရှိ ဝင်ငွေကောင်းရာ လုပ်ငန်းများကို သွားရောက်လုပ်ကိုင်မှုများရှိနေသောကြောင့် ရေရှည် တွင် စဉ့်အတတ်ပညာပျောက်ကွယ်သွားမည်ကို စိုးရိမ်နေကြကြောင်း နွယ်ငြိမ်းရွာနေ စဉ့်လုပ်ငန်း ရှင် ဦးတင်က ပြောသည်။



"နွယ်ငြိမ်းရွာမှာ လက်ရှိကြုံတွေ့နေရတာက တော့ စဉ့်အတတ်ပညာရှင်တွေအနေနဲ့ မိသားစု ဝမ်းရေးအတွက်ငွေပိုရတဲ့ အထက်ပိုင်းဒေသကို ပြောင်းပြီး လုပ်ငန်းပြောင်းလုပ်တာတွေများလာ ပါတယ်။အရင်က မုံရွာနယ်က ပညာရှင်တွေ ကိုယ်တိုင် နွယ်ငြိမ်းကိုလာပြီး အလုပ်လုပ်တာရှိ ခဲ့ပေမယ့် အခုချိန်မှာ နွယ်ငြိမ်းက ပညာရှင်တွေ တနယ်တကျေးသွားလုပ်လာတာ ကြုံလာရတော့ နွယ်ငြိမ်း စဉ့်လုပ်ငန်းရဲ့ အလားအလာက မကောင်းပါဘူး။ မြန်မာနိုင်ငံအောက်ပိုင်း ပုသိမ်၊ တွံတေးနဲ့ မုတ္တမတွေမှာ အိုးလုပ်တာတွေရှိပေ မယ့် နွယ်ငြိမ်းလို စဉ့်ထည် အချောလုပ်တာမဟုတ် ဘဲ အကြမ်းထုတ်ကြတာပါ" ဟု နွယ်ငြိမ်းရွာနေ ဦးတင်က ပြောပြသည်။

နွယ်ငြိမ်းရွာတွင် ငလျင်မလှုပ်မီက စဉ့်ဖို ၆၅ ဖိုရှိရာမှ ယခုအခါ စဉ့်ဖို ၅၀ သာလုပ်ကိုင် တော့ပြီး တိုင်းဒေသကြီးအစိုးရမှ ငလျင်ဘေး အတွက် ချေးထားပေးသောငွေများကိုပြန်လည် ပေးဆပ်ရသောကြောင့် ရင်းနှီးငွေမလုံလောက် တော့ပေ။နောက်ထပ်အရင်းအနှီးအတွက်ထပ် ချေးရာတွင် တင်ပြမှုမပြည့်စုံသည့်အတွက်ဟု ဆိုကာ အထပ်ထပ်ကြိုးစားတင်ပြသော်လည်း ချေးငွေမရဖြစ်ကာစဉ့်ထည်ထုတ်လုပ်မှုများစွာ လျော့နည်းလာနေကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## နေကြာစိုက်တောင်သူများ စားသုံးသူအတွက် ဆီကောင်းဆီသန့်ရရှိရန်ကြိုးပမ်း

**မြင်းမူ ဇန်နဝါရီ ၂၁**

မြင်းမူမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးတောင်သူ များ စိုက်ပျိုးသည့် နွေသီးနှံများတွင် ဆီထွက်သီးနှံ ဖြစ်သော နေကြာခင်းများ ဖြစ်ထွန်းအောင်မြင် လျက်ရှိသည်။

တောင်သူများ၏ မြေအသုံးချမှန်ကန်မှု၊ အသုံး ပြုသည့် စိုက်ပျိုးနည်းစနစ်မှန်ကန်မှု၊ မျိုးစေ့မှန် ကန်မှု၊ ရာသီဥတုမှန်ကန်မှုတို့ကြောင့် ဤကဲ့သို့ နေကြာစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင် ကြောင်းကို စိုက်ပျိုးရေးတောင်သူတစ်ဦးက ပြော သည်။

ယခုနှစ်တွင် မြန်မာနိုင်ငံ၌ စားသုံးဆီနှင့် ပတ် သက်၍ မသမာသောနည်းများဖြင့် ရောင်းချ နေကြချိန်တွင် မိမိတို့စိုက်ပျိုးရေးတောင်သူများ အနေဖြင့် ပြည်သူများအတွက် ဆီကောင်းဆီသန့် စားသုံးနိုင်ရေးအတွက် ဆောင်ရွက်ရန် ဆုံးဖြတ် ထားကြောင်း နေကြာနှင့် မြေပဲစိုက်ပျိုးရေး တောင် သူတစ်ဦးကပြောသည်။

**၆၂၄**







### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇-အနောက်၊ မြေကွက်အမှတ်-၆၃၀/က၊မြေကွက် တည်နေရာအမှတ်-၆၃၀/က၊ မြေနီ ၄ လမ်း၊ ၇ အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ၁။ဦးမောင်ရှိန်(PAU-141706)၊ ၂။ဒေါ်စန်းတင် (TKA-007205)အမည်ပေါက် နှစ်(၆၀)ဂရန် မြေအား အမည်ပေါက် ဦးမောင်ရှိန်(PAU-141706)၊ ၂။ ဒေါ်စန်းတင်(TKA-007205) တို့မှ ဂရန်ပျောက်ဆုံးကြောင်း ကိုယ်တိုင်ဝန်ခံချက်၊ ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

စာအုပ်စာပေလှူမိတ်ဆွေ




MPT
ရွှေ့သို့လှမ်းချီ မြန်မာပြည်
MPT SIM Card ကိုဘာကြောင့် SIM Slot 1 မှာထည့်သုံးသင့်တာလဲ ?
ငါလည်း ဆွေသဟာနဲ့တော့ အင်တာနက်သုံးနေတာပဲ ဒါပေမယ့် ထင်သလောက်မမြန်ဘူး... နင်ကျတော့ Video တွေတောင် မထစ်ဘဲ ကြည့်လို့ရတယ်နော်
ဟုတ်လား... နင့်ရဲ့ SIM Card ကို ဘယ်မှာ ထည့်ထားလို့လဲ
ငါက SIM Slot 2 ထဲမှာ ထည့်ထားတယ်လေ
